# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၃၀၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် ၂၀၁၄ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ သောကြာနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံထူထောင်သည့်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁**

၂၀၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွစ်ဇာလန်နိုင်ငံသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီဒီရာ ဘတ်ခ်ဟော်လ်တာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံရေးအကျပ်အတည်းအားလုံးကို ပြည်သူလိုလားချက်အပေါ်ရှေးရှုပြီး မှန်ကန်တဲ့စေတနာနဲ့ဆောင်ရွက်ခဲ့

**၂၀၁၄ ခုနှစ် ဩဂုတ်လတွင်**
**နိုင်ငံတော်သမ္မတ ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**

**မိဘပြည်သူများခင်ဗျာ-**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဇူလိုင်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် ဇူလိုင်လအတွင်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များစုစည်းပြီး ကချင်ပြည်နယ်၊ လိုင်ဇာမှာ ဆွေးနွေးပွဲများဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ကြိုဆိုပြီးတော့ လိုအပ်တဲ့ကူညီဆောင်ရွက်မှုတွေပြုလုပ်ပေးခဲ့ပါတယ်။ တစ်နိုင်ငံလုံး လွှမ်းခြုံတဲ့ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စာချုပ်ချုပ်ဆိုပြီး ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲကြီးကို တက်လှမ်းနိုင်ဖို့နဲ့ ရေရှည်တည်တံ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် လိုအပ်တဲ့ သဘောတူညီချက်တွေရရှိနိုင်ဖို့ ဒီဆွေးနွေးပွဲများကနေ ပိုမိုကောင်းမွန်တဲ့ရလဒ်များ ဆောင်ကြဉ်းလာနိုင်မယ်လို့ ကျွန်တော်တို့ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနဲ့လုပ်ငန်းကော်မတီများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်နေကြပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိနေတဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများဟာ အခက်အခဲများနဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်လွှားရင်းနဲ့ ဒီဖြစ်စဉ်ရှင်သန်ဖို့

*စာမျက်နှာ ၃ ကော်လံ ၁* ✻

> **ပြည်သူလူထုတစ်ရပ်လုံး ကြိုးပမ်းတည်ဆောက်ပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များရဲ့ လမ်းစများ၊ အခွင့်အလမ်းများကို ဆုံးရှုံးမသွားစေဖို့ ဝိုင်းဝန်းကြိုးပမ်းရမယ့် အချိန်ကာလဖြစ်**

# မြန်မာနိုင်ငံတစ်ဝန်းဓာတ်အားခွဲရုံအသစ်များ တည်ဆောက်မည်

သတင်း-အာကာဟိန်း
ဓာတ်ပုံ
စိန်လွင်အောင်(မြန်မာ့အလင်း)

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံတစ်ဝန်း ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ဓာတ်အားခွဲရုံအသစ်များကို တိုးချဲ့ဆောက်လုပ်သွားရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စီစဉ်နေပြီဖြစ်သည်။

ထိုသို့ဓာတ်အားခွဲရုံများ တည်ဆောက်ရာတွင် ဓာတ်အား ၂၃၀ KV၊ ၆၆ KV၊ ၁၁ KV ဓာတ်အားခွဲရုံသစ်များကို တောင်ကြီး၊ မြဝတီနှင့် ကလေးမြို့များတွင် တည်ဆောက်သွားရန်စီစဉ်လျက်ရှိသည်။

တစ်ဖန်ဓာတ်အား ၂၃၀ KV ဓာတ်အားခွဲရုံတိုးချဲ့တည်ဆောက်မှုကို သာကေတနှင့် ဥသျှစ်ပင်တို့၌ တည်ဆောက်ရန်စီစဉ်နေပြီး အခြားဓာတ်အားခွဲရုံများဖြစ်သည့် ၆၆ /၁၁ KVနှင့် ၆၆/၃၃ ကေဗွီစက်ရုံများကို ကွတ်ခိုင်၊ သိုင်းငင်း၊ ဖလမ်း၊ ကော့ကရိတ်၊ *စာမျက်နှာ ၉ ကော်လံ ၇* ❀



သာကေတ ၂၃၀KV ဓာတ်အားခွဲရုံတိုးချဲ့တည်ဆောက်မှုကို တွေ့ရစဉ်။

## ယနေ့ မာတိကာ


**လစ်ဗျား၌ ပြိုင်ဘက်စစ်အုပ်စုများအကြား ယာယီအပစ်အခတ်ရပ်စဲ** — စာမျက်နှာ ၄

**ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း** — စာမျက်နှာ ၅

**လီဗာပူးက မန်စီးတီးကို အနိုင်ကစား** — စာမျက်နှာ ၁၄


## တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် ဖွဲ့စည်းတည်ထောင် လုပ်ကိုင်ခြင်းနှင့်သက်ဆိုင်သော စည်းမျဉ်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ စီးပွားရေးကို တိုးမြှင့်ရန်နှင့် ယင်းဒေသအတွင်းနေထိုင်သော တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးရန်အတွက် လိုအပ်သောငွေရေးကြေးရေးနှင့် ငွေကြေးဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန်ရည်ရွယ်လျက် တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ် ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သောစည်းမျဉ်းကို ၃၀-၇-၂၀၁၄ ရက်တွင် ထုတ်ပြန်လိုက်သည်။

စည်းမျဉ်းအပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm.gov.mm)တွင် လေ့လာဖတ်ရှုနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရွေ့လျားကျန်းမာရေးဆေးခန်း

"အာရောဂျံပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဖြစ်ပါသည်။ ကျန်းမာရေးကောင်းမွန်ပြည့်စုံမှသာ လုပ်ငန်းဆောင်တာအဖြာဖြာကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီး လိုရာပြီးမြောက် ခရီးပေါက်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာခြင်းသည် လူတိုင်းလူတိုင်းအတွက် အရေးကြီးသောကိစ္စပင် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လူတိုင်းကျန်းမာသန်စွမ်းပြီး အသက်ရှည်စွာနေထိုင်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကို အသိပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းစသည့် အဘက်ဘက်မှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။ ဆေးရုံဆေးခန်းများ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ အလုံအလောက်ဖြည့်ဆည်းပေးခြင်း၊ ဆရာဝန်၊ သူနာပြုများ တိုးချဲ့ခန့်ထားပေးခြင်းစသည်ဖြင့် ကျန်းမာရေးကဏ္ဍတိုးတက်လာအောင် ဖြည့်ဆည်းပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ပြည့်နှစ်မှစ၍ နေပြည်တော်ကောင် စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြုရွေ့လျားကျန်းမာရေးဆေးခန်းကိုဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ်ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။

ဤရွေ့လျားကျန်းမာရေး ဆေးခန်းအစီအစဉ်သည် ကျေးလက်ဒေသများ၊ နယ်စပ်ဒေသများနှင့်ဆေးရုံ ဆေးခန်းနှင့်ဝေးသော အရပ်ဒေသများအတွက် များစွာအကျိုးရှိစေသည့် ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ နေပြည်တော်မှာကဲ့သို့ပင် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွေ့လျားကျန်းမာရေးဆေးခန်းများ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါသည်။

ယခုအခါ ကျေးလက်ဒေသများ၌ ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ အဆိုပါဖွင့်လှစ်မှုများ ပြုလုပ်မှုအပြင် ယခုကဲ့သို့ ရွေ့လျားကျန်းမာရေးဆေးခန်းပုံစံများဖြင့် ကျေးရွာများအရောက် လှည့်လည်ကုသပေးသောလုပ်ငန်းများသည်လည်း ကျေးလက်ပြည်သူများအတွက် ထိရောက်သော အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ကျေးလက်ဒေသနေ ပြည်သူအများစုသည် ကျန်းမာရေးနှင့်ပတ်သက်သော ဗဟုသုတနည်းပါးကြသည်။ ကျန်းမာရေးဗဟုသုတများ ဟောပြောခြင်း၊ မျက်စိနှင့်သွားခံတွင်း ကျန်းမာရေးမကောင်းသူများကို မျက်မှန်များ စမ်းသပ်တပ်ဆင်ပေးခြင်း၊ သွားရောဂါများကုသပေးခြင်း အစရှိသဖြင့် အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် ကျေးလက်ဒေသနေပြည်သူများ၏ ကျန်းမာရေးသည် ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်ပိုင်းက အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ၎င်းတို့တတ်စွမ်းသမျှပိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ကြမည်ဆိုလျှင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်နှင့်အတူ ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီက ဝက်လက်-ရွှေဘို၊ မုံးဘောင် လမ်းတစ်လျှောက်ရှိ တစ်ပိုင်တစ်နိုင် မွေးမြူရေးခြံများနှင့် ကောင်ရေ ၇၀၀၀ ခန့် မွေးမြူထားရှိသည့် ဒေသမျိုးဥစားဘဲ မွေးမြူရေးခြံများကို ကြည့်ရှုပြီး မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် ဥစားဘဲ မွေးမြူရေးအပြင် ဥဖောက်စက်ဖြင့် အကောင်ဖောက်ပြီး ဖြန့်ဖြူးရေးလုပ်ငန်း၊ စပါး၊ ငါး စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ထို့နောက် ဝက်လက်မြို့နယ် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဟန်လင်းဒေသသို့ ရောက်ရှိပြီး ဟန်လင်းရှေးဟောင်း သုတေသနပြတိုက်ရှိ ပျူခေတ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အသုံးအဆောင်ပစ္စည်းများအား ကြည့်ရှုလေ့လာသည်။ ယင်းနောက် ဟန်လင်းရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ အုတ်ကုန်းအမှတ်(၂၆) ပျူခေတ် သင်္ချိုင်းနေရာ၊ အုတ်ကုန်းအမှတ်(၁၇)နန်းတော်ရာ တောင်ဘက်မြို့ဝင်ပေါက် အုတ်ကုန်းအမှတ်(၂၂) ပျူခေတ် ဓလေ့ထုံးတမ်းဆိုင်ရာ အထိမ်းအမှတ် အဆောက်အအုံနှင့် လမ်းဖောက်လုပ်မည့် နေရာများ၊ အသင့်အသုံးပြုနိုင်သော သဘာဝရေပူစိမ့်ထွက်ကန်များကို လှည့်လည်ကြည့်ရှုလေ့လာပြီး ရှေးခေတ်ပျူလူမျိုးများသည် သောက်သုံးရေနှင့် လယ်ယာစိုက်ပျိုးမြေများရှိပြီး ဒေသဆားထွက်ရှိသည့် ဟန်လင်းဒေသတွင် ပျူမြို့တော်ကြီးကို ထူထောင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဒေသခံကျေးရွာပြည်သူများအနေဖြင့် မိမိတို့ ပျူခေတ် ဟန်လင်းရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားခြင်းဖြင့် မိမိတို့၏ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့နိုင်ငံများမှ သိရှိပြီး လာရောက်လေ့လာကြမည်ဖြစ်သည့်အတွက် ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း ဆားချက်လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုဆိုးခြုံရွာမကျေးရွာ ချမ်းသာကြီး၊ ချမ်းသာရမွာရုံ၌ ကျေးရွာ အထောက်အကူပြု ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ကွင်းဆင်းဖြည့်ဆည်းရေးနှင့် ကျေးရွာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံများမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းသင်တန်းကျောင်း၌ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မိမိတို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများပူးပေါင်း၍ သား/ငါးကဏ္ဍဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး CDD စီမံကိန်းများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းများ၊ စံပြကျေးရွာစီမံကိန်းများ၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာပြည်သူလူထုသိရှိဆောင်ရွက်နိုင်ရေးအတွက်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကျေးရွာပြည်သူလူထု သိရှိဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းများအား စစ်ကိုင်း၊ ရွှေဘို၊ မုံရွာနှင့် ကလေးမြို့နယ်များတွင် အပတ်စဉ်ဖွင့်လှစ်ပြီး ပို့ ပြ၊ တွေ့စနစ်ဖြင့် သင်ကြားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် သင်တန်းအထောက်အကူပြုလက်တွေ့သရုပ်ပြကျေးရွာများ ရွေးချယ်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ရင်းနှီးမတည်ငွေဖြင့်လက်တွေ့သရုပ်ပြ သင်ကြားပြသသွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ထင်သာမြင်သာပြုပြင်စရာ

# ယာဉ်သွားရာလမ်းနှင့် လမ်းသားမြေနေရာများ ပြုပြင်ပေးရန်လို

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းမကြီးတစ်လျှောက်ရှိ ယာဉ်သွားရာလမ်းနေရာဖြစ်သော အချို့နေရာများတွင် မိုးတွင်းကာလ ရေတိုက်စားမှုများကြောင့် မြေနေရာနိမ့်ကျမှုများ ဖြစ်ပေါ်နေပြီး ကတ္တရာလမ်းပခုံးသားများပါ ပျက်စီးလာသဖြင့် ယာဉ်အန္တရာယ်များ၊ ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိနေသောကြောင့် လမ်းသားမြေနေရာများ တစ်ပြေးညီ ပြေပြစ်စေရန်အတွက် အချိန်မီပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ကျိုက်ခေါက်ဘုရား လမ်းမကြီးနှင့် ဝိဇ္ဇာလမ်းထိပ်ဆုံရာနေရာဖြစ်သော အုတ်ဖိုစုရပ်ကွက်မှ ကိုနန္ဒာဆွေက "ညဘက်အိပ်နေတဲ့အချိန် ဝုန်းဆိုပြီး အသံကြားလို့ ယာဉ်တိုက်တယ်မှတ်ပြီး ထကြည့်တော့ ကားက ကျွန်တော်တို့ အိမ်ရှေ့ကတ္တရာလမ်းဘေး မြေနိမ့်နေရာမှာ တစောင်းဖြစ်ပြီး ထိုးကျနေပြီလေ၊ တက်လို့မရတော့ဘူး။ အကြိမ်များစွာကြုံတွေ့နေရပါတယ်။ ညဘက် အနီးအနားပတ်ဝန်းကျင်က သူတွေလည်း ဆူညံသံတွေကြောင့် ညတိုင်းလိုလို အိပ်မရကြဘူး ဖြစ်နေကြပါတယ်။ ပြီးတော့ ယာဉ်က အရှိန်နှုန်းမြင့်မောင်းလာလို့ အဲ့ဒီနေရာကိုထိုးကျသွားရင်လည်း ဒီယာဉ်က တစ်စောင်းအတိုင်း တောက်လျှောက်ဆွဲပြီး ပါသွားပါလေရော၊ ကားတွေဆိုရစရာမရှိ အောက်ပိုင်းတွေ အကုန်ပျက်စီးကြတာပါပဲ၊ ခဏခဏတွေ့နေရပါတယ်၊ ပိုဆိုးတာက ဓာတ်တိုင်ရှိပြီး လမ်းမီးမရှိတာပဲ၊ ဆိုင်ကယ်မောင်းလာတဲ့သူတွေလည်း အဲ့ဒီချိုင့်ဝင်နေတဲ့မြေနိမ့်နေရာတွေကို မမြင်ကြရတော့ ခဏခဏမှောက်နေပါတယ်" ဟု ဆိုသည်။



အဆိုပါ ကျိုက်ခေါက်ဘုရားလမ်းမကြီးမှာ သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်များကို ရန်ကုန်မြို့နှင့် ဆက်သွယ်ထားသော လမ်းကြောင်းဖြစ်ပြီး လက်ရှိထိုလေးမြို့နယ်တွင် ခရီးသည်တင်ယာဉ်လိုင်းများ ဖြတ်သန်းသွားလာနေကြကြောင်း၊ မကြာမီ အကောင်အထည်ဖော်တော့မည့် သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိရာလမ်းလည်း ဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းသား ကျောင်းသူများ၏ ကျောင်းကြို/ ပို့ယာဉ်များ နေ့စဉ်ဖြတ်သန်းသွား လာနေကြကြောင်း၊ ဆိုင်ကယ်အသုံး ပြုသူ၊ ကျောင်းတက်နေကြသော ကျောင်းသား ကျောင်းသူများလည်းရှိနေသည့် အတွက် ကျောင်းသား ကျောင်းသူမိဘများက စိုးရိမ်ပူပန်မှု ရှိနေကြောင်း၊ ထို့အတွက်ကြောင့် အဆိုပါ သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းမကြီး တစ်လျှောက်ရှိ လမ်းသားမြေနေရာများကို ယာဉ်သွားရာ ကတ္တရာလမ်းနှင့်အညီတစ် ပြေးညီပြေပြစ်စေရန် အတွက် အချိန်မီ ပြုပြင်ရန်လိုအပ်လျက်ရှိကြောင်းဖြင့် ဒေသခံများက ဆိုသည်။

**စိုးဝင်း(SP)**

စာအုပ်စာပေ
လူ့မိတ်ဆွေ






ပြည်တွင်းသတင်း

# မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေဖန်တီးပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်

**✻ ရှေ့ဖုံးမှ**

ကြိုးပမ်းနေရတဲ့ အချိန်ကာလဖြစ်ပါတယ်။ ဒီနေရာမှာ ကွဲပြားခြားနားတဲ့ နိုင်ငံရေးအင်အားစုများအကြားမှာ တူညီတဲ့ သဘောတူညီချက်အနေနဲ့ထားရှိနိုင်တဲ့သဘောထားရပ်တည်ချက်ကတော့ ဒီနိုင်ငံရေးဖြစ်စဉ် ဆက်လက်ရှင်သန်ရေးကနေ ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ရေးဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူတဲ့အချိန်ကစပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ်လုပ်ဆောင်လာခြင်းက ကျွန်တော်တို့အနေနဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်ချပြီး လုပ်ဆောင်ခဲ့တယ်ဆိုတာကို သက်သေထူရာရောက်မှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ယူခဲ့တဲ့ သုံးနှစ်ကျော်ကာလအတွင်းမှာ ပြစ်တင်ဝေဖန်မှုများနဲ့ ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးအကျပ်အတည်းများရှိခဲ့တာကလည်း အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခိုင်အမာပြောကြားနိုင်တဲ့အချက်တစ်ခုကတော့ ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးအကျပ်အတည်းအားလုံးကို ပြည်သူလူထုရဲ့လိုလားချက်များအပေါ် ရှေးရှုတဲ့ အဖြေရှာမှုမျိုးနဲ့သာချဉ်းကပ်ပြီး မှန်ကန်တဲ့စေတနာနဲ့ ဆောင်ရွက်ခဲ့တယ်ဆိုတာပဲဖြစ်ပါတယ်။ ဒီကနေ့ကာလလို စနစ်ဟောင်းကနေ စနစ်သစ်ကို ကူးပြောင်းတဲ့အခါ နိုင်ငံရေးအကျပ်အတည်းများ ကြုံတွေ့ရခြင်းဟာ အသွင်ကူးပြောင်းရေးဖြစ်စဉ်တိုင်းမှာ ကြုံတွေ့ရတဲ့အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေဖြစ်တယ်ဆိုတာကို သတိချပ်စေလိုပါတယ်။

ကျွန်တော့်အနေနဲ့ ဝေဖန်ထောက်ပြ ပြောဆိုရေးသားမှုအားလုံးကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် လိုအပ်တဲ့သွင်းအားစုများအဖြစ် ရှုမြင်ပြီး လက်တွေ့ကျတဲ့အဖြေများရရှိဖို့ ဖြစ်ပေါ်နေတဲ့နိုင်ငံရေးအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်နိုင်မယ့် အတိုင်းအတာအတွင်းကနေ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို အသိပေးပြောကြားလိုပါတယ်။

အနာဂတ်မှာ ကျွန်တော်တို့အနေနဲ့ ရောက်ရှိရမယ့်စံနှုန်းများနဲ့ တိုင်းတာရင် လိုအပ်ချက်များစွာ ရှိနေသေးတာက အမှန်ပဲဖြစ်ပါတယ်။ သို့သော်လည်း အဲ့ဒီလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်တဲ့အခါ တစ်ဦးတစ်ယောက်အား၊ အဖွဲ့အစည်းတစ်ခုတည်းရဲ့အားနဲ့ တည်ဆောက်လို့မရနိုင်ဘဲ မိမိတို့အဖွဲ့အစည်းတစ်ခုလုံး တူညီသောရပ်တည်ချက်တစ်ခုထားရှိပြီး အားလုံးဝိုင်းဝန်းဆောင်ရွက်ကြမှသာ ရရှိနိုင်မှာဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပြုမှုများကိုတော့ ထိရောက်စွာ အရေးယူမှာဖြစ်တဲ့အကြောင်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ မကြာခင်က မန္တလေးမြို့မှာဖြစ်ပွားခဲ့တဲ့ မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုကိုအသုံးချပြီး ဘာသာရေးပဋိပက္ခတွေဖြစ်အောင် ဖန်တီးလှုံ့ဆော်လုပ်ဆောင်ခဲ့သူများကို ဖော်ထုတ်အရေးယူဆောင်ရွက်နေပြီဖြစ်ပါတယ်။ မန္တလေးမြို့ တည်ငြိမ်အေးချမ်းရေးမှာ အသိရှိရှိ၊ သတိရှိရှိနဲ့ တာဝန်သိသိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများကိုလည်း နိုင်ငံတော်ကိုယ်စား ဂုဏ်ယူပါကြောင်း ချီးကျူးပြောကြားအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ဇူလိုင်လ ၁၂ ရက်နေ့က ရန်ကုန်မြို့မှာ သဘင်၊ ဂီတ၊ ရုပ်ရှင်အဖွဲ့အစည်းများမှ အနုပညာရှင်များနဲ့ ရင်းနှီးစွာတွေ့ဆုံခဲ့ပါတယ်။ အဖွဲ့အစည်းအသီးသီးမှ အနုပညာရှင်များရဲ့ ဆွေးနွေးပြောကြားချက်များကို အလေးထားမှတ်ယူပြီး နိုင်ငံတော်အပိုင်းက လတ်တလော ကူညီဆောင်ရွက်ပေးရမည့်ကိစ္စများ၊ အချိန်ယူဆောင်ရွက်ပေးရမည့်ကိစ္စများကို ကြိုးပမ်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အနုပညာရှင်များဟာ ပြည်သူများ ချစ်ခင်မြတ်နိုးတဲ့ရတနာများ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ ပြည်သူများရဲ့ပျော်ရွှင်ချမ်းမြေ့မှုဟာ အစိတ်အပိုင်းတစ်ခုအနေနဲ့ ပါဝင်တာဖြစ်တဲ့အတွက် သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များကို ကျွန်တော့်အနေနဲ့ တန်ဖိုးထားလေးစားပါကြောင်း ပြောကြားလိုပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ကြီးများဟာ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ မသမာသူများရဲ့လက်ချက်နဲ့ ကျဆုံးသွားခဲ့ရတဲ့ ဇူလိုင် ၁၉ ရက်နေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ပြီး ပြည်သူများဟာ အာဇာနည်ကြီးများရဲ့ကျေးဇူးများကို အောက်မေ့တသရင်း ဝမ်းနည်းကြေကွဲမှုတွေကို သတိတရ ထုတ်ဖော်ပြသလာခဲ့ကြတာ အခုဆိုရင် နှစ်ပေါင်း(၆၇)နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့အားလုံးအနေနဲ့ ဝမ်းနည်းကြေကွဲနေရုံမျှသက်သက်ထက် အာဇာနည်ကြီးများရဲ့ကျေးဇူးများကို နည်းလမ်းမှန်နဲ့ ပြန်လည်ပေးဆပ်ကြဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကိုလည်း နှလုံးသွင်းကြရမှာဖြစ်ပါတယ်။ အာဇာနည်နေ့အခမ်းအနားဟာဆိုရင် ခေါင်းဆောင်ကြီး ကိုးဦးကို ရည်မှန်းဂုဏ်ပြုခြင်းအပြင် တိုင်းပြည်အတွက် လူမသိသူမသိပေးဆပ်ရင်း ကျဆုံးသွားခဲ့ရတဲ့ ပြည်ထောင်စုဖွား အာဇာနည်များကိုလည်း မမေ့မလျော့ ဦးညွှတ်အလေးပြုကြတဲ့အနှစ်သာရကို ဖော်ကျူးတဲ့ အခမ်းအနားတစ်ခုလည်းဖြစ်ပါတယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြတဲ့ အာဇာနည်များကိုကြည့်မယ်ဆိုရင် သူတို့လာခဲ့ကြတဲ့ နိုင်ငံရေးနောက်ခံ၊ အသိုင်းအဝိုင်း၊ လူမျိုးစု၊ ကိုးကွယ်ယုံကြည်မှုစသည်ဖြင့် မတူညီတဲ့ ကြန်အင်လက္ခဏာများကို တွေ့ကြရမှာဖြစ်ပါတယ်။ သို့သော်လည်း သူတို့အားလုံးမှာ တူညီတဲ့အချက်ကတော့ နိုင်ငံနဲ့လူမျိုးရဲ့ ကောင်းကျိုးချမ်းသာအတွက်ဆိုတဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံလိုစိတ်ပဲဖြစ်ပါတယ်။ မိမိတို့မြန်မာနိုင်ငံသားအားလုံးအနေနဲ့ ဒီစိတ်ဓာတ်ခွန်အားတွေကို ဆက်လက်ရှင်သန်စေဖို့ ကြိုးစားပြီး လက်ရှိအကောင်အထည်ဖော်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များနဲ့ ဒီမိုကရေစီအရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များမှာ လူမျိုးဘာသာမကွဲပြားဘဲ အတူတကွညီညွတ်စွာ ပူးပေါင်းကြိုးစားကြဖို့ တိုက်တွန်းပြောကြားအပ်ပါတယ်။

ဇူလိုင်လအတွင်းမှာ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တစ်ရပ်ကို သက်ဆိုင်ရာအရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ပါဝင်ကူညီနေကြတဲ့အဖွဲ့အစည်းများဆီက အကြံဉာဏ်များရယူရေးဆွဲခဲ့ပါတယ်။ ဒီစီမံချက်ကို စနစ်တကျ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ အခုလို စီမံချက်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူများရဲ့ဘဝများ ကောင်းမွန်တိုးတက်လာစေမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုစီမံချက်တွေ အောင်မြင်အောင် အကောင်အထည်ဖော်တဲ့အခါမှာလည်း ကျွန်တော်တို့အစိုးရတစ်ဖွဲ့တည်းအနေနဲ့ လုပ်ဆောင်လို့မရနိုင်ဘဲ ရခိုင်ပြည်နယ်အတွင်းမှာရှိကြတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနဲ့ နိုင်ငံတကာအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတဲ့ အဖွဲ့အစည်းအသီးသီးကို လိုအပ်တဲ့ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးသွားမှာဖြစ်သလို ရခိုင်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူများအနေနဲ့လည်း မိမိတို့ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုပြီး သဘောထားကြီးကြီး အမြင်ကျယ်ကျယ်နဲ့ ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

လက်ရှိအခြေအနေမှာ ခက်မသုံးဖြာ အာဏာသုံးရပ်ဖြစ်တဲ့ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေးအာဏာတို့ကို ပီပြင်စေတဲ့ သီးခြားလွတ်လပ်မှုနဲ့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုများ စတင်အသက်ဝင်ဖို့ ကြိုးပမ်းတည်ဆောက်ရာမှာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုအနေနဲ့ လက်တွေ့ကြုံတွေ့နေရတဲ့ကာလဖြစ်ပါတယ်။ အဲဒီလိုကြိုးပမ်းတည်ဆောက်မှုများမှာ နိုင်ငံသားအခွင့်အရေးကို အကာအကွယ်ပေးနိုင်တဲ့ လွတ်လပ်မျှတတဲ့ တရားစီရင်ရေးစနစ်သို့ အသွင်ကူးပြောင်းရေး၊ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတာဝန်ယူရတဲ့ အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထုအခြေပြုတဲ့ ဒီမိုကရေစီနည်းကျအုပ်ချုပ်ရေးစနစ်သို့ အသွင်ကူးပြောင်းရေး၊ မိမိတို့လူ့အဖွဲ့အစည်းအတွင်း ဆယ်စုနှစ်များစွာ လစ်ဟာခဲ့တဲ့ လွှတ်တော်များပေါ်ပေါက်ရေး၊ လွှတ်တော်စနစ်ကို အခြေခံသည့် ဥပဒေပြုရေးဖြစ်စဉ်များ အသက်ဝင်ရှင်သန်ရေးများဟာ အဓိကကျတဲ့ လုပ်ငန်းစဉ်များပဲဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွင်း အဆင့်ဆင့်တာဝန်ယူလုပ်ဆောင်ခဲ့ရတဲ့ ဝန်ထမ်းအဖွဲ့အစည်းများအနေနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေပေမယ့် နှောင့်နှေးမှုများ၊ အားနည်းမှုများနဲ့ လိုအပ်ချက်များရှိနေသေးတာ အမှန်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အထူးပြုပြောကြားချင်တာကတော့ ဝန်ထမ်းများအနေနဲ့ ချက်ချင်းလက်ငင်းအကောင်အထည်ဖော်နိုင်တဲ့ကိစ္စရပ်များ၊ ရေတိုလုပ်ဆောင်ရမယ့်ကိစ္စရပ်များ၊ ရေရှည်တည်ဆောက်ရမယ့်လိုအပ်ချက်များကို ရည်မှန်းချက်အဖြစ်ထားပြီး ဒီကနေ့ လက်တွေ့လုပ်နိုင်မယ့်ကိစ္စတွေကို ဦးစားပေးကြိုးပမ်းတည်ဆောက်ကြဖို့နဲ့ ဝန်ထမ်းရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းကြရန် လိုအပ်တယ်ဆိုတဲ့ အကြောင်းပဲဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ကလည်း ဒီလိုကြိုးပမ်းမှုများမှာ နိုင်ငံသားတာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

အဓိကအားဖြင့်တော့ ဒီမိုကရေစီနိုင်ငံကြီးများသည်ပင် လက်ရှိအခြေအနေမျိုးကိုရောက်ရှိဖို့အတွက် နှစ်ပေါင်းရာချီပြီး တည်ဆောက်ခဲ့ကြရတယ်ဆိုတာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ သုံးနှစ်ကျော်ကာလအတွင်း ကျွန်တော်တို့ လက်ရှိရရှိထားတဲ့အခြေအနေများဟာ မိမိတို့လိုလားတဲ့ ဒီမိုကရေစီစံနှုန်းများနဲ့ တိုင်းတာတဲ့အခါ အကောင်းဆုံးအခြေအနေများကို မရောက်ရှိသေးတာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် မိမိတို့ပြည်သူလူထုတစ်ရပ်လုံး ကြိုးပမ်းတည်ဆောက်ပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားတဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ လမ်းစများ၊ အခွင့်အလမ်းများကို ဆုံးရှုံးမသွားစေဖို့ဝိုင်းဝန်းကြိုးပမ်းရမယ့် အချိန်ကာလဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ စည်းလုံးညီညွတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်အောင် ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်အောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။

---

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆွစ်ဇာလန်နိုင်ငံထူထောင်သည့်နေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁**

၂၀၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွစ်ဇာလန်နိုင်ငံသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီဒီရာ ဘတ်ခ်ဟော်လ်တာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးအောင်ခင်စိုး အီရန်အစ္စလာမ်မစ်သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် တီဟီရန်မြို့၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟာဆန် ရိုဟာနီထံ ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

**(သတင်းစဉ်)**

## တောင်ငူ-လိပ်သို၊ ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းပိုင်း ပြန်လည်ပြုပြင်

**လွိုင်ကော် ဇူလိုင် ၃၁**

လွိုင်ကော်မြို့ နွားလဝိုးကျေးရွာအုပ်စုအတွင်းရှိ တောင်ငူ-လိပ်သို၊ ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းပိုင်းကို ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိရာ လမ်းအရှည်မှာ ၂၀ မိုင် ၄ ဖာလုံရှိပြီး လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေအထိ လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မူလ ၁၂ ပေအကျယ်ရှိသည့် လမ်းမကြီးကို ၁၈ ပေ အကျယ် ရရှိရန်နှင့် လမ်းတစ်ဖက်ကို သုံးပေအကျယ်နှင့် နှစ်ဖက်တိုးချဲ့ခြင်းလုပ်ငန်းမှာ နှစ်မိုင် ငါးဖာလုံရှိကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

---


**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းတွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၈-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၇-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက် စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၂၂၀၄၁၆၊ ၀၁-၂၂၂၈၆၁၊ လိုင်းခွဲ(၂၀၁)

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့**
**ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး**



## တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရရှိသော သားသမီးများအတွက် အစည်းအရုံးဝင်များလျှောက်ထားနိုင်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအား နှစ်စဉ်ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်သည့် အစဉ်အလာရှိပါသည်။ သို့ပါ၍ ၂၀၁၃/၂၀၁၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ ပူးတွဲပါအချက်များဖြင့် ၁၅-၈-၂၀၁၄ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

(၁) မိဘ၏ အစည်းအရုံးဝင်ကတ်မိတ္တူ
(၂) သန်းခေါင်စာရင်းမိတ္တူ
(၃) လိုင်စင်ဓာတ်ပုံ(၂)ပုံ
(၄) ဂုဏ်ထူးရရှိကြောင်း အမှတ်စာရင်း မူရင်း၊ မိတ္တူတို့နှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပုံစံလာရောက်ထုတ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ပစ္စည်းများ၏ အရေအတွက်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၄-၈-၂၀၁၄ရက်မှစ၍ လေယာဉ်ကွင်းအထူးအဖွဲ့(၂) အောင်ဇေယျတံတားဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၄၃၇၀ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၈-၂၀၁၄ရက် (၁၀း၀၀)နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၀-၈-၂၀၁၄ရက် (၁၃း၃၀)နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လေယာဉ်ကွင်းအထူးအဖွဲ့(၂)လုပ်ငန်းခွင်ရှေ့တန်းစခန်းရုံး၊ ဘိုကလေးမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေယာဉ်ကွင်းအထူးအဖွဲ့(၂)**
**ရန်ကုန်မြို့**

နိုင်ငံတကာသတင်း

## အီရတ်တွင် ဟစ်ဇ်ဘိုလာတပ်မှူးတစ်ဦး တိုက်ပွဲအတွင်းသေဆုံး

မိုဆူးလ် ဇူလိုင် ၃၁

အီရတ်နိုင်ငံတွင် တိုက်ပွဲတစ်ခုအတွင်း ဟစ်ဇ်ဘိုလာတပ်မှူး တစ်ယောက် ယမန်နေ့ကသေဆုံးသွားရာ ဆီးရီးယားပြည်တွင်းစစ်၌ ပါဝင်ပတ်သက်နေသည့် လက်ဘနွန်စစ်အုပ်စုအနေဖြင့် ဒေသတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခနောက်တစ်ခုတွင် ပါဝင်ပတ်သက်နေသည့် လက္ခဏာပင်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။

အီရန်နိုင်ငံက ကျောထောက်နောက်ခံပြုထားသည့် ရှီးယိုက် အစ္စလာမ္မစ် စစ်အုပ်စု ဟစ်ဇ်ဘိုလာအနေဖြင့် အီရတ်တွင်ဖြစ်ပေါ်နေသည့် ပဋိပက္ခများအတွင်းမည်သည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း ယခင်ကထုတ်ဖော်ပြောကြားမှုမရှိခဲ့ပေ။ ဘဂ္ဂဒက်ရှိ ရှီးယိုက်ဦးဆောင်သော အစိုးရကို စစ်မက်ဖက်ပြိုင်တိုက်ခိုက်နေသည့် အစွန်းရောက် ဆွန်နီစစ်သွေးကြွများက လွန်ခဲ့သည့်လအတွင်း ကျယ်ပြန့်သောနယ်မြေ အမြောက်အမြားကို သိမ်းပိုက်ခဲ့သည်။

သေဆုံးသွားသည့် ဟစ်ဇ်ဘိုလာတပ်မှူး၏အမည်မှာ အီဘရာဟင်မ်အဲလ်ဟဂ်ျဖြစ်ပြီး နည်းပညာကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း လက်ဘနွန်နိုင်ငံရှိ သတင်းရင်းမြစ်များက ပြောကြားပြီး ၎င်းသည် ဆွန်နီစစ်သွေးကြွများ သိမ်းပိုက်ထားသော အီရတ်မြောက်ပိုင်းမြို့တော် မိုဆူးလ်အနီးတိုက်ပွဲတစ်ခုတွင် သူရဲကောင်းပီသစွာကျဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။

လက်ဘနွန်နိုင်ငံမှ ရှီးယိုက်ဝါဒီစစ်သွေးကြွအုပ်စုတစ်ခု ဖြစ်သော ဟစ်ဇ်ဘိုလာသည် ဆီးရီးယားပြည်တွင်းစစ်တွင် သမ္မတဘရှားအဲလ် အာဆတ်ဘက်မှ ကူညီတိုက်ခိုက်ပေးလျက်ရှိသည်။ **(ရိုက်တာ)**

## ပါလက်စတိုင်းကို လက်နက်ကူညီရန် အီရန်ပြော

တီဟီရန် ဇူလိုင် ၃၁

အစ္စရေးအစိုးရ၏ လူမျိုးတုံးတိုက်ခိုက်နေမှုများကို ကာကွယ်တားဆီးရန် ပါလက်စတိုင်း ခုခံတိုက်ခိုက်ရေးသမားများအား လက်နက်ကူညီပေးသွားမည်ဖြစ်ကြောင်း အီရန်အမတ်တစ်ဦးက ပြောသည်။

နိုင်ငံတကာအသိုက်အဝန်း၊ အထူးသဖြင့် မွတ်စလင်ကမ္ဘာက ပါလက်စတိုင်းတို့အား တတ်နိုင်သမျှ လက်နက်ကူညီပေးရန် အယာတိုလာခါမေနီက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ အစ္စရေးအစိုးရကို ထိပ်တိုက်ရင်ဆိုင်ရန် ပါလက်စတိုင်းတို့အား လက်နက်ကူညီပေးရမည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်ကလည်း ၎င်းကပြောကြားခဲ့သည်။

**(ပရက်စ်တီဗွီ)**

## ပြင်သစ်နှင့် ဗြိတိန်နိုင်ငံသားများ လစ်ဗျားနိုင်ငံမှ ပြန်ခေါ်ယူ

ပါရီ ဇူလိုင် ၃၁

ပြင်သစ်အစိုးရက လစ်ဗျားနိုင်ငံ၌ အစိုးရတပ်များနှင့် ပြည်သူ့စစ်သူပုန်များအကြား တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် ပြင်သစ်နှင့် ဗြိတိသျှ နိုင်ငံသားများကို ပြန်လည်ခေါ်ယူလိုက်သည်။

ပြင်သစ်နှင့် ဗြိတိန်နိုင်ငံသားများအား လစ်ဗျားမှ ပြန်လည်ခေါ်ယူ ရွှေ့ပြောင်းပေးခဲ့ကြောင်း ပြင်သစ်အစိုးရပြောရေးဆိုခွင့်ရှိသူ စတီဖန်လီဖောက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။ ပြင်သစ်နိုင်ငံသား လေးဦးတွင် လစ်ဗျားဆိုင်ရာ ပြင်သစ်သံအမတ်ကြီးလည်း ပါဝင်ကြောင်း ပြင်သစ်သတင်းရပ်ကွက်က ပြောသည်။ ဗြိတိန်နိုင်ငံသားခုနစ်ဦးကိုလည်း ပြင်သစ်စစ်တပ်က ပြန်လည်ခေါ်ထုတ်သွားခဲ့သည်။ ထိုအတောအတွင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးရုံးက ထရီပိုလီရှိ သံရုံးကို ယာယီပိတ်ထားမည်ဟု ကြေညာခဲ့သည်။ **(ပရက်စ်တီဗွီ)**

## လစ်ဗျား၌ ပြိုင်ဘက်စစ်အုပ်စုများအကြား ယာယီအပစ်အခတ်ရပ်စဲ

ထရီပိုလီ ဇူလိုင် ၃၁

ဒုံးကျည်တစ်စင်းထိမှန်မှုကြောင့် အကြီးအကျယ် မီးလောင်လျက်ရှိသည့် စက်သုံးဆီသိုလှောင်ကန်တစ်ခုကို မီးသတ်သမားများက မီးငြိမ်းသတ်နိုင်ရန်အတွက် ထရီပိုလီလေဆိပ်ကို သိမ်းပိုက်ထိန်းချုပ်နိုင်ရန် တိုက်ခိုက်နေသော လစ်ဗျားပြိုင်ဘက်စစ်အုပ်စုများအကြား ယာယီအပစ်အခတ်ရပ်စဲရန် ယမန်နေ့က သဘောတူလိုက်သည်။



ထရီပိုလီလေဆိပ်အနီးရှိ လောင်စာဆီလှောင်ကန်တစ်ခုကို ဒုံးကျည်ထိမှန်ပြီးနောက် မီးလောင်နေစဉ်။

လစ်ဗျား၏ ဒုတိယမြို့တော် ဘန်ဂါဇီတွင်မူ စစ်အခြေစိုက်စခန်းတစ်ခုကို သိမ်းပိုက်ထားသော စစ်ဘက်မဟာမိတ်များနှင့် အစ္စလာမ္မစ် တိုက်ခိုက်ရေးသမားများအကြား နှစ်ရက်ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် အလောင်း ၇၅ လောင်းရှာဖွေတွေ့ရှိခဲ့ရာ အများစုမှာ စစ်သားများ ဖြစ်ကြသည်။

၂၀၁၁ ခုနှစ်က လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ ဖြုတ်ချခံရကာ အနောက်အုပ်စု၊ အမေရိကန်နှင့် ကုလသမဂ္ဂတို့က ၎င်းတို့၏သံတမန်များကိုရုပ်သိမ်းသွားခဲ့ပြီး လစ်ဗျားတွင်ပြည်တွင်း စစ်ဖြစ်ခဲ့သည့် ကာလတစ်လျှောက် လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်အတွင်း တိုက်ပွဲများအပြင်းထန်ဆုံး ဖြစ်ပွားခဲ့သည်။

**(ရိုက်တာ)**

## အီဂျစ်နိုင်ငံ၌ ကားတစ်စီးပေါက်ကွဲမှုဖြစ်ပွား အကြမ်းဖက်သမားများဟု ယူဆရသူသုံးဦးသေဆုံး



ကိုင်ရို ဇူလိုင် ၃၁

အီဂျစ်နိုင်ငံ ဂီဇာ၌ ကားတစ်စီးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အကြမ်းဖက်သမားများဟုယူဆရသူ သုံးဦးသေဆုံးခဲ့ကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။

ကိုင်ရိုမြို့တောင်ဘက် ကီလိုမီတာ ၆၀အကွာ အယ်လ်ဆက်ဖ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီဒီယာများ ဖော်ပြချက်အရ ၎င်းကားအတွင်း၌ ပေါက်ကွဲစေနိုင်သော ကိရိယာ တင်ဆောင်လာခြင်းကြောင့် ဖြစ်နိုင်ကြောင်း သိရသည်။

အီဂျစ်အကြီးတန်း ရဲအရာရှိ Shawki က အဆိုပါကားသည် ပေါက်ကွဲမှုကြောင့် နှစ်ပိုင်းကွဲထွက်သွားခဲ့ကြောင်း၊ လူသေအလောင်းများမှ ဒီအင်န်အေနမူနာများကို စစ်ဆေးခြင်းဖြင့် သေဆုံးသူ အမျိုးသားများ မည်သူမည်ဝါဖြစ်သည်ကိုသိရှိရန် ကြိုးစားလျက်ရှိကြောင်း ပြောခဲ့သည်။

အီဂျစ်နိုင်ငံသည် သမ္မတမော်စီ ဖြုတ်ချခံရပြီးကတည်းက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆိုင်းနိုင်းကျွန်းဆွယ်အခြေစိုက် အစိုးရဆန့်ကျင်ဆန္ဒပြသူများအကြား တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

မော်စီ ထောက်ခံသူများကို အစိုးရက ထိထိရောက်ရောက်နှိမ်နင်းမှုပြုလုပ်ခဲ့ရာ သေဆုံးသူ ၁၄၀၀ ကျော်ရှိခဲ့ပြီဖြစ်သည်။ ၁၅၀၀၀ ထက်မနည်း ထောင်ချခံခဲ့ရကာ ရာပေါင်းများစွာသည် သေဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ **(ပရက်စ်တီဗွီ)**

## ဒုံးကျည်နှင့်သံချပ်ကာယာဉ်များ အပါအဝင် အမေရိကန်လုပ်လက်နက်များကို ဂါဇာထိုးစစ်၌အသုံးပြုရန် အမေရိကန်က အစ္စရေးကို ခွင့်ပြု



ဝါရှင်တန် ဇူလိုင် ၃၁

အမေရိကန်ပြည်ထောင်စုက ဂါဇာကမ်းမြောင်ဒေသ၌ ဖြစ်ပွားနေသော စစ်ပွဲအတွင်းအမေရိကန် လက်နက်များ အစ္စရေးအား အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်သည်။

အဆိုပါ အမေရိကန်လက်နက်များတွင် ဒုံးကျည်များ၊ သံချပ်ကာယာဉ်များနှင့် အမြောက်ကျည်များ ပါဝင်ကြောင်း၊ ယင်းတို့ကို အမေရိကန်က အစ္စရေးအားလွန်ခဲ့သော သီတင်းပတ်က ပေးအပ်ခဲ့ကြောင်း အမေရိကန် တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန်တို့ ပေးအပ်သည့် အရေးပေါ် လက်နက်များကို အစ္စရေးနိုင်ငံအတွင်း အမျိုးအစားအလိုက် နေရာချ ချထားပြီဖြစ်ကြောင်း ၎င်းကပြောသည်။ အဆိုပါ လက်နက်များသည် အမေရိကန်စစ်ဘက်က အစ္စရေးအားထောက်ပံ့ပေးနေသည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

ဝါရှင်တန်က တဲအဗစ်(အစ္စရေး) အား ၂၀၀၆ခုနှစ်က လက်ဘနွန်ကို ဆင်နွှဲသည့် အစ္စရေး၏ ၃၃ ရက်ကြာ စစ်ပွဲတွင်လည်း အလားတူ လက်နက်များ သုံးစွဲခွင့်ပြုခဲ့သည်။

ထို့အပြင် အမေရိကန်လွှတ်တော် အမတ်များကလည်း အစ္စရေး၏ ဒုံးပျံကာကွယ်ရေးစနစ်အတွက် ဒေါ်လာသန်းပေါင်းများစွာ ထောက်ပံ့ပေးရန် အစိုးရအား ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

အစ္စရေးအနေဖြင့် ဂါဇာရှိ ပါလက်စတိုင်း စစ်သွေးကြွများအား ထိုးစစ်ဆင်တိုက်ခိုက်ရာတွင် အမေရိကန်ထံမှ အရေးပေါ်ငွေကြေး အကူအညီလိုအပ်နေကြောင်း ဆီးနိတ်အမတ်မာရီရိဒ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဇီယွန်းဝါဒီ အစိုးရအနေဖြင့် လက်ရှိဆင်နွှဲနေသည့် စစ်ပွဲအတွင်း ထောက်ပံ့ကူညီရန် အိုဘားမားအစိုးရထံ တောင်းခံထားသည့် ဒေါ်လာ ၂၂၅ သန်းမှာ လုံလောက်မည် မဟုတ်ကြောင်းဖြင့်လည်း ပြောကြားလိုက်သည်။ **(ပရက်စ်တီဗွီ)**

## ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆ ။)**
**၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်**
**(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁ ကို အောက်ပါ ပုဒ်မ ၁ ဖြင့် အစားထိုးရမည် -

"1. This Act shall extend to the whole of the Republic of the Union of Myanmar."

၃။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ ရှင်းလင်းချက်တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union, a High Court of the Region or a High Court of the State or a District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင် -

(က) အပိုဒ် ၁ ကို ပယ်ဖျက်ရမည်။
(ခ) အပိုဒ် ၁၅၂ နှင့် အပိုဒ် ၁၅၃ တို့၌ ပါရှိသော "the District Court" ဆိုသည့် စကားရပ်ကို "a Court of the Self-Administered Division, a Court of the Self-Administered Zone or a District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) အပိုဒ် ၁၅၂-က နှင့် အပိုဒ် ၁၅၄ တို့၌ ပါရှိသော "the State or Divisional Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဃ) အပိုဒ် ၁၆၁ ကို ပယ်ဖျက်ရမည်။
(င) အပိုဒ် ၁၆၂ နှင့် ၁၈၃ တို့တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(စ) အပိုဒ် ၁၇၃ တွင် ပါရှိသော "article 161 and" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာဟောပြောပို့ချ

**မြိတ် ဇူလိုင် ၃၁**

မြိတ်တက္ကသိုလ်တွင် အမေရိကန် ပဲပိစပ် ပို့ကုန်ကောင်စီ(USSEC)၊ ငါးမွေးမြူရေးဌာန၊ မြန်မာနိုင်ငံရုံးနှင့် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနတို့၏ အစီအစဉ်ဖြင့် ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ ဟောပြောပို့ချပွဲကို ဇူလိုင် တတိယပတ်တွင် မြိတ်တက္ကသိုလ်ပင်မဆောင်၌ ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲသို့ မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်၊ သင်ကြားရေး စီမံအရာထမ်းများ၊ ပါမောက္ခ(ဌာနမှူး)များ၊ အဏ္ဏဝါသိပ္ပံဌာန၊ သတ္တဗေဒဌာနနှင့် ရုက္ခဗေဒဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ငါးမွေးမြူရေးဌာနမှ နည်းပညာမန်နေဂျာ ဦးအော်ဗရိဝင်းက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေချို၊ ရေငန်စပ် ငါးမွေးမြူရေးလုပ်ငန်းများတွင် အဆင့်မြင့်နည်းပညာကို အသုံးပြုဖော်စပ်ထားသော ငါးစာထုတ်လုပ်မှု လုပ်ငန်းများအကြောင်း ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် မြိတ်မြို့ United KMK Co.,Ltd. တွင် သုတေသန နည်းပညာ ဖြန့်ဖြူးဆောင်ရွက်နေသည့် Dr.Jennifer Cobcroft, University of Tasmania, Australia,Aquaculture Without Frontiers က မြန်မာနိုင်ငံ ကကတစ်ငါး သားဖောက်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဩစတြေးလျနိုင်ငံ သုတေသန အတွေ့အကြုံများပေါ်မူတည်၍ ဆွေးနွေးဟောပြောခဲ့ကြောင်း၊ ဆွေးနွေးဟောပြောမှုများကြောင့် မြိတ်တက္ကသိုလ်ရှိ အဏ္ဏဝါသိပ္ပံဌာန၊ သတ္တဗေဒဌာနနှင့် ရုက္ခဗေဒဌာနတို့၏ ရေတွင် စိုက်ပျိုးမွေးမြူသော ဘာသာရပ်များနှင့် ဒေသအလိုက် လိုအပ်ချက်များကို အထောက်အကူဖြစ်စေခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးမှုကြောင့် ပြုန်းတီးသွားသော ငါးသယံဇာတများကို အစားထိုး ဖြည့်တင်းပေးနိုင်မည့် အထွက်တိုးရေချိုရေငန်စပ် ကကတစ်ငါးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အကျိုးကျေးဇူးများရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်မှန်စွာပေးဆောင်စို့



## ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း US-ASEAN Business Council ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် US-ASEAN Business Council (USABC) ဥက္ကဋ္ဌ Mr. Alexander C. Feldman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သောင်း၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေနှင့် ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂-၈-၂၀၁၄ ရက်နေ့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ရွှေပေါက်ကံ၊ ပုဇွန်တောင်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ကျောက်တံတား၊ ဆိပ်ကမ်း၊ ကြည့်မြင်တိုင်၊ ခရမ်း၊ ကျောက်တန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာ၊ ထောက်ကြန့်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီ မှ ၁၃း၀၀ နာရီအတွင်း လည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ၃-၈-၂၀၁၄ ရက်နေ့တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ သင်္ဃန်းကျွန်း၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ခရမ်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ လှည်းကူး၊ မှော်ဘီ၊ လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာ၊ ထောက်ကြန့်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၃း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

### ဒို့လေးရွာလူမှုကူညီရေးအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားစာ

မလှိုင်မြို့နယ်၊ ဖောင်ရိုးတော၊ ဖက်တော၊ ကြာကန်၊ ရွာတန်းစသည့် ရန်ကုန်ရောက် လေးရွာမိသားစုတို့၏ လူမှုကူညီရေးအသင်းမှကြီးမှူးလျက် လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ မဟာမုန်ကင်းကျောင်းရှိ သံဃာများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀ နာရီ
**နေရာ** - သရက်တောကျောင်းတိုက်၊ မဟာမုန်ကင်းကျောင်း

**အမှုဆောင်အဖွဲ့**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၄၀၈) အမည်ပေါက် ဦးထွန်းဝေ၏မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်သူမင်း ၁၂/ကတန(နိုင်)၀၈၀၈၈၅က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန် (မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအုန်းစိန်၏သား မော်လမြိုင်မြို့နေ ကိုကျော်နိုင် ၁၀/မလမ(နိုင်)၁၂၆၈၅၁ နှင့် ကိုအောင်မင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၂၉၀၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ရုံး မော်တော်ယာဉ်များဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့လွှတ်တော်ရုံးတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) Toyota Landcruiser Prado (2010 Model နှစ်နှင့်အထက်) ၁ စီး
(ခ) Toyota Hilux Double Cab (2011 Model နှစ်နှင့်အထက်) ၄ စီး
(ဂ) Toyota Axio (2011 Model နှစ်နှင့်အထက်) ၁၃ စီး

**တင်ဒါပုံစံများ ရောင်းချမည့်ရက်/အချိန်** - ၄-၈-၂၀၁၄ ရက်မှ ၁၁-၈-၂၀၁၄ ရက်အထိ ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၈-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ
**တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းမည့်နေရာ** - ရုံးအမှတ်(၂၀)၊ ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၁၇၆၊ ၀၆၇-၅၉၁၁၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့**
**ပြည်သူ့လွှတ်တော်ရုံး**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# သန့်ရှင်းသောနည်းပညာများဖြင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ နိုင်ငံတော်၏ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းကြပါစို့

ခရမ်းစိုးမြင့်

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးမှာ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် တာဝန်ယူခဲ့ကြသော အစိုးရများသည်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် တပ်ဆင်စက်အင်အား (၈၀၄)မဂ္ဂါဝပ်ရှိခဲ့ရာမှ ယခု ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တပ်ဆင်စက်အင်အား (၃၄၁၃) မဂ္ဂါဝပ်ထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းကို တွေ့ရသည်။ သို့ဖြင့် နှစ်(၂၀)အတွင်း တစ်နှစ်ပျမ်းမျှ (၁၃၀)မဂ္ဂါဝပ်ခန့်ထိ တိုးတက်ခဲ့သည်ဟု ဆိုရပေမည်။

ထို့အပြင် ၂၀၁၀-၂၀၁၁ နောက်ပိုင်း နိုင်ငံတော်မှ ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်အားပေးစက်ရုံများ ထပ်မံတိုးချဲ့တည်ဆောက်မှုများ ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၄ ခုနှစ် မေလအထိ တပ်ဆင်စက်အင်အား စုစုပေါင်း (၄၃၆၂ ဒသမ၅)မဂ္ဂါဝပ် ထိတိုးတက်လာခဲ့ပြီဖြစ်သည်။ဤသို့ တိုးတက်အောင် ဆောင်ရွက်နေသော်လည်း နိုင်ငံတော်အတွင်း လူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုမှာ တစ်နှစ်လျှင် ဓာတ်အားယူနစ်(၁၀၄) သာရှိနေသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများထဲတွင် ဓာတ်အားသုံးစွဲနိုင်မှု အနိမ့်ဆုံးဖြစ်နေရသည်။

ထို့ကြောင့် နိုင်ငံတော်အတွင်း လူတိုင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုတိုးတက်လာစေရေးအတွက် နှစ်စဉ်တပ်ဆင်စက်အင်အား (၈၀၀)မဂ္ဂါဝပ်မှ (၁၀၀၀)မဂ္ဂါဝပ်ခန့်ထိ တိုးတက်တည်ဆောက်သွားရန် လိုအပ်ပါသည်။ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် အရန်ဓာတ်အားအပါအဝင် တပ်ဆင်စက်အင်အား ၂၃၅၉၄ မဂ္ဂါဝပ်ထိ ဖြစ်ပေါ်လာရန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ပူးပေါင်း၍ Electricity Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း အချိန်တိုအတွင်း ပြီးစီးရေး၊ ဓာတ်အားခဈေးနှုန်းသင့်တင့်မျှတရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအသက်သာဆုံးဖြစ်စေရေး၊ အရင်းအမြစ်လုံလောက်စွာရရှိရေးစသည့် အခြေခံအချက်များကိုပါ ထည့်သွင်းစဉ်းစားပါက ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် အသင့်တော်ဆုံးဖြစ်ကြောင်းတွေ့ရှိရသည်ဟု ပညာရှင်များက ဆိုသည်။

သို့ရာတွင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်မှုအပေါ် အမြင်အမျိုးမျိုး ကွဲပြားနေသည့်ကိစ္စ ရှင်းလင်းမြင်သာစေရန် အကျိုးအပြစ်များအား နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ သုံးသပ်ထားသည့်အချက်အလက်များအပေါ် အခြေခံတင်ပြချင်ပါသည်။

ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများအား ကမ္ဘာအနှံ့တွင် တွင်ကျယ်စွာ ဆောင်ရွက်လျက်ရှိရာ အဓိကရည်ရွယ်ချက်များမှာ-

(၁) နျူကလီးယားနှင့်ရေအားလျှပ်စစ်ပြီးလျှင် ဓာတ်အားခဈေးနှုန်း အသက်သာ ဆုံးဖြစ်ခြင်း။

(၂) တည်ဆောက်မှုကာလ(၃)နှစ်မှ (၅)နှစ်အတွင်း မဂ္ဂါဝပ် ရာ/ထောင်ချီ၍ တည်ဆောက်ပြီးစီးနိုင်ခြင်း။

(၃) နေ့စဉ်လိုအပ်သည့် ဓာတ်အားအခြေဝန် (Base Load) ကို ထိန်းထားနိုင်ခြင်း။

(၄) ကျောက်မီးသွေးကုန်ကြမ်းမှာ နောင်နှစ်ပေါင်းရာကျော်ထိသုံးစွဲနိုင်သောပမာဏ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျန်ရှိနေသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် ပေါက်ဈေးအတိုင်းနှစ်ရှည်ဝယ်ယူသုံးစွဲနိုင်ခြင်း။

(၅) ကမ္ဘာ့နေရာအနှံ့အပြားတွင် ရရှိနိုင်၍ လောင်စာအပေါ် နိုင်ငံရေးလက်နက် အဖြစ် သုံးစွဲခြိမ်းခြောက်နိုင်မှုမရှိ၍ ဈေးနှုန်းတည်ငြိမ်မှုရှိခြင်း။

(၆) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ပေးနိုင်သည့် နည်းပညာများ ပေါ်ပေါက်နေခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယခုအခါ ကျောက်မီးသွေးစွမ်းအင်ကို အခြေခံထား သုံးစွဲလျက်ရှိနေကြသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး ၎င်းနိုင်ငံကြီးများတွင် လျှပ်စစ်စွမ်းအင်ကို အဓိကထုတ်လုပ်သည့် နျူကလီးယား၊ သဘာဝဓာတ်ငွေ့၊ လောင်စာဆီ၊ ရေအား၊ အခြားနှင့် ကျောက်မီးသွေးလောင်စာသုံးလျှပ်စစ်စက်ရုံများမှ ထုတ်လုပ်နေသည့်အနက် ၂၀၀၈ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျောက်မီးသွေးမှ ၇၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ၌ ၆၈ ဒသမ ၆ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံ၌ ၄၈ ဒသမ ၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ၌ ၂၆ ဒသမ ၆ ရာခိုင်နှုန်း ထုတ်လုပ်သုံးစွဲခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၁၀ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ၄၅ ရာခိုင်နှုန်း၊ လာအိုနိုင်ငံ၌ ၂၀၂၀ပြည့်နှစ်တွင် ၄၉ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၁၀ မှ ၂၀၂၀ပြည့်နှစ်အတွင်း ၅၈ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံ ၌ ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်အတွင်း ၄၁ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၁၀ မှ ၂၀၂၀ ပြည့်နှစ်အတွင်း ၄၄ ရာခိုင်နှုန်း၊ ဗီယက် နမ်နိုင်ငံ၌ ၂၀၁၀-၂၀၂၀ ပြည့်နှစ်အတွင်း ၂၉ ရာခိုင်နှုန်းအထိ ကျောက်မီးသွေးသုံးစက်ရုံမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်သုံးစွဲသွားရန် ရည်မှန်းထားကြောင်း သိရသည်။

သို့ဖြစ်၍ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး ကျောက်မီးသွေး အရင်းအမြစ်မှ ဓာတ်အားထုတ်လုပ်မှုသည် ၄၄ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ကျောက်မီးသွေးအရင်းအမြစ် လက်ကျန်မှာ နောင်နှစ်ပေါင်း ၁၀၀ ခန့်ထိ လုံလောက်စွာထုတ်လုပ်သုံးစွဲနိုင်ကြောင်းကိုလည်း ဂျပန်နိုင်ငံ J-Coal ၏ ၂၀၁၀ ပြည့်နှစ် စစ်တမ်းအရ သိရှိရပါသည်။



အရှေ့တောင်အာရှနိုင်ငံများ၏ လူတစ်ဦးချင်းစီအလိုက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏ (၂၀၁၀)

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းကြောင့် အကျိုးကျေးဇူးများ တစ်ဖက်က ရရှိသလို တစ်ဖက်မှလည်း အားနည်းချက်များရှိနေပါသည်။

ထိုအားနည်းချက်များကို သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာ (Clean Coal Technology) ဖြင့်-

(၁) စက်ရုံမှ ထွက်ရှိလာမည့် ပြာမှုန့်နှင့် ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လျော့နည်းစေရန် ကျောက်မီးသွေးကို ဆေးကြောခြင်း။

(၂) Flue Gas မှ ကျောက်မီးသွေးပြာ Fly Ashကို ဖယ်ထုတ်ရန် Electrostatic Precipitator နှင့် Fabric Filter များ အသုံးပြုဆောင်ရွက်ခြင်း။

(၃) ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထွက်ရှိမှုကို (၉၇)ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး Flue Gas Desulfurization (FGD) အသုံးပြုဆောင်ရွက်ခြင်း။

(၄) Termal Efficiency ကို နည်းပညာဟောင်းများထက် ၅၀ ရာခိုင်နှုန်းထိ မြှင့်တင်ပေးနိုင်ခြင်းစသည့် နည်းပညာများ ပေါ်ပေါက်နေပြီဖြစ်၍ နိုင်ငံအများအပြားတွင် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများ တိုးချဲ့ တည်ဆောက်လာကြခြင်းဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌လည်း တစ်ကမ္ဘာလုံးက စိတ်ဝင်စားပြီး ရေရှည်၌ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အချိန်တိုအတွင်းပြီးစီး၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာပြီး အရင်းအမြစ်လုံလောက်စွာရရှိနိုင်သည့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများ တည်ဆောက်ခွင့်ရရှိရေးအတွက် BOT စနစ်ဖြင့် လျှောက်ထားအဆိုပြုမှုများ ရှိလာပြီဟုသိရသည်။ (ပြည်တွင်းတိုင်းရင်းသားရင်းနှီးမြှုပ်နှံမှုဖြင့်) MoU လက်မှတ်ရေးထိုးထားသော စီမံကိန်းဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းတွင် (Virtue Land) မှ ပထမအဆင့်အဖြစ် ၂၀၁၅မှ ၂၀၁၈ ခုနှစ်အတွင်း မဂ္ဂါဝပ် ၃၀၀၊ ဒုတိယအဆင့် ၂၀၂၁ မှ ၂၀၂၇ ခုနှစ်အတွင်း မဂ္ဂါဝပ် ၉၉၀၊ တတိယအဆင့် ၂၀၂၅ မှ ၂၀၃၀ ပြည့်နှစ်အတွင်း မဂ္ဂါဝပ် ၁၉၈၀ တို့ ထုတ်လုပ်သွားမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး မြိတ်၌ သန်မြန်သူက ၂၀၁၃ မှ ၂၀၁၆ ခုနှစ်အတွင်း မဂ္ဂါဝပ် ၅၀ စုစုပေါင်း မဂ္ဂါဝပ် ၃၃၂၀ ထွက်ရှိမည့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံနှစ်ရုံနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(ဖက်စပ်ပိုင်) JV/BOT စီမံကိန်းများမှာ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်၌ (Huaneng Lancang+ Htoo)မှ ၂၀၁၅ မှ ၂၀၁၈ ခုနှစ်အတွင်း မဂ္ဂါဝပ် ၂၇၀၊ ရန်ကုန်တိုင်းဒေသကြီး သီလဝါ၌ Toyo- THAIက ပထမ အဆင့်အနေဖြင့် ၂၀၁၅ မှ ၂၀၁၈ခုနှစ်အတွင်း ၆၅၀ မဂ္ဂါဝပ်၊ ဒုတိယ အဆင့်အဖြစ် ၂၀၁၉ မှ ၂၀၂၄ ခုနှစ်အတွင်း ၂၀၀မဂ္ဂါဝပ်၊ တတိယအဆင့်အနေဖြင့် ၂၀၂၅ မှ ၂၀၃၀ ပြည့်နှစ်အတွင်း ၃၀၀၀ မဂ္ဂါဝပ်၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်း၌ (Orange Powergen+ Global Advisors+ Diamond Palace)မှ ပထမအဆင့်အနေဖြင့် ၂၀၁၆ မှ ၂၀၁၉ ခုနှစ်အတွင်း ၆၀၀ မဂ္ဂါဝပ်၊ ဒုတိယအဆင့်အနေဖြင့် ၂၀၂၅မှ ၂၀၂၈ ခုနှစ်အတွင်း ၇၀၀ မဂ္ဂါဝပ်၊ ဧရာဝတီတိုင်းဒေသကြီး ငရုပ်ကောင်း၌ TATA POWERမှ ပထမအနေဖြင့် ၂၀၁၅ မှ ၂၀၂၅ ခုနှစ်အတွင်း ၂၇၀ မဂ္ဂါဝပ်၊ ဒုတိယအဆင့်အနေဖြင့် ၂၀၂၁ -မှ ၂၀၂၅ ခုနှစ်အတွင်း ၂၇၀ မဂ္ဂါဝပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝ၌ ISDN+TUN THWIN မှ ပထမအဆင့်အဖြစ် ၂၀၁၅ မှ ၂၀၁၈ ခုနှစ်အတွင်း ၂၇၀မဂ္ဂါဝပ်၊ ဒုတိယအဆင့်အနေဖြင့် ၂၀၂၀မှ ၂၀၂၄ ခုနှစ်အတွင်း ၂၇၀ မဂ္ဂါဝပ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ၌ (Lumpoondum) မှ ၂၀၁၅ မှ ၂၀၁၈ ခုနှစ်အတွင်း ၆၀၀ မဂ္ဂါဝပ်နှင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ 24 HOUR မှ ပထမအဆင့်အနေဖြင့် ၂၀၁၅မှ ၂၀၁၈ ခုနှစ်အတွင်း ၂၅၀ မဂ္ဂါဝပ်၊ ဒုတိယအဆင့်အနေဖြင့် ၂၀၂၄ မှ ၂၀၂၇ ခုနှစ်အတွင်း ၂၅၀ မဂ္ဂါဝပ် စုစုပေါင်း ၉၄၀၀ မဂ္ဂါဝပ်တို့ကို ကျောက်မီးသွေးလောင်စာသုံးစက်ရုံများတည်ဆောက်၍ ဓာတ်အားများ ထုတ်လုပ်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် MoU များ ထိုးပြီးပြီဟုသိရသည်။

မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ ဓာတ်အားထုတ်လုပ်မှုကို BOT စနစ်ဖြင့် ဆောင်ရွက်ရန် အဆိုပြုလာသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ အဆိုပြုမှုများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည်-

(က) ဆောင်ရွက်လေ့လာလိုသည့်နေရာအတွက် နိုင်ငံတော်မှခွင့်ပြုချက်ရယူပြီး လေ့လာမှုပြုလုပ်ခြင်း။

စာမျက်နှာ ၁၀ သို့

## နိုင်ငံတကာလေကြောင်းလိုင်း ၁၈ ခုတို့မှ လေဆိပ်တွင် လေယာဉ်ဆီဝယ်ယူဖြည့်တင်းမှုများပြုလုပ်

နေပြည်တော် ဇူလိုင် ၃၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အပါအဝင် ပြည်တွင်းလေဆိပ် ၁၁ ခု၌ လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း ပြည်ပ လေကြောင်းလိုင်းများအား လစဉ် ဂျက်လေယာဉ်ဆီဂါလန် ၂ ဒသမ ၇၅ သန်းခန့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ လေယာဉ်ဆီအရည်အသွေးကို အထူးဂရုပြု ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် နိုင်ငံတကာသတ်မှတ် စံချိန်စံညွှန်းများနှင့်ကိုက်ညီသော လေယာဉ်ဆီများကို ပြည်ပမှ မှာယူတင်သွင်း၍ သန်လျင်ရေနံချက်စက်ရုံတွင် သိုလှောင်ထားပြီး မြန်မာ့ရေနံ ထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆီသယ်ယာဉ်များဖြင့် ပေးပို့ဖြန့်ဖြူးရောင်းချလျက်ရှိရာ လေယာဉ်ဆီအရည်အသွေးနှင့်ပတ်သက်၍နေ့စဉ်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စံချိန်စံညွှန်းများကိုက်ညီမှုရှိ မရှိစစ်ဆေးပြီးမှသာ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လေယာဉ်ဆီများ ဖြန့်ဖြူးရောင်းချရာတွင် Joint Inspection Group မှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကိုလိုက်နာ၍ လေယာဉ်ဆီ အရည်အသွေးမထိခိုက်စေရန် ဆောင်ရွက်လျက်ရှိသည်။

လေယာဉ်ဆီမှိုပါသဖြင့် ပြည်တွင်းမှ လေယာဉ်ဆီများကို ပြည်ပလေကြောင်းလိုင်းအချို့က ရန်ကုန်လေဆိပ်တွင် ဆီမဖြည့်တော့ ဆိုသော သတင်းကို ပုံနှိပ်မီဒီယာတစ်ခုက ဖော်ပြခဲ့မှုနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်မှာ Jet Star လေကြောင်းလိုင်းမှ အကြောင်းကြားထားသဖြင့် စင်ကာပူသို့ ပေးပို့ဓာတ်ခွဲနေဆဲဖြစ်ပြီး ၎င်းလေကြောင်းလိုင်းမှ Fuelstat Test စမ်းသပ်စစ်ဆေးချက်အား မျက်မြင်တွေ့ရှိချက်အရ စိုးရိမ်ဖွယ်ရာမရှိသည့်အခြေအနေကို တွေ့ရှိရကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် Jet Star လေကြောင်းလိုင်းနှင့် စင်ကာပူလေကြောင်းလိုင်းမှလွဲ၍ နိုင်ငံတကာလေကြောင်းလိုင်း ၁၈ ခုတို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ဆီ ဝယ်ယူဖြည့်တင်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဝယ်ယူသူလေကြောင်းလိုင်းများအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ သိုကန်များကို ဇူလိုင် ၃၀ ရက်မှ စ၍ဆေးကြောခြင်း၊ Filter များ အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်နေကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့ဆန္ဒ၊ သဘောထားနှင့် လိုအပ်ချက်များကို စေတနာမှန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၃၁**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၃၈) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒသမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး ကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍ ယခုအစည်းအဝေး၌ ကြယ်ပွင့်ပြမေးခွန်း ၂၅၅ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၅၉၂ ခုတို့ကို ဖြေကြားနိုင်ခဲ့ပါကြောင်း၊ အဆိုအနေဖြင့် အတည်ပြုအဆို နှစ်ခု၊ အတည်မပြုအဆိုတစ်ခုနှင့် မှတ်တမ်းတင်နိုင်ခဲ့သော အဆို ၁၁ ခု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၃၂၈၇၅ ဦး ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် ဥက္ကဋ္ဌက လွှတ်တော်ရပ်နားချိန်တွင် ကိုယ်စားလှယ်များက မိမိတို့နှင့် သက်ဆိုင်သော နယ်မြေများသို့ သွားရောက်ပြီး ပြည်သူ့ဆန္ဒ၊ သဘောထားနှင့် လိုအပ်ချက်များကို တွေ့မြင်ကြားသိပြီး စေတနာမှန်ကန်စွာဖြင့် ဥပဒေနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အကျိုးဆောင်ရွက်ပြီး ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ရှင်သန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းရန် တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်ကောင်း စေတနာမှန်များဖြင့် ဆောင်ရွက်ပြီး ဒီမိုကရေစီ ကျင့်စဉ်များနှင့်အညီ



**ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ရှင်းလင်းဖြေကြားစဉ်။** (သတင်းစဉ်)

ဆောင်ရွက်သွားမည်ဟု ယုံကြည်မျှော်လင့်ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် အစည်းအဝေး၌ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဒုတိယခြောက်လနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပထမခြောက်လ စာရင်းများအရ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိသော အသုံးစရိတ်များနှင့် ပတ်သက်၍ မည်ကဲ့သို့ စိစစ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း" မေးမြန်းရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လအတွက် စစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုမရှိသော တာယာ၊ ဘက်ထရီအဟောင်း ရောင်းချရငွေကျပ် ၀ ဒသမ ၁၀၂ သန်းအား ပေးသွင်းရန် စာရင်းပေါ်ပေါက်ခြင်းအတွက် ပြန်လည်စိစစ်၍ ၂၀၁၄ ခုနှစ် မတ် ၂၅ ရက်တွင် ပေးသွင်းစေခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွက် စစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ငွေစာရင်းခေါင်းစဉ်အသီးသီးမှ ကျခံသုံးစွဲခဲ့သော အသုံးစရိတ်ငွေစုစုပေါင်း ကျပ်သန်း ၁၂ ဒသမ ၄၇၅ ကို ၂၀၁၃ ခုနှစ် ဧပြီလတွင် ထုတ်ယူခဲ့ခြင်းအတွက် နောင်တွင် အသုံးစရိတ်များ ကျခံသုံးစွဲရာ၌ လုပ်ငန်းဆောင်ရွက်ခဲ့သော ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ရုံးသုံးစက်ကိရိယာများ ခေါင်းစဉ်အောက်တွင် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ကျပ်သန်း ၅ ဒသမ ၃၀၀ ကို ထပ်မံခွဲဝေချထားခြင်းမှာ အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်မှုမရှိခဲ့ခြင်းအတွက် နောင်တွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်စေရေး စီမံဆောင်ရွက်သွား



**သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့် မေးမြန်းစဉ်။** (သတင်းစဉ်)

မည်ဖြစ်ကြောင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်က "ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပတ်သက်သည့် လာဘ်ပေးလာဘ်ယူ အမှု သုံးမှုမှာ မည်သည့်အမှုများဖြစ်သည်၊ တရားရေးဝန်ထမ်းများနှင့် ပတ်သက်သော တိုင်ကြားစာများအနက် ထင်ရှားမှုရှိသော အမှုအရေအတွက် မည်မျှရှိသည်တို့ကို သိရှိလိုကြောင်း" မေးမြန်းရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီက ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အကြောင်းကြားခဲ့သည့် အမှုသုံးမှုရှိခဲ့ပါကြောင်း၊ ယင်းအမှုမျိုးနှင့် သက်ဆိုင်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့အပေါ် တိုင်ကြားမှုဖြင့်ပတ်သက်၍ ပဏာမစစ်ဆေးရာ လာဘ်ငွေ တောင်းခံရယူကြောင်း အထောက်အထားမတွေ့ရှိသော်လည်း အမှုနှင့်ပတ်သက်၍ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/မရှိ စိစစ်ပြီး ပြန်လည်တင်ပြပေးရန် လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီမှ အကြောင်းကြားခဲ့သဖြင့် အမှုတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းကို စိစစ်ပြန်ကြားခဲ့ပါကြောင်း။

ကျောက်တံခါးမြို့နယ်တရားရုံး ရုံးအကူဝန်ထမ်းမှ လောင်းကစားမှုတွင် လာဘ်ငွေ တစ်သိန်း တောင်းခံခဲ့ကြောင်း ကိုသိန်းအေး၏ တိုင်ကြားမှုနှင့် ပတ်သက်၍ ပဏာမစိစစ်ပြီးနောက် လိုအပ်သလို အရေးယူဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ချက်ကို ပြန်ကြားပေးရန် အကြောင်းကြားချက်အရ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ဖွင့်လှစ်စစ်ဆေးရာတွင် တိုင်ကြားသူမှာ ငွေပေးသည်ဆိုခြင်းကို ကိုယ်တိုင်ပါဝင်သိရှိသူ မဟုတ်ကြောင်း ပေါ်ပေါက်သည့်အပြင် ငွေပေးကြောင်း မြင်တွေ့သိရှိသည်ဆိုသော တရားခံခင်ပွန်း၏အစ်မ မသန်းအေးက ငွေပေးသည်ကို မသိရှိကြောင်း၊ ၎င်းရှေ့တွင်လည်း မပေးကြောင်းထွက်ဆိုခဲ့သဖြင့် လာဘ်ငွေရယူကြောင်း မပေါ်ပေါက်သော်လည်း ဝန်ထမ်းတာဝန်ထမ်းဆောင်ရာတွင် အများအမြင် ရှင်းလင်းအောင် ပြုမူနေထိုင်ရန် လိုအပ်သဖြင့် သတိပေးသည့် ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်၍ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေခဲ့သည့် ဆောင်ရွက်ချက်ကို ပြန်ကြားခဲ့ပါကြောင်း။

ကျောက်တံခါးမြို့နယ်မှ ဦးစိုးကူးမား၏ တိုင်ကြားချက်နှင့် ပတ်သက်သည့်အမှုတွင် အဓိကသက်သေခံချက်များနှင့် စပ်လျဉ်းသည့် မြို့နယ်တရားသူကြီး၏ သုံးသပ်ဆုံးဖြတ်ချက်များအပေါ် အရေးယူဆောင်ရွက်နိုင်ရန်နှင့် ဆောင်ရွက်ချက်ကို ပြန်ကြားပေးရန် ကော်မတီက အကြောင်းကြားချက်အရ စိစစ်၍ မြို့နယ်တရားသူကြီးသည် အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအပေါ် မိမိဆင်ခြင်တုံတရားအရ သုံးသပ်၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းသာ ဖြစ်သည်ကို တွေ့ရှိရကြောင်းနှင့် ၎င်းအား ပြောင်းရွှေ့နေရာချထားခဲ့ကြောင်းကို စိစစ်ပြန်ကြားခဲ့ပါကြောင်း။

လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေး ကော်မတီက အကြောင်းကြားခဲ့သည့် အဆိုပါ အမှုများနှင့် ပတ်သက်၍ စီမံခန့်ခွဲရေးနည်းလမ်းအပြင် ဥပဒေကြောင်းအရ တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့မှုများ မရှိပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပညာရေးဝန်ထမ်းများ၏ ဆန္ဒပြုဒေသနှင့် လစ်လပ်မှုအခြေအနေကိုက်ညီမှုရှိပါက ဦးစားပေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၁**

ရန်ကုန်မြို့ရှိ မော်တော်ယာဉ်များ သက်တမ်းတိုးမှုအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ One Stop Service ဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ယနေ့အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **"ရန်ကုန်မြို့ရှိ မော်တော်ယာဉ်များ သက်တမ်းတိုးရာတွင် One Stop Service အဖြစ် လုပ်ကိုင်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ဖြေကြားရာ၌ ပြောကြားခဲ့သည်။

ထို့အပြင် ဒုတိယဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ရန်ကုန်မြို့ရှိ နှစ်လဲသက်တမ်းတိုး ဆောင်ရွက်ပေးနေသော ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး ငါးရုံးတွင် မြန်မာ့အာမခံလုပ်ငန်းမှ One Stop Service အဖြစ် ပါဝင်လုပ်ကိုင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာ့အာမခံလုပ်ငန်းမှ ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)တွင် သူတစ်ပါးထိခိုက်မှု အာမခံ ပရီမီယံ ငွေလက်ခံကောင်တာခုနစ်ခု ဖွင့်လှစ်၍ နေ့စဉ်နံနက် ၉ နာရီမှစတင်၍ ငွေလက်ခံ ကောင်တာပိတ်ချိန် ညနေ ၃ နာရီအထိ ယာဉ်စီးရေတစ်ရက်လျှင် ပျမ်းမျှအစီး ၂၀၀၀ မှ ၂၅၀၀ ခန့်ကို ကွန်ပျူတာစနစ်သုံး၍ အချိန်နှင့်တစ်ပြေးညီ လက်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများတွင် One Stop Service ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ပရီမီယံကြေး လက်ခံနိုင်ရန် မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်) နှင့် Network ချိတ်ဆက်ခြင်း၊ လုံလောက်သည့် ဝန်ထမ်းအင်အား ဖြည့်စွက်ခန့်ထားခြင်းနှင့် ကွန်ပျူတာ၊ Server နှင့်ဆက်စပ်ပစ္စည်းများ ရရှိရန်လိုအပ်ခြင်းတို့အတွက် ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၏ **"ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်နှင့် နှစ်(၆၀)မြေငှားဂရန် ရရှိထားပြီးဖြစ်သော နယ်မြေဧရိယာအား သုဓမ္မသီရိ ဒေါ်စိန်ထွေးက အဆင့်မြင့်လုံးချင်းအိမ်ရာများ ဆောက်လုပ်လိုသဖြင့် လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုခြင်းနှင့် လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားခြင်းတို့အပေါ် သက်ဆိုင်ရာဌာနအသီးသီးမှ အဆင့်ဆင့်ဆောင်ရွက်ပေးနေမှုအား ပြန်လည်စိစစ်ပေးပါရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မင်္ဂလာဒုံဥယျာဉ်အိမ်ရာ၊ ထင်းရှူးရိပ်သာ-၂၊ မြေကွက်အမှတ်(၁၄၃)၊ ဧရိယာ၄၃ ဒသမ ၂၄ ဧကမြေနေရာအား သုဓမ္မသီရိ ဒေါ်စိန်ထွေးမှ လယ်သမားများ၏ လွှဲပြောင်းပေးမှုနှင့် ကျေးရွာသီးစားမှတ်ပုံတင်စာရင်းများတင်ပြ၍ လယ်မြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလွှဲသုံးစွဲခွင့်ပြုရန် ကျေးရွာအုပ်စု လယ်ယာ



**အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

မြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ရန်ကုန်မြို့တော် မြေစာရင်းဦးစီးဌာနများသို့ တင်ပြ လျှောက်ထားခဲ့သော်လည်း ယင်းမြေနေရာသည် အိမ်ရာစီမံကိန်းမြေဆောင်ရွက်ရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လ/န (၃၉) ရရှိထားပြီး ဇေကမ္ဘာကုမ္ပဏီလီမိတက် အမည်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် မြေနေရာဖြစ်ကြောင်း။

သုဓမ္မသီရိဒေါ်စိန်ထွေးက အဆင့်မြင့်လုံးချင်းအိမ်ရာများ တည်ဆောက်ရန် လျှောက်ထားခြင်း မဟုတ်ဘဲ လယ်ယာမြေသီးနှံ ပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားခြင်းသာဖြစ်ပြီး အဆိုပါ မြေနေရာသည် လယ်ယာစီမံကိန်းဆောင်ရွက်ရန် ၁၉၉၇ခုနှစ်ကပင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လ/န (၃၉)ရရှိထားသည့်မြေများဖြစ်ပြီး မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းအတွင်း ပါဝင်သည့်မြေဖြစ်သည့်အပြင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးပြီးမြေဖြစ်ပါသဖြင့် ခွင့်ပြု၍မရကြောင်း။

အဆိုပါ မြေနေရာသည် ၁၉၉၇ ခုနှစ်ကပင် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ရန် လ/န(၃၉) ခွင့်ပြုမိန့်ကျပြီးမြေဖြစ်ခြင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီတို့သည် မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း အကောင်အထည်ဖော်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်း၊ အဆိုပါ နေရာသည် Commercian Area အဖြစ် ဆောင်ရွက်ရန် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်း၊ ဇေကမ္ဘာကုမ္ပဏီ လီမိတက်အမည်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် ထုတ်ပေးခဲ့ခြင်းတို့ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ သုဓမ္မသီရိဒေါ်စိန်ထွေးက အဆိုပါမြေနေရာကို လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲသုံးစွဲ ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ပါ၍ ယခင် လ/န(၃၉)ရရှိပြီးဖြစ်သောမြေအား ထပ်မံ၍ အသုံးပြုခွင့် လျှောက်ထားရန် မလိုအပ်တော့ပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေး၏ **"မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများအား အလှည့်ကျတာဝန်လဲလှယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အခြေခံပညာကဏ္ဍတွင် ပညာရေးဝန်ထမ်း ဆရာ ဆရာမ အင်အားသုံးသိန်းကျော်ရှိပါကြောင်း၊ ၎င်းဆရာ ဆရာမများအား သတ်မှတ်နှစ်ပြည့်ပါက အလှည့်ကျစနစ်ဖြင့် မြို့ပေါ်မှ ဆရာ ဆရာမများအား ကျေးလက်သို့လည်းကောင်း၊ ကျေးလက်က ဆရာ ဆရာမများအား မြို့ပေါ်သို့လည်းကောင်း ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ပေးမည်ဆိုပါက ဆရာ ဆရာမအများစုအတွက် အခက်အခဲရှိနိုင်ပါကြောင်း။

ဤမျှထုထည်ပမာဏ ကြီးမားသော ဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ယူစေမည့် နေရာအသီးသီးတွင် ၎င်းတို့နေထိုင်ရေးအတွက် အဆောက်အအုံလုံလောက်စွာ စီစဉ်မပေးနိုင်ခြင်း၊ ပြောင်းရွှေ့ရမည့် ခရီးအကွာအဝေးအလိုက် ကုန်ကျစရိတ်များပြားခြင်း၊ နေရာသစ်များတွင် အခြေတကျဖြစ်ရန် အချိန်ယူရခြင်း၊ လက်ရှိလစာနှင့် မလုံလောက်ခြင်း၊ နေအိမ်ငှားရမ်းရန် အခက်အခဲရှိနိုင်ခြင်းတို့ကို ကြုံတွေ့ရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အလှည့်ကျ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေခြင်းကိစ္စကို မဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ဘဝအခြေအနေများကို ယခုထက်ပိုမိုပြည့်စုံအဆင်ပြေနိုင်စေရေးအတွက် တစ်နေရာတည်းတွင် အခြေချတာဝန်ထမ်းဆောင်ရေး နည်းလမ်းဖြစ်သည့် ဒေသခံများကိုသာ ဦးစားပေး၍ ခန့်ထားသောစနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ထမ်းများ၏ ဆန္ဒပြုဒေသနှင့် လစ်လပ်မှုအခြေအနေများ ကိုက်ညီမှုရှိပါက ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာအဆင့် ပညာရေး ဝန်ထမ်းများ၏ အပြောင်းအရွှေ့လျှောက်ထားခွင့်ကို လက်ရှိရာထူးကျောင်း၌ တစ်ဆက်တည်း လုပ်သက်နှစ်နှစ် တာဝန်ထမ်းဆောင်ပြီးပါက အပြောင်းအရွှေ့ လျှောက်ထားနိုင်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် **စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို

စာမျက်နှာ ၈ ကော်လံ ၃ သို့

## ပြည်တွင်းသတင်း

### ပြည်သူ့လွှတ်တော်မှ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အတည်ဖြစ်ခဲ့သော ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှ ၂၀၁၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့အထိ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများနှင့်ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့လာသည့် လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်းသည့် လက်ခံရရှိသည့်တိုင်စာပေါင်း ၁၃ စောင်၊ စုံစမ်းစစ်ဆေးပြီး မမှန်ကန်၍ ပိတ်သိမ်းသည့် တိုင်စာပေါင်း ၇ စောင်၊ စုံစမ်းစစ်ဆေးဆဲ တိုင်စာပေါင်း ၆ စောင်၊ တရားစွဲဆိုသည့် တိုင်စာ ၁ စောင်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သော အမှုမရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းက "အစားအသောက်လုံခြုံရေးနှင့်ပတ်သက်၍ အမျိုးသားအစားအသောက် ဥပဒေနှင့်အညီ မည်ကဲ့သို့ စီမံထားသည်ကို သိရှိလိုကြောင်း" မေးမြန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ် ဧပြီတွင် တိုးချဲ့ဖွဲ့စည်းခွင့်ရရှိပြီး အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို ပိုမိုအားဖြည့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အန္တရာယ်ရှိသော အစားအသောက်များနှင့် အရည်အသွေးပြည့်မီမှုမရှိသည့် အစားအသောက်များ ဈေးကွက်ထောက်လှမ်းမှုကိုလည်း ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီက ကြီးကြပ်၍ ဈေးကွက်နမူနာ ကောက်ယူခြင်း၊ ဓာတ်ခွဲစစ်ဆေးချက်အရ စားသုံးရန်မသင့်သည့် စားသောက်ကုန်များကို သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်အဖြစ် ၂၀၁၄ နှစ်ဦးပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ဇွန်လမှ ဒီဇင်ဘာလအထိ တိုင်းဒေသကြီးနှင့်ပြည်နယ် (၈)ခုတွင်လည်းကောင်း၊ လာမည့်စာသင်နှစ်များတွင် ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အရောင်းပါ ထုပ်ပိုးအစားအသောက်များကို ကျပန်းနမူနာ ကောက်ယူစစ်ဆေးသွားမည်ဖြစ်ပါကြောင်း။

အမျိုးသား အစားအသောက်ဥပဒေတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အစားအသောက်စစ်ဆေးရေးမှူးများ ခန့်အပ်တာဝန်ပေးရန်ပါရှိသော်လည်း အစားအသောက်စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ကျွမ်းကျင်ဝန်ထမ်းနည်းပါးခြင်းကြောင့် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်မှု လျော့နည်းခဲ့ပါကြောင်း၊ ၂၀၁၃ခုနှစ် ဩဂုတ် ၁ ရက်နေ့မှစ၍ ဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစားအသောက် စစ်ဆေးရေးမှူးများ သတ်မှတ်ခန့်ထားပြီးဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ တိုးချဲ့ဖွဲ့စည်းပုံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အထိသာဖွဲ့စည်းပါရှိသဖြင့် ခရိုင်နှင့် မြို့နယ်အစားအသောက် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန၏ အခြေခံကျန်းမာရေးဝန်ထမ်းများမှ အစားအသောက်စစ်ဆေးရေးမှူး တာဝန်များကို တွဲဖက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ခရိုင်နှင့် မြို့နယ်အဆင့်များအထိ တိုးချဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနက တင်သွင်းသည့် "ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း" ၏ပြင်ဆင်ချက်(၉၉)ချက်အား ဥပဒေကြမ်းကော်မတီက တင်သွင်းပြီး လွှတ်တော်က သဘောတူညီသဖြင့် ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသည့် ၅ ချက်ကို ဥပဒေကြမ်းကော်မတီဝင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်က သဘောတူညီသဖြင့် အမျိုးသားလွှတ်တော်ပြင်ဆင်ချက်အတိုင်း ၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသော အချက်(၇)ချက်ကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးတင်ပြရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော "နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူညီသည့် ၁၄ ချက်နှင့် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက် ၄ ချက်အား ဥပဒေကြမ်းကော်မတီဝင်က ဖတ်ကြားပြီး လွှတ်တော်က သဘောတူညီခဲ့သည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီ(၁၉)ခုအား တစ်နှစ်ပြည့်မြောက်ပြီး နောက်တစ်ရက်တွင် သက်တမ်းတစ်နှစ်တိုးမြှင့်သွားမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပုဇွန်တောင် မဲဆန္ဒနယ်မှ ဦးအောင်ဇင် တင်သွင်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိသည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရန် အဆိုနှင့်စပ်လျဉ်း၍ ကော်မရှင် ဖွဲ့စည်းထားရှိမှုကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

မွန်းလွဲပိုင်းတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ **(သတင်းစဉ်)**

# (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲအကြောင်း တစေ့တစောင်း



**အားကစားဝန်ကြီး ဌာန၊ အားကစားနှင့် ကာယ ပညာ ဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်။**

ဘော်လီဘောအားကစားနည်းကို ၁၈၈၅ ခုနှစ်တွင် အမေရိကန်လူမျိုး မစ္စတာ ဝီလျံမော်ဂင်ဆိုသူက စတင်မိတ်ဆက် မွေးဖွားပေးခဲ့ရာ မျက်မှောက်ကမ္ဘာ့အားကစားလောကတွင် မင်တိုနက်တီ(ခေါ်)ဘော်လီဘောသည် လူကြိုက်များရေပန်းစားသည့် အားကစားနည်းတစ်ရပ်ဖြစ်နေပြီ ဖြစ်သည်။ အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲများတွင် ထည့်သွင်းယှဉ်ပြိုင်လျက်ရှိသကဲ့သို့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ၌လည်း ဘော်လီဘောအားကစားပြိုင်ပွဲများကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ စတင်ကျင်းပခဲ့သည့် ၁၉၅၉ ခုနှစ်ကတည်းက ထည့်သွင်းကျင်းပခဲ့သည်။

သို့ဖြစ်၍ (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်(အမျိုးသား/အမျိုးသမီး) အားကစားပြိုင်ပွဲများအဖြစ်ကျင်းပမည့် ဘော်လီဘောပြိုင်ပွဲနှင့်ပတ်သက်၍ အားကစားဝန်ကြီး ဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်နှင့်တွေ့ဆုံမေးမြန်းခဲ့သမျှ ရေးသားတင်ပြလိုက်ရပါသည်။

**မောင်ဖိုးဇော် ။ ။ (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ် (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဘယ်နေ့ကနေ ဘယ်နေ့အထိ၊ ဘယ်နေရာမှာ ယှဉ်ပြိုင်ကြမှာလဲ ခင်ဗျာ။**

ဖြေ ။ ။ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့ အမျိုးသားအားကစား အဆင့်အတန်းမြင့်မားတိုးတက်ရေးလုပ်ငန်းတွေကို ဘက်ပေါင်းစုံက အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ လုပ်ငန်းစဉ်တွေများစွာရှိတဲ့အနက်က လုပ်ငန်းစဉ်တစ်ခုကိုအကောင်အထည်ဖော်တဲ့အနေနဲ့ (၁၈)ကြိမ်မြောက် အရှေ့တောင်အာရှလူငယ်(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးတာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ မြန်မာလူငယ်ဘော်လီဘောလက်ရွေးစင် အားကစားသမားတွေကိုနိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရေးနဲ့ဘော်လီဘောအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊ ပြည်သူတစ်ရပ်လုံးနဲ့ ဘော်လီဘောအားကစားဝါသနာရှင်များအနေနဲ့လည်း နိုင်ငံတကာ အဆင့်အတန်းနဲ့ မြန်မာ့အဆင့်အတန်းကို ချိန်ထိုးတွက်ဆကြည့်နိုင်ဖို့၊ အားနည်းချက်တွေကို ပြုပြင်နိုင်ဖို့၊ အားသာချက်တွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ၂၀၁၄ ခုနှစ် ဩဂုတ် လ ၂ ရက်နေ့ကနေ ၆ ရက်နေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)မှာကျင်းပသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဒီပြိုင်ပွဲမှာ ဘယ်နိုင်ငံ၊ ဘယ်အသင်းတွေ ပါဝင်ယှဉ်ပြိုင်ကြမှာလဲ ခင်ဗျာ။**

ဖြေ ။ ။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမယ့် နိုင်ငံတွေကတော့ အမျိုးသားပြိုင်ပွဲမှာ မြန်မာ(က)အသင်း၊ မြန်မာ(ခ) အသင်း၊ ထိုင်းအသင်း၊ ဗီယက်နမ်အသင်းနဲ့ နယူးဇီလန်အသင်း စုစုပေါင်းငါးသင်းတို့ယှဉ်ပြိုင်ကြမှာဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲမှာ မြန်မာအသင်း၊ ထိုင်းအသင်းနဲ့ဗီယက်နမ်အသင်း စုစုပေါင်းသုံးသင်းပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

**မေး ။ ။ လာရောက်ကြည့်ရှုအားပေးလိုတဲ့သူတွေအနေနဲ့ ဘယ်နေရာကို ဘယ်လိုဆက်သွယ်ဆောင်ရွက်ရမှာလဲခင်ဗျာ။**

ဖြေ ။ ။ အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲကို လာရောက်ကြည့်ရှုအားပေးလိုတဲ့ ပရိသတ်တွေအနေနဲ့ကတော့ ပြိုင်ပွဲကျင်းပတဲ့နေ့ရက်တွေမှာ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)မှာ အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါတယ်။

**မေး ။ ။ ပြိုင်ပွဲယှဉ်ပြိုင်မယ့်နိုင်ငံ၊ နေ့ရက်နဲ့အချိန်တွေကိုလည်း သိပါရစေ။**

ဖြေ ။ ။ ပြိုင်ပွဲယှဉ်ပြိုင်မယ့် ရက်တွေအနေနဲ့ကတော့ ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီမှာ ထိုင်းအမျိုးသမီးအသင်းနဲ့ ဗီယက်နမ်အမျိုးသမီးအသင်း၊ မွန်းလွဲ ၂ နာရီမှာ ထိုင်းအမျိုးသားအသင်းနဲ့ နယူးဇီလန်အမျိုးသားအသင်း၊ ညနေ ၄ နာရီမှာ မြန်မာအမျိုးသား(ခ) အသင်းနဲ့ ဗီယက်နမ်အမျိုးသားအသင်းတို့ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီမှာ မြန်မာအမျိုးသား(က)အသင်းနဲ့ နယူးဇီလန်အမျိုးသားအသင်း၊ မွန်းလွဲ ၂ နာရီမှာ ထိုင်းအမျိုးသားအသင်းနဲ့ မြန်မာအမျိုးသား(ခ) အသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ဩဂုတ်လ ၄ ရက်နေ့ မွန်းတည့် ၁၂ နာရီမှာ မြန်မာအမျိုးသမီးအသင်းနဲ့ ဗီယက်နမ်အမျိုးသမီးအသင်း၊ မွန်းလွဲ ၂ နာရီမှာ မြန်မာအမျိုးသား(က) အသင်းနဲ့ဗီယက်နမ်အမျိုးသားအသင်း၊ ညနေ ၄ နာရီမှာ နယူးဇီလန်အမျိုးသားအသင်းနဲ့ မြန်မာအမျိုးသား (ခ) အသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ဩဂုတ် ၅ ရက် မွန်းတည့် ၁၂ နာရီမှာ မြန်မာအမျိုးသား (က) အသင်းနဲ့ မြန်မာအမျိုးသား (ခ) အသင်း၊ မွန်းလွဲ ၂ နာရီမှာ ဗီယက်နမ်အမျိုးသားအသင်းနဲ့ ထိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ဩဂုတ် ၆ ရက် မွန်းတည့် ၁၂ နာရီမှာ မြန်မာအမျိုးသမီးအသင်းနဲ့ ထိုင်းအမျိုးသမီးအသင်း၊ မွန်းလွဲ ၂ နာရီမှာ မြန်မာအမျိုးသား (က)အသင်းနဲ့ ထိုင်းအမျိုးသားအသင်း၊ ညနေ ၄ နာရီမှာ ဗီယက်နမ်အမျိုးသားအသင်းနဲ့ နယူးဇီလန်အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

**မေး ။ ။ ပြိုင်ပွဲမှာပါဝင်ယှဉ်ပြိုင်ကြမယ့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားတွေကို ဘယ်လိုကြိုတင်ပြင်ဆင်လေ့ကျင့်ပေးခဲ့ပါသလဲ၊ ဆုရရှိခဲ့မှုတွေရှိရင်လည်း သိချင်ပါတယ်။**

ဖြေ ။ ။ ဒီပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုအရ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်အနေနဲ့ ၂၀၁၃ ခုနှစ် အိမ်ရှင်ဆီးဂိမ်းပြိုင်ပွဲကြီးပြီးကတည်းက ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲနဲ့ တိုင်းဒေသကြီး/ ပြည်နယ် ဘော်လီဘောပြိုင်ပွဲတွေက အရည်အချင်းရှိတဲ့ လူငယ်မျိုးဆက်သစ်တွေကို စုစည်းရွေးချယ် စခန်းသွင်းပြီး ယနေ့အချိန်ထိ စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ဒီလူငယ်ဘော်လီဘောပြိုင်ပွဲကတော့ နှစ်နှစ်တစ်ကြိမ် ကျင်းပနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ လူငယ်အမျိုးသားအသင်းကို ၁၉၉၂ ခုနှစ် အိမ်ရှင် မလေးရှားနိုင်ငံ၊ ၁၉၉၄ ခုနှစ် အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံ၊ ၁၉၉၆ ခုနှစ် အိမ်ရှင်ထိုင်းနိုင်ငံနဲ့ ၂၀၁၂ ခုနှစ် အိမ်ရှင် မြန်မာနိုင်ငံအဖြစ် လက်ခံကျင်းပခဲ့တဲ့ အကြိမ်တွေမှာ လေးကြိမ် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပါတယ်။ မြန်မာလူငယ် အမျိုးသမီးဘော်လီဘောအသင်းအနေနဲ့ကတော့ ၂၀၁၂ ခုနှစ် ထိုင်းနိုင်ငံမှာ အမျိုးသမီးပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး သွားရောက်ယှဉ်ပြိုင်ခဲ့တဲ့အခါ ကြေးတံဆိပ်ရရှိခဲ့ပါတယ်။

**မေး ။ ။ ပြည်တွင်းပြည်ပ သတင်းမီဒီယာတွေ သတင်းရယူဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ၊ နောက်ပြီး သတင်းရယူဖို့ ဘယ်သူ့ကိုဘယ်လိုဆက်သွယ်ရမလဲခင်ဗျာ။**

ဖြေ ။ ။ ယခုပြိုင်ပွဲမှာ ပြည်တွင်း မီဒီယာတွေ အားလုံးနဲ့ပြည်တွင်းအခြေစိုက် ပြည်ပမီဒီယာတွေအားလုံးသတင်းရယူနိုင်ပါတယ်။ သတင်းဌာနတွေက သတင်းလာရောက်ရယူလိုတဲ့အမည်စာရင်းကို အားကစားဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၆၀၂၆ ကို ဖက်စ်ထိုးပြီး စာရင်းပေးနိုင်ပါတယ်။ အခက်အခဲတစ်စုံတစ်ရာရှိရင် ညွှန်ကြားရေးမှူး ဦးဌေးအောင် ဖုန်း-၀၉-၂၀၀၂၁၉၆ ကို ဆက်သွယ်နိုင်ပါတယ်။ သတင်းဌာနများအနေနဲ့ သတင်းလာရောက်ယူတဲ့အခါ သက်ဆိုင်ရာသတင်းဌာနဝတ်စုံနဲ့ စိစစ်ရေးကတ်ကို ချိတ်ဆွဲပြီးလာရမှာဖြစ်ပါတယ်။ **မင်းမင်းဇော်(သတင်းစဉ်)**

### အမျိုးသားလွှတ်တော်မှ

လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ထို့အတူ **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုပြီး ယင်းဥပဒေကြမ်းတစ်ရပ်လုံးအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုသည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိသည့်ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်းက ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုကော်မတီက ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ဒသမပုံမှန်အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ကြယ်ပွင့်ပြမေးခွန်း ၂၀၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၂၇၂ ခုတို့ကို မေးမြန်းခဲ့ရာ ကြယ်ပွင့်ပြမေးခွန်း(၈)ခုသည် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းသည့်အတွက် မေးခွန်းနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခဲ့ပါကြောင်း၊ အဆိုများ တင်သွင်းခြင်းကဏ္ဍတွင် အဆို(၉)ခုတင်သွင်းခဲ့ပြီး အဆို(၈)ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ လာမည့်အစည်းအဝေးတွင် အဆုံးအဖြတ်ပြုရန် အဆို(၁)ခုကျန်ရှိပါကြောင်း၊ ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍတွင် ဥပဒေကြမ်း (၂၉)ခု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကော်မတီများနှင့်ကော်မရှင်က စုစုပေါင်း ကော်မတီအစည်းအဝေး(၁၀၉)ကြိမ်နှင့် ကော်မရှင်အစည်းအဝေး(၂)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များသိရှိလိုသည့် သတင်းအချက်အလက် (၂၁)စောင်ကို ပြုစုပေးခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေးအတွက် ဆွေးနွေးပွဲ(၅)ကြိမ် ပြုလုပ်ခဲ့ပါကြောင်းဖြင့် လွှတ်တော်သို့ရှင်းလင်းပြီး ကိုယ်စားလှယ်အားလုံး မိမိတို့နေရပ်သို့အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ပြည်သူတို့၏ ဆန္ဒလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများအစမ်းခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးကျော်ငွေ<br>ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှု<br>လုပ်ငန်းဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမကုန်သွယ်မှု<br>မြှင့်တင်ရေးဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |
| (ခ) ဦးလှမိုး<br>ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမကုန်သွယ်မှု<br>မြှင့်တင်ရေးဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှု<br>လုပ်ငန်းဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးဝင်းအောင်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့အသေးစားငွေရေး<br>ကြေးရေးကြီးကြပ်စစ်ဆေးရေး<br>လုပ်ငန်း<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အသေးစားငွေရေးကြေးရေး<br>ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာလှတင့်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာတင်မောင်ထွန်း<br>ဒုတိယပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာသက်ထွန်းအောင်<br>ဒုတိယပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာကြည်စိုး<br>ဒုတိယပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (စ) ဒေါက်တာသူရဦး<br>ဒုတိယပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်ကိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) ဒေါက်တာတင်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) ဒေါက်တာတင်မောင်လှ<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) ဒေါက်တာဦးချို<br>ဒုတိယပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ည) ဒေါက်တာဝင်းနိုင်<br>ဒုတိယပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မုံရွာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဋ) ဒေါက်တာမောင်မောင်<br>ဒုတိယပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဌ) ဒေါက်တာဒေါ်တင်မာကြည်<br>ဒုတိယပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပင်လုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

❀ **ရှေ့ဖုံးမှ**

မင်းတုန်း၊ မင်းကင်း၊ လောက်ကိုင်၊ ဖားဆောင်း၊ မအီဆော၊ မင်းပြား၊ ကမ္မ၊ ချောင်းဆုံနှင့်ဘုရားကုန်း (ဇာသပြင်) စသည်တို့၌တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်အလိုက် ဓာတ်အားသုံးစွဲမှု ၁၅ ရာခိုင်နှုန်းခန့် တိုးမြှင့်လျက်ရှိရာ ဓာတ်အားထုတ်လုပ်မှုတိုးတက်လာရန် ကြိုးစားလျက်ရှိသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ယူနစ်သန်း ၁၀၉၅၈ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး လူတစ်ဦးချင်း ၁၈၀ ကီလိုဝပ်နာရီခန့် သုံးစွဲနိုင်ခဲ့သည်။ အိမ်ထောင်စုအပေါ် ဓာတ်အားသုံးစွဲနိုင်မှု ၃၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို ကြည့်လျှင် လာမည့် ၂၀၁၅ ခုနှစ်၌ မဂ္ဂါဝပ် ၄၉၀၀ အထိ သုံးစွဲလာမည့် အခြေအနေရှိသော်လည်း ဓာတ်အားထုတ်လုပ်ပေးနိုင်မှုအနေအထားမှာ မဂ္ဂါဝပ် ၂၅၀၀ ခန့်သာရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ဓာတ်အားသုံးစွဲမှုအနေအထားအရ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ဓာတ်အားမဂ္ဂါဝပ် ၁၀၀၀၀ ခန့် ထုတ်လုပ်နိုင်မှုရရှိမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်မှုကို နှစ် ၃၀ စီမံကိန်းရေးဆွဲဆောင်ရွက်နေလျက်ရှိသည်။

ထို့ကြောင့်မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရယူရာတွင် ရေအား၊ကျောက်မီးသွေးတို့မှ ပိုမိုရယူထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးစားလျက်ရှိသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို မျှတစွာနှင့် ဖြောင့်မတ်စွာ ရှုမြင်ရန်လို

နေပြည်တော် ဇူလိုင် ၃၁

**နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ချက် တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိက အခန်းကဏ္ဍမြှင့်တင်ရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ပြုလုပ်လျက်ရှိရာတွင် ပြည်သူများ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကိုလည်း ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ဤဦးစားပေးဆောင်ရွက်ချက်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီအား မြန်မာနိုင်ငံသို့ လာရောက်ရန်ဖိတ်ကြားခဲ့ပါသည်။ သို့ဖြစ်ရာ မစ္စရန်ဟီလီသည် သူမ၏မြန်မာနိုင်ငံသို့ ပထမဆုံးခရီးစဉ်အဖြစ် ၁၆-၇-၂၀၁၄ ရက် နေ့မှ ၂၆-၇-၂၀၁၄ ရက်နေ့ အထိ ၁၀ ရက်ကြာခရီးလာရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်အစိုးရသည် မစ္စရန်ဟီလီမှ မေတ္တာရပ်ခံခဲ့သည့် သွားရောက် လေ့လာကြည့်ရှုလိုသည့် နေရာများ၊ တွေ့ဆုံလိုသူများအားလုံးကို သွားရောက်တွေ့ဆုံ နိုင်စေရန် အပြည့်အဝပူးပေါင်းညှိနှိုင်း စီစဉ်ပေးခဲ့ပါသည်။ ခရီးစဉ်အတွင်း မစ္စရန်ဟီလီသည် ရန်ကုန်၊ စစ်တွေ၊ မောင်တော၊ ဗန်းမော်၊ မြစ်ကြီးနား၊ မန္တလေးနှင့် နေပြည်တော်များသို့ သွားရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများ၊ အစိုးရပိုင်းတာဝန်ရှိသူအကြီးအကဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော်ဆိုင်ရာဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုအဖွဲ့၊ ဘာသာပေါင်းစုံသွေးစည်းညီညွတ်ရေးအဖွဲ့၊ လူမှုအသိုက်အဝန်း၊ သတင်းသမားများ၊ ရှေ့နေများ၊ ၈၈ မျိုးဆက်သစ်ကျောင်းသားအဖွဲ့၊ ယုံကြည်ချက်ဆိုင်ရာ အကျဉ်းသားဘဝမှ လွတ်မြောက်လာပြီးသူများ၊ ၎င်းမှ တွေ့ဆုံရန် မေတ္တာရပ်ခံထားသည့် အကျဉ်းသားများ၊ သံတမန်အသိုက်အဝန်း၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေအဖွဲ့တို့နှင့် တွေ့ဆုံခဲ့ပါသည်။

ခရီးစဉ်အပြီး မစ္စရန်ဟီလီမှ သတင်းထုတ်ပြန်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူ့အခွင့်အရေးနယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်မှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ သိသာထင်ရှားစွာ တွေ့မြင်ရသည့်အတွက် အသိအမှတ်ပြု ဂုဏ်ပြုချီးကျူးကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် နောက်ကြောင်းပြန်လှည့်စေနိုင်သည့် စိုးရိမ်ဖွယ်လက္ခဏာရပ်များကိုလည်း စိစစ်ဟန့်တားရန်လိုကြောင်း၊ လူမှုအသိုက်အဝန်းနှင့် သတင်းလောကတို့၏ လှုပ်ရှားမှုများကို ဟန့်တားအရေးယူရန် တရားစီရင်ရေးစနစ်နှင့် ဥပဒေတို့ကိုအသုံးပြုလျက်ရှိကြောင်း၊ လွတ်လပ်စွာဖော်ထုတ်ပြောကြားခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစည်းရုံးခွင့်တို့သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအကြိုကာလအတွက် မရှိမဖြစ် လိုအပ်သောအရာများဖြစ်ကြောင်း၊ ခေတ်နှင့်မညီသော ဥပဒေများ သုံးသပ်ပြင်ဆင်ရေးနှင့် အမျိုးဘာသာကာကွယ်ရေးဥပဒေကြမ်းများ ရုပ်သိမ်းရန်လိုလားကြောင်း စသည်ဖြင့် သူမ၏ တွေ့ရှိချက်နှင့် အကြံပြုချက်များကိုလည်း ထည့်သွင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသိုက်အဝန်းတစ်ရပ်သို့ရှေးရှုလျက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းနိုင်ရေးအတွက် တည်ဆဲပြည်တွင်းဥပဒေတစ်ရပ်ရပ်အား ချိုးဖောက်သည့် မည်သူကိုမဆို ဥပဒေအရ အရေးယူသွားရန် လိုအပ်ပါသည်။ မည်သည့်လွတ်လပ်ခွင့်တစ်ရပ်ရပ်ကိုမဆို ဥပဒေနှင့်အညီ ကျင့်သုံးခြင်းအတွက် အရေးယူခြင်းမျိုး မရှိပါ။ မီဒီယာလွတ်လပ်ခွင့်အားလည်း ကန့်သတ်ထားခြင်းမရှိပါ။ သို့သော် တရားဥပဒေချိုးဖောက်သူ မည်သူမဆို နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အရေးယူခံရမည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တစ်ချိန်တည်းမှာပင် ပြည်သူအများ၏သဘောဆန္ဒကိုထည့်သွင်းစဉ်းစားလျက် ပြည်သူများအကျိုးကို ဖော်ဆောင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မမီသော ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများလည်းပြုလုပ်လျက်ရှိပါသည်။ ဤသို့ ဥပဒေများ ပြင်ဆင်ခြင်း၊ ရေးဆွဲခြင်းတို့ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတို့၏ ဆန္ဒကိုလည်း အလေးထားမည်ဖြစ်ပါသည်။

၁၉၈၂ ခုနှစ် တည်ဆဲနိုင်ငံသားဥပဒေတွင် ၁၈၂၃ ခုနှစ် မတိုင်မီကပင် မြန်မာနိုင်ငံတော်အတွင်း၌ အမြဲတမ်းအခြေချ နေထိုင်သည့် ကချင်၊ကယား၊ကရင်၊ချင်း၊ ဗမာ၊ မွန်၊ရခိုင်၊ရှမ်းစသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် သမိုင်းတွင်မည်သည့်အခါကမျှမရှိခဲ့သည့် "ရိုဟင်ဂျာ" ဟူသည့်အသုံးအနှုန်းကို လက်ခံထားခြင်းမရှိသကဲ့သို့ အသိအမှတ်ပြုထားခြင်းလည်းမရှိပါ။ နိုင်ငံသားဖြစ်မှုကိစ္စအား ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလူ့အသိုက်အဝန်းတစ်ရပ် တည်ဆောက်ခြင်းကို ပြည်သူ့ဗဟိုပြု မူဝါဒတစ်ရပ်ဖြင့် အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်သူများကလည်း ဒီမိုကရေစီအခွင့်အရေးများခံစား ကျင့်သုံးခြင်းနှင့်အတူ လက်တွဲပါဝင်ကြိုးပမ်းလျက်ရှိပါသည်။ ဤသို့ကြိုးပမ်းရာတွင် တာဝန်သိမှုနှင့် တာဝန်ယူမှုတို့လည်း တစ်ဆင့်ပြီးတစ်ဆင့်မျှတ စွာတိုးတက်ဖြစ်ပေါ်လာရန်နှင့် ရင့်ကျက်လာမှသာ ဒီမိုကရေစီလူ့အသိုက်အဝန်း ရည်မှန်းချက်ပန်းတိုင်သို့ တည်ငြိမ်အေးချမ်းစွာဖြင့် ရောက်ရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဤရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် မဆုတ်မနစ် ကြိုးပမ်းသွားမည်ဟု သန္နိဋ္ဌာန်ချပြီးဖြစ်သည့်အတိုင်း မည်သို့သော အခက်အခဲများ၊ စိန်ခေါ်မှုများကြုံတွေ့ရသည်ဖြစ်စေ ရင်ဆိုင်ဖြေရှင်းလျက် ရှေ့သို့ဆက်လက်ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။

နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ဒီမိုကရေစီပြောင်းလဲစနုနယ်သေးသည့် နိုင်ငံတစ်ခုက ရင်ဆိုင်ဖြေရှင်းနေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို သဘောပေါက်နားလည်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကိုလည်း မျှတစွာနှင့်ဖြောင့်မတ်စွာ ရှုမြင်ရန် လိုအပ်ပါသည်။ အရှိန်အဟုန် ရရှိလျက်ရှိသည့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာရေး၊ အထူးသဖြင့် မြန်မာပြည်သူများ၏ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးတို့ တိုးမြှင့်ဆောင်ရွက်ချက်များအပေါ် အပြုသဘောဖြင့် ဆက်လက်ကူညီအားပေးရန် လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**



## နိုင်ငံတကာဆက်ဆံရေး အခန်းကဏ္ဍနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံ၏ ကောင်းမွန်သောပုံရိပ်များကို အမေရိကန်ပြည်သူများနှင့် စီးပွားရေးအသိုက်အဝန်းတို့အား အသိပေးနိုင်ရန်အလို့ငှာ US-Television မှ Program Mana- ger. Mr.Wim Luyten သည် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယင်းဝန်ကြီးရုံး၌ ယနေ့နံနက် ၁၀နာရီတွင် လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ နိုင်ငံတကာဆက်ဆံရေး အခန်းကဏ္ဍနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှုများ၊ မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား နှစ်နိုင်ငံဆက်ဆံရေး၊ မြန်မာနိုင်ငံ၌ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံရန် သင့်လျော်မည့် စီးပွားရေးကဏ္ဍများ၊ နိုင်ငံတကာမှ ပြည်သူများနှင့်စီးပွားရေး လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့လာရောက်ရန် ဆွဲဆောင်နိုင်သည့် အားသာချက်များ၊ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေမှုများ စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် US-ASEAN Business Council(USABC) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ အလုပ်သဘောဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၃၁**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် US-ASEAN Business Council(USABC) ဥက္ကဋ္ဌ Mr. Alexander C. Feldman ဦးဆောင်သည့် အမေရိကန်ကုမ္ပဏီများမှ ကိုယ်စားလှယ်အဖွဲ့တို့၏ အလုပ်သဘောဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်သဘော ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အမေရိကန်ကုမ္ပဏီ ၂၁ ခုဖြစ်သည့် ACE၊ AIG Baker & McKEnzie၊ Baxter၊ Caterpillan၊ Chevron၊ Citi၊ Conco Phillips၊ Covidien၊ Deloitte၊ Exxono Mobil၊ FedEx၊ Ford၊ GE၊ GM၊ Intel၊ Oracle၊ Pifzer၊ P&G၊ RMA၊ Visa တို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် U.S-ASEAN Business Council မှတာဝန်ရှိပုဂ္ဂိုလ်များ စုစု ပေါင်း ၈၀ ခန့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် US-ASEAN Business Council (USABC) ဥက္ကဋ္ဌ Mr.Alexander C. Feldman နှင့် မြန်မာနိုင်ငံရှိ US-Business ဥက္ကဋ္ဌ၊ Chevron မှ Mr. Mariano Vela တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာနိုင်ငံ၏အထူးစီးပွားရေးဇုန်များ ထူထောင်မှုနှင့်ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြင့်လာစေရန် ဆောင်ရွက်ထားရှိမှုများ၊ ဒုတိယဝန်ကြီး ဦးဘရှွေက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်မှ နည်းပညာများ ရရှိရေးနှင့် ပညာတော်သင်အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဒုတိယဝန်ကြီး ဦးသောင်းတင်က ဆက်သွယ်ရေးကဏ္ဍ ဖြေလျှော့မှုနှင့် အနာဂတ်တွင် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံထားရှိမှုများ၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ကုန်သွယ်မှုအတားအဆီးများ ဖြေလျှော့ပေးလျက်ရှိခြင်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေးကြသည်။

အမေရိကန်ကုမ္ပဏီများ အနက် GE ကုမ္ပဏီက လျှပ်စစ်စွမ်းအား စီမံကိန်းများနှင့်စပ်လျဉ်း၍ အခြေခံအဆောက်အအုံနှင့် နည်းပညာဆိုင်ရာ အကူအညီပေးမည့်အစီအစဉ်များ Caterpillar က အကြီးစားစက်မှုလုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ၊ Ford က မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် စီးပွားရေးလုပ်ငန်းများ၊ FedEx က အခြေခံအဆောက်အအုံထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ Baker & McKEnzie က မြန်မာနိုင်ငံတွင် ရုံးစိုက်လုပ်ကိုင်မည့် ဥပဒေရေးရာ ဝန်ဆောင်မှုများ၊ အာဆီယံဒေသတွင်း ပံ့ပိုးပေးသည့် ဥပဒေရေးရာ ပညာသင်အစီအစဉ်၊ P&G က ရေကောင်းရေသန့် ရရှိရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ Covidien က ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အကူအညီပေးမည့်အစီအစဉ်များ၊ Visa က mobile payment, international payment နှင့် financial literacy နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ Citi Bank က ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ၊ Pifzer က ကျန်းမာရေးကဏ္ဍတွင် ပညာသင်ဆုပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ GM က မော်တော်ကားနှင့်ဆိုင်သော ကိစ္စရပ်များ ဆွေးနွေးကြသည်။

အလုပ်သဘော ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုအလားအလာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များ၏ တိုးတက်ဖြစ်ပေါ်မှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှု အလားအလာများ၊ နည်းပညာဆိုင်ရာ အကူအညီပေးရေးနှင့် လွှဲပြောင်းရယူရေးအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးကဏ္ဍ ဖြေလျှော့မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ အမေရိကန်ကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံသို့ အကူအညီပေးမည့် အစီအစဉ်များ၊ ပညာသင်ဆုနှင့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်မှု အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၆ မှ**

(ခ) ဤအဆင့်တွင် ဆောင်ရွက်လိုသော နေရာဒေသရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရမှ အတည်ပြုချက်ရယူပြီးမှသာ လေ့လာခွင့်ပြုခြင်း။

(ဂ) စူးစမ်းလေ့လာရန်ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာတင်ပြလာပြီးပါက ဝန်ကြီးဌာနမှ ကျွမ်းကျင်မှုဆိုင်ရာများ စနစ်တကျ စိစစ်ခြင်း။

(ဃ) တစ်ပြိုင်နက်တည်းမှာပင် EIA,SIA အစီရင်ခံစာများပြုစု တင်ပြခြင်း။(ဂုဏ်သိက္ခာရှိသော တတိယအဖွဲ့အစည်းကို ဆောင်ရွက်စေပါသည်။)

(င) EIA,SIA အစီရင်ခံစာ တင်ပြရုံသာမက သက်ဆိုင်ရာနယ်မြေခံ/ဒေသခံပြည်သူများအား ဒေသတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြစေခြင်း၊ တင်ပြချိန်တွင်လည်း ပွင့်လင်းမြင်သာစွာ အချက်အလက်အားလုံးရှင်းလင်းတင်ပြစေခြင်း။

(စ) ဖော်ပြပါ အထောက်အထားများ ပြည့်စုံခိုင်လုံပါက အဆင့်ဆင့်တင်ပြစိစစ်၍ ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်ဆို၏။

ဝန်ကြီးဌာနအနေဖြင့် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပါ ကျွမ်းကျင်မှုစိစစ်ခြင်းကို တာဝန်ခံ၍ ကမ္ဘာ့ဘဏ်၏ သတ်မှတ်စံနှုန်းထက် မနိမ့်သောစံနှုန်းဖြင့် ဆောင်ရွက်နိုင်ကြောင်း အာမခံချက် လက်မှတ်ပါ ဆောင်ရွက်မည့်ကုမ္ပဏီထံမှ တစ်ပါတည်းတောင်းခံရယူမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု (EIA,SIA) အစီရင်ခံစာကိုမူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ ပေးပို့တင်ပြ၍ အစစ်ဆေးခံယူမည်ဟုသိရသည်။

MoU များရေးထိုးရာတွင် ရန်ကုန်နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်လာမည့် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များအပါအဝင် ထပ်တိုးလိုအပ်လာမည့် ဓာတ်အားဖြည့်ဆည်းရန်အတွက် ထန်းတပင်၊ သီလဝါ၊ ကျောက်တန်းဒေသများတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အထူးစီးပွားရေးဇုန်နှင့် ထပ်တိုးလိုအပ်မည့်ဓာတ်အားအတွက် ငရုတ်ကောင်းဒေသတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်များ ဖွံ့ဖြိုးရေးအတွက် ပြည်တွင်းရှိ ကလေးဝကျောက်မီးသွေးတွင်းမှ ထွက်ရှိမည့် ကျောက်မီးသွေးကို အခြေခံ၍ ကလေးဝဒေသတွင် လည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသဖွံ့ဖြိုးရေးအတွက် ပြည်တွင်းကျောက်မီးသွေးသုံးစွဲ၍ကျိုင်းတုံဒေသတွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးရေးနှင့်စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ဘုတ်ပြင်းဒေသတွင်လည်းကောင်း၊ ဒေသလိုအပ်ချက်အသီးသီးအပေါ် အခြေခံ၍တည်ဆောက်သွားရန် လျာထားဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရန်ကုန်/ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီး တည်ဆောက်ဆဲနှင့်ဆောင်ရွက်ရန်လျာထားသော ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းများ၏ တပ်ဆင်စက်အင်အားမှာ ၈၅၄၈ ဒသမ ၆ မဂ္ဂါဝပ်ရှိပါသည်။ သို့ပါ၍ ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာရမည့် တစ်နိုင်ငံလုံး တပ်ဆင်စက်အင်အား လိုအပ်ချက်၏ ၆၇ ရာခိုင်နှုန်းခန့်ရှိပါသည်။ ရန်ကုန်/ဧရာဝတီနှင့် မြန်မာပြည်အောက်ပိုင်းဒေသများသည် နောင်တွင် အဓိကဓာတ်အားသုံးစွဲမည့်ဒေသများ ဖြစ်လာမည်ဖြစ်၍ တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်သည်။

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်သည့် ခေတ်မီအဆင့်မြင့်နည်းပညာများပေါ်ပေါက်လာပြီဖြစ်၍ အချို့ကမ္ဘာ့နိုင်ငံကြီးများတွင် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကို လူနေမြို့များနှင့်နီးကပ်စွာပင် တည်ဆောက်အသုံးပြုလာကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ဥပမာအားဖြင့် တင်ပြရပါလျှင် ဂျပန်နိုင်ငံ Mikawa ပင်လယ်အော်၊ Michi ပြည်နယ်တွင် စက်တပ်ဆင်အင်အား ၄၁၀၀ မဂ္ဂါဝပ်ရှိ Hekinan ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသည် လူနေထူထပ်မှုများပြားသော Hekinan မြို့အနီး လေးကီလိုမီတာခန့်အကွာတွင်သာ တည်ဆောက်ထားသလို Yokohama တွင် တပ်ဆင်စက်အင်အား ၁၂၀၀ မဂ္ဂါဝပ်ရှိ Isogo ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသည်လည်း လူနေထူထပ်သော Isogo ရပ်ကွက်နှင့် ၄ ဒသမ ၅ ကီလိုမီတာခန့်အကွာတွင်သာ တည်ဆောက်လည်ပတ်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Isogo ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံသည် ၁၉၆၇ ခုနှစ်တွင် ၂၆၅×၂=၅၃၀ မဂ္ဂါဝပ်ဖြင့် စတင်လည်ပတ်ခဲ့ပြီး ခေတ်မီ နည်းပညာများ ပေါ်ပေါက်လာချိန်တွင် စက်ရုံကို အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်၍ ၂၀၀၉ ခုနှစ်တွင် ၁၂၀၀ မဂ္ဂါဝပ်ဖြင့်ပြန်လည် မောင်းနှင်လည်ပတ်ခဲ့ပါသည်။

အချုပ်အားဖြင့် တင်ပြရသော် ကမ္ဘာ့အဆင့်ဖြင့် သတ်မှတ်ထားသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသတ်မှတ်ချက်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုများ ရင်းနှီးမြှုပ်နှံသူများကြောင့် ထိခိုက်နစ်နာမှုဆိုးကျိုးများ မဖြစ်ပေါ်စေဘဲ လူသားတို့ နောင်နှစ်ပေါင်းများစွာအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပမာဏကြီးမားလျက်ရှိကြောင်း သိရှိနေကြပြီဖြစ်သည့်အားလျော်စွာ ဆောင်ရွက်ရမည့် နှစ်စဉ်မဂ္ဂါဝပ် ၈၀၀ မှ ၁၀၀၀ ခန့် ပုံမှန်တိုးတက်ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။

**ကျောဖုံးမှ**

ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် မြို့ဦးစေတီအနီးရှိ ရုံးပင်ချောင်း မြေထိန်းနံရံ တည်ဆောက်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊ လေ)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ တပ်မတော်သားများက မျောပိုင်ရိုက်ကျောက်ကြီးစီ မြေထိန်းနံရံလုပ်ငန်း၊ Gabion Wall ကျောက်စီမြေထိန်းနံရံလုပ်ငန်းနှင့် ရေလမ်းကြောင်းလွှဲလုပ်ငန်းများအား စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အေလာမြို့ ရွာမရပ်ကွက်ရှိ ဂိုဏ်းထောက်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ သက်တော် ၉၆ နှစ်ရှိ ဂိုဏ်းထောက်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အေလာမြို့ဦးစေတီတော်တည်ထားလျက်ရှိသော ကုန်းတော်သည် ရုံးပင်ချောင်း၏ ချောင်းရေတိုက်စားမှုကို နှစ်စဉ်ကြုံတွေ့နေရပြီး ကျေးရွာအစီအစဉ်ဖြင့် မြေထိန်းနံရံ တည်ဆောက်ခဲ့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ပြန်လည်ပျက်စီးခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ချောင်းရေတိုက်စားမှုကြောင့် အရံစေတီတော်တစ်ဆူနှင့် မဟာဗောဓိညောင်ပင်တို့သည် ကမ်းပါးပြိုကျကာ မြေခခဲ့ရသည်။ ယခုနှစ်တွင်လည်း ကမ်းပါးပြိုကျမှုသည် စေတီတော်နှင့် ၂၅ ပေအကွာသို့ လည်းကောင်း၊ ရွာမ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နှင့်လည်း ပေ ၁၀၀ ခန့် အကွာသို့လည်းကောင်း ရောက်ရှိ နေပြီ ဖြစ်သည်။

ထိုရုံးပင်ချောင်း ရေတိုက်စားမှုကို ကာကွယ်နိုင်ခြင်းမရှိပါက မြို့ဦးစေတီတော်၊ အခြေခံပညာအလယ်တန်းကျောင်းတို့အပြင် အေလာမြို့ လူနေအိမ်များကိုပါ ထိခိုက်ပျက်စီးလာနိုင်၍ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအနေဖြင့် တပ်မတော်သားများက စက်အား၊ လူအား၊ ငွေအားဖြင့် ပူးပေါင်းပါဝင်လှူဒါန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောင်းစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်များလှူဒါန်း

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာနှင့် ညောင်ကုန်းတောင် ကျေးရွာဇာတိ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို ဇူလိုင် ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၈ ရက် သုံးဆယ်ပေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)က ဂုဏ်ပြုစကားပြောကြားပြီး ဘက်စုံထူးချွန်ဆုရ မောင်အောင်မြတ်မင်း၊ သုံးဆယ်ပေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ ကျောင်းကြီးကြပ်မှုဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ သုံးဆယ်ပေးရွာဇာတိ အဝေးရောက်တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ညောင်ကုန်းတောင် အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)က ဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး အလှူရှင် ဦးတင်မောင်ဝင်း-ဒေါ်သန်းသန်းအေး(ရွှေနေခြည်ကုမ္ပဏီ)မိသားစုမှ ဂုဏ်ပြုဆုများနှင့် ကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကျောင်းပညာရေး ဖောင်ဒေးရှင်းအတွက် ကျောင်းအကျိုးတော်ဆောင်များ ဖြစ်ကြသော ဦးကိုကိုနိုင်-ဒေါ်သင်းသင်းမိုး ၊ ဦးဆန်းဝင်း-ဒေါ်ကြည်ကြည်မြင့်၊ ဦးကျော်စိုး-ဒေါ်သီတာ (နန်းထိုက်အောင် ကုမ္ပဏီလီမိတက်) မိသားစုတို့က ငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ ဦးကျော်စိုး-ဒေါ်သီတာ(နန်းထိုက်အောင် ကုမ္ပဏီလီမိတက်) မိသားစု ဇာတိမြေ ညောင်ကုန်းတောင်ရွာအတွက် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ ငါးစောင်စီ တစ်နှစ်စာ ငွေကျပ် တစ်သိန်းရှစ်သောင်းကို လည်းကောင်း လှူဒါန်းခဲ့ကြပြီး ကျောင်းအကျိုးတော်ဆောင် ဦးဆန်းဝင်းက ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းအမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**



# ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မဟာပုဒ္ဓဝင်တောထွက်ခန်း ဇာတ်တော်ကြီးအား ကပြတင်ဆက်



**နေပြည်တော် ဇူလိုင် ၃၁**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ မဟာပုဒ္ဓဝင် တောထွက်ခန်း ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် ည ၇ နာရီက နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC-II) ၌ ကျင်းပခဲ့သည်။

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲ အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်အရ အနုပညာရှင်များက ပဏာမဧည့်ခံဂီတသံ၊ ရွှေပြန်းတော် ဒုံးယိမ်းအက၊ တေးသံသာများ၊ အက ခြေဖျား အနားလှိုင်းခတ်ယိမ်းအက၊ အောင်ပါစေ နှစ်ပါးသွားယိမ်းအက တို့ဖြင့် အနုပညာရသမြောက်စွာ ကပြသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အနုပညာရှင်များက မဟာပုဒ္ဓဝင်တောထွက်ခန်း ဇာတ်တော်ကြီးကို ကပြဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဇာတ်တော်ကြီးကို တင်ဆက်ကပြရခြင်းမှာ နေပြည်တော်၌ ရောက်ရှိနေကြသည့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ ကိုယ်စိတ်နှစ်ပါး ကြည်လင်လန်းဆန်း အပန်းဖြေနိုင်ရေးနှင့် သက်သာချောင်ချိရေးတို့အတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ တင်ဆက်ဖျော်ဖြေခြင်းဖြစ်ကြောင်း၊ ဘုရားအလောင်းသိဒ္ဓတ္ထမင်းသား လောကီစည်းစိမ်ခံစားနေစဉ် နတ်တို့ဖန်ဆင်း နိမိတ်ပြသည့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသည့် နိမိတ်လေးမျိုး မြင်ပြီး သတိသံဝေဂတရား ရရှိကာ နန်းစည်းစိမ်၊ လောကစည်းစိမ်၊ ဇနီးနှင့် သားတို့ကိုစွန့်၍ တောထွက်ပြီး ဘုရားအဖြစ်သို့ ရောက်ရှိအောင် ကျင့်ကြံ အားထုတ်ခဲ့ပုံများကို သတိသံဝေဂရဖွယ်၊ အားကျ အတုယူဖွယ်ဖြစ်အောင် ဇာတ်သဘင် အနုပညာဖြင့် ရသမြောက်စွာ ကပြဖျော်ဖြေထားကြောင်း သိရသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အခမ်းအနားမှူးသင်တန်းကျင်းပ

**မန္တလေး ဇူလိုင် ၃၁**



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော အခမ်းအနားမှူး သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီက ကျင်းပရာ သင်တန်းနည်းပြ ဆရာများအဖြစ် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်း၊ အဖွဲ့ဝင် ဒေါက်တာခင်စန္ဒာအောင်နှင့် ဒေါ်ရူပါသန့်တို့က သင်တန်းပို့ချခဲ့ကြပြီး သင်တန်းသူ ၁၉ ဦး တက်ရောက်ခဲ့ကြောင်းနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းက သင်တန်းတွင် ထူးချွန်ဆုရရှိကြသည့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး **(အပေါ်ပုံ)** သင်တန်းကာလမှာ ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

# ရတနာပုံတက္ကသိုလ်တွင် စာပေဟောပြော

**မန္တလေး ဇူလိုင် ၃၁**

ရတနာပုံတက္ကသိုလ် အနုပညာအသင်းကကြီးမှူး၍ စာပေဟောပြောပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက အမှာစကား ပြောကြားပြီး စာရေးဆရာနေဝင်းမြင့်က ပညာကြီးကြစေခါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ စီမံအရာရှိများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက ဟောပြောချက်များအပေါ် မေးခွန်းများ မေးမြန်းခဲ့ကြရာ စာရေးဆရာနေဝင်းမြင့်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ထင်လင်းမောင်(မန်းကိုယ်ပွား)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒဂုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခွဲက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဟောပြောဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ကျော်ဇေယျ**


## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ ရေတွင်းတူးစက်များနှင့် ထော်လာဂျီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Trollergy (China, Myanmar) Diesel, at Least 90 HP with start-motor 2012 Model နှင့်အထက် 20 Nos

(ခ) Drilling Machine 300m Depth 20 Nos

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက်၊ နေရာ - တင်ဒါပုံစံများကို ၁-၈-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် ၃၆၊ နေပြည်တော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄) နေပြည်တော်တို့တွင်လည်းကောင်း၊ website (www.mlfrd.gov.mm), (www. drdmyanmar.org) E-mail (info. mlfrd@ gmail.com), (drdmyanmar@gmail.com)တို့မှလည်းကောင်း ဝင်ရောက်ကြည့်ရှုရယူနိုင်ပါသည်။

၃။ တင်ဒါသွင်းရမည့်နေ့ရက်၊ တင်ဒါဖွင့်မည့်ရက်- ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၂၉-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် (၀၈း၀၀)နာရီမှ (၀၉း၀၀)နာရီထိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)ရှိတင်ဒါစိစစ်ရေးအဖွဲ့များရှေ့မှောက်၌လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ နံနက် ၁၀း၀၀ နာရီတွင် တင်ဒါပေးသွင်းသူများ ရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေး၍ နည်းပညာစစ်ဆေးရေးအဖွဲ့(Technical Evaluation Committee)မှ အဖွဲ့ဖြင့်စစ်ဆေးကာ Open Tender ဖြင့် စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၈၀၄၆၊ ၀၆၇-၄၀၉၂၁၄၊ ၀၆၇-၄၀၉၂၁၅၊ ၀၆၇-၄၀၈၁၅၃၊ ၀၆၇-၄၀၈၂၂၄၊ ၀၆၇-၄၀၈၂၂၃(Fax)၊ ၀၆၇-၄၀၉၀၂၉(Fax)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ရုံးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တို့တွင် အသုံးပြုမည့် Video Conferencing System ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအဖွဲ့<br>**Video Conferencing System (Polycom)** | |
| | (က) Unit Drive (Polycom 8000 H MCU with Installation | (၁)ခု |
| | (ခ) Terminal Unit for Branch Office | (၃)ခု |
| | (ဂ) Camera<br>-Polycom High Difinication Conference Camera for MCU | (၁)ခု |
| | -Polycom Camera, 1/2.5 CMOS, 720P | (၃)ခု |
| | (ဃ) Mircrophone<br>Digital Omni-Directional Microphone | (၄)ခု |
| | (င) Internet TV (Sony 42" LED TV) | (၄)ခု |
| ၂ | ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)<br>**Video Conferencing System (Polycom)** | |
| | (က) Unit Drive (Polycom 8000 H MCU with Installation) | (၁)ခု |
| | (ခ) Camera<br>- Polycom High Difinication Conference Camera for MCU | (၁)ခု |
| | (ဂ) Mircrophone<br>Digital Omni-Directional Microphone | (၁)ခု |
| | (ဃ) Internet TV (Sony 42" LED TV) | (၁)ခု |
| ၃။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)<br>**Video Conferencing System (Polycom)** | |
| | (က) Unit Drive (Polycom 8000 H MCU with Installation) | (၁)ခု |
| | (ခ) Camera<br>Polycom High Difinication Conference Camera for MCU | (၁)ခု |
| | (ဂ) Mircrophone<br>Digital Omni-Directional Microphone | (၁)ခု |
| | (ဃ) Internet TV (Sony 42" LED TV) | (၁)ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၃၁-၇-၂၀၁၄ရက်မှ ၂၉-၈-၂၀၁၄ရက် ရုံးချိန်အတွင်း (၁)စောင်လျှင် ငွေကျပ် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ၁-၉-၂၀၁၄ရက်(တနင်္လာနေ့)တွင် အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြေညာခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၉၁၉၀၊ ၀၆၇-၄၀၉၂၄၉ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအဖွဲ့၊ နေပြည်တော်**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့တွင် အသုံးပြုရန်-

| | |
|---|---|
| Digital Multifunction Copier (Cannon IR-2420L) | ၃၀ လုံး |
| Computer with UPS (Core i5, 3.2 $GH_2$ ,4 GB.DDR 3,500 GB SATA, Nvidia Geforce 630 M,DVD R/W Lite, Viewsonic 19", 650 VAD | ၃၀ လုံး |
| Laser Printer A4 (Canon LBP 2900) | ၃၀ လုံး |
| Fax Machine (A4) | ၃၀ လုံး |

တို့အား ဝယ်ယူခြင်း၊ ဝက်လက်မြို့နယ်၊ဟံလင်းစံပြကျေးရွာနှင့် စစ်ကိုင်းမြို့နယ်၊ အုန်းတော (မ)ကျေးရွာမီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ၅-၈-၂၀၁၄ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရက်-၆-၈-၂၀၁၄ ရက်မှ ၃၀-၈-၂၀၁၄ ရက်အထိ

(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ-စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၁-၂၆၁၉၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# အရာထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၃၁**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်မြှင့်တင်မှု (Third Wave)လုပ်ငန်းစဉ်အဖြစ် အားကစားဝန်ကြီးဌာန အတွင်းရှိ အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဇူလိုင် ၃၀ ရက်က ပို့ချမည့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်များ ပီပြင်စွာပေါ် ထွက်လာရေးအတွက် တာဝန်ခံမှု အခန်းကဏ္ဍ၊ ပွင့်လင်းမြင်သာမှု အခန်းကဏ္ဍ၊ ချမှတ်ထားသော စည်းမျဉ်းဥပဒေများကို လိုက်နာရန် အခန်းကဏ္ဍနှင့် တာဝန်သိမှုအခန်း ကဏ္ဍစသော အခန်းကဏ္ဍများကို ဟောပြောပို့ချသွားသဖြင့် ယနေ့တက် ရောက်သင်ယူနေကြသော အရာထမ်း သင်တန်းသားသင်တန်းသူများအနေဖြင့် အလေးထားမှတ်သားသွားကြရန်နှင့် ဝန်ကြီးဌာနတွင်းနှင့် နိုင်ငံတော် အတွက် ပြည်သူများနှင့် ပေါင်းကူးဆက်စပ်ဆောင်ရွက်သွားကြ စေလိုကြောင်း၊ ဌာနတွင်း စည်းကမ်းများကို တိကျစွာ လိုက်နာရန်၊ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ပြီးဆုံးသည်အထိ ပျက်ကွက်မှုမရှိဘဲ တိကျမြန်ဆန်စွာ လုပ်ဆောင်ကြရန်၊ တရားမျှတမှုနှင့် ခြိုင်သုံးသပ်မှုများရှိစေရန်၊ ထိရောက်မှုနှင့် အကျိုးသက်ရောက်မှုရှိရန်၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိကြရန် ပြောကြားသည်။ **(သတင်းစဉ်)**

# ဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပျဉ်းမနား ဇူလိုင် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်ရှိ စက်ရုံကျောင်းတိုက်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် သင်တန်းတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက စက်ရုံကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စက်ရုံကျောင်းတိုက်ဆရာတော် ဦးဇောတိကထံမှ ငါးပါးသီလ ခံယူကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးက သာသနာရေးရာများ လျှောက်ထားသည်။

ထို့နောက် သင်တန်းတွင် ဆုရရှိသူများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် ဇနီး ဒေါ်ခင်ငြိမ်းအေး၊ မင်္ဂလာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုးသိန်း၊ တောင်သာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်တို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၇-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၈၇ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၈၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၅၀၀-၅၂၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၉၀၀၀-၁၃၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၁၅၀၀-၂၈၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၇၀၀၀-၁၃၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၈၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၅၀၀-၈၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၅၀၀-၈၅၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၃-၉၈၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၀-၁၃၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၂၅-၃၀.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၄.၃၂-၁၅ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧယာအသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၂၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၆၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၉၀ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၃၀၀-၆၀၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၇၂၅ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၂၇၅-၁၃၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၂၈၀-၇၀၀ |
| ငရုတ်ရှည် (ညောင်ရမ်း) | တစ်ပိဿာ | ၂၃၀၀-၂၄၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၄၄၀၀ |
| သကြား | တစ်ပိဿာ | ၉၃၀-၉၄၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ရောဝတီတိုင်းဒေသကြီး၌ တောင်သူတစ်ဦးချင်းအား စိုက်ပျိုးစရိတ်ငွေကျပ်ငါးသိန်းအထိ ထုတ်ချေးရန်စီစဉ်

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးစားပေးဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးတွင် သမဝါယမအသင်းဝင် တောင်သူတစ်ဦးချင်းစီအား စိုက်ပျိုးစရိတ်ငွေကျပ် ၅၀၀၀၀၀ အထိ ထုတ်ချေးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှုခိုင်က ပြောကြားသည်။

တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေများကို လာမည့်အောက်တိုဘာလတွင် စတင်ပေးအပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများကို တရုတ်နိုင်ငံ Exim Bank မှ စိုက်ပျိုးစရိတ်ထုတ်ချေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ အဓိကထား လုပ်ကိုင်နေသည့်ဒေသကြီးဖြစ်ပြီး ဆန်စပါးအများဆုံး စိုက်ပျိုးထွက်ရှိရာ ဒေသကြီးတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်များထုတ်ချေးမှုအပြင် လိုအပ်သည့် လယ်ယာသုံးပစ္စည်းများ အရစ်ကျဝယ်ယူနိုင်ရန်လည်း စီစဉ်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် လယ်ယာထွက်ကုန် သမဝါယမက စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးနေမှုမှာ စုစုပေါင်း ၁၈ ဘီလီယံရှိကြောင်း သိရသည်။ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် နည်းစနစ်ကျကျ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော ထောက်ပံ့ကူညီမှုများလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စိုက်ပျိုးစရိတ်များကို ထုတ်ချေးပေးလျက်ရှိသည်။ စိုက်ပျိုးစရိတ်များရရှိသဖြင့် ဆန်စပါးအပြင် အခြားစိုက်ပျိုးရေးလုပ်ငန်းများလည်း လုပ်ကိုင်နိုင်ခွင့်ရနေပြီဖြစ်သည်။

စိုက်ပျိုးစရိတ် ချေးငွေများဖြင့် စိုက်ပျိုးထွက်ကုန်များ ပိုမိုထွက်ရှိအောင်ကြိုးစားနိုင်သလို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြစိမ်းရောင်စီမံကိန်းမှ တစ်ရွာချင်းအလိုက် ငွေကျပ်သိန်း ၃၀၀ စီ ခွင့်ပြုပေးနေပြီဖြစ်ရာ ကျေးလက်ဒေသနှင့် ကိုက်ညီသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့် ရရှိတော့မည်ဖြစ်သည်။

**ဝေယံဦး**

# ဈေးနှုန်းမြင့်တက်၍ နှမ်းစိုက်တောင်သူများအဆင်ပြေ



**ရေတာရှည် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ နှမ်းစိုက်တောင်သူများသည် နှမ်းရောင်းချရာတွင် ဈေးနှုန်းကောင်းမွန်မှုကြောင့် ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးရာသီကာလမှာ မိုးရွာသွန်းမှု သိသိသာသာနည်းပါးခဲ့ခြင်းကြောင့် စပါးစိုက်ပျိုးသည့်တောင်သူများ အခက်အခဲများရှိသော်လည်း နှမ်းစိုက်တောင်သူများအနေဖြင့် များစွာအဆင်ပြေလျက်ရှိသည်ကို ဒေသအနှံ့အပြား၌ မြင်တွေ့ခဲ့ရသည်။

ဇူလိုင်လ နောက်ဆုံးပတ်မှ စတင်၍ မိုးနှမ်းများ စတင်နှမ်းခါလျက်ရှိပြီး နှမ်းအခြောက်တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့် ရောင်းချရကြောင်း တောင်သူတစ်ဦးက ပြောပြသည်။ "မနှစ်ကဈေးထက် အများကြီး သာတာပေါ့။ ပြည်ပဝယ်လက်ကလည်း ကောင်းတယ် လို့ သိရတယ်" ဟု ပြောသည်။ မိုးနှမ်းခါချိန်တွင် ရာသီဥတုသာယာပြီး နေပူနေချိန်ဖြစ်၍ နေ့စဉ် နှမ်းခါသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**


## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ကယားပြည်နယ်၊ လွိုင်ကော်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ်တွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောက်လုပ်လိုပါသည်-

| စဉ် | ရုံးအမည် | အဆောက်အအုံအတိုင်းအတာ | တည်နေရာ |
|---|---|---|---|
| (က) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊လွိုင်ကော်မြို့ | ၂ခန်းတွဲဝန်ထမ်းအိမ်ရာ (၂၀ပေ×၄၀ပေ)တစ်ထပ်အုပ်ညှပ် | ဖရူဆိုမြို့ ဆက်သွယ်ရေးဝင်း |
| (ခ) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊လွိုင်ကော်မြို့ | စက်မှုအဆောက်အအုံ (၂၅ပေ×၁၅ပေ)(RC Slab) အမိုးပါ | ဖရူဆိုမြို့ ဆက်သွယ်ရေးဝင်း |
| (ဂ) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊လွိုင်ကော်မြို့ | ၂ခန်းတွဲဝန်ထမ်းအိမ်ရာ (ပေ၄၀×၂၂ပေ+ပေ၂၀×၉ပေ) တစ်ထပ်အုပ်ညှပ် | ဖရူဆိုမြို့ ဆက်သွယ်ရေးဝင်း |
| (ဃ) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊လွိုင်ကော်မြို့ | အုတ်ရေကန်(ဂါလန် ၄၅၀၀) (၁၀ပေ×၁၂ပေ×၆ပေ) | ဖရူဆိုမြို့ ဆက်သွယ်ရေးဝင်း |
| (င) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊လွိုင်ကော်မြို့ | ရေလောင်းအိမ်သာ (၄ပေ×၄ပေ×၆ပေ)၂ လုံး | ဖရူဆိုမြို့ ဆက်သွယ်ရေးဝင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁-၈-၂၀၁၄ရက်မှ ၈-၈-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ ရုံးချိန်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လွိုင်ကော်မြို့၊ ပြည်နယ်မန်နေဂျာရုံးတွင်လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၈-၂၀၁၄ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းသည့်အခါ အောက်ပါအချက်အလက်များကို ဖော်ပြရပါမည်။

(က) အဆောက်အအုံဆောက်လုပ်ရန် လိုင်စင်ရှိ/မရှိ၊

(ခ) ဆောက်လုပ်ခဲ့ဘူးသည့် အဆောက်အအုံအမည်၊ တည်နေရာ၊ လုပ်ငန်းတန်ဖိုး၊

(ဂ) တင်ဒါတင်သွင်းသူ၏အမည်၊ နေရပ်လိပ်စာ၊ ပိုင်ဆိုင်ငွေနှင့်ပစ္စည်းစာရင်း(တန်ဖိုးဖော်ပြရန်)၊ မှတ်ပုံတင်အမှတ်၊

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်၊ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ လွိုင်ကော်မြို့၊ ပြည်နယ်မန်နေဂျာရုံး၊ ဖုန်း-၀၈၃-၂၁၀၆၇သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**



## ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ်တွင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောက်လုပ်လိုပါသည်-

| စဉ် | ရုံးအမည် | အဆောက်အအုံအတိုင်းအတာ | တည်နေရာ |
|---|---|---|---|
| (က) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊ လွိုင်ကော်မြို့ | ၂ ခန်းတွဲဝန်ထမ်းအိမ်ရာ ပေ(၃၀×၃၀)တစ်ထပ်အုတ်ညှပ် | လွိုင်ကော်မြို့ မိုက္ကရိုဝေ့ဗ်ရုံးဝင်း |
| (ခ) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊ လွိုင်ကော်မြို့ | စက်မှုအဆောက်အအုံ ပေ(၂၅×၁၅)RC Slabအမိုးပါ | ဖားဆောင်းမြို့ ဆက်သွယ်ရေးဝင်း |
| (ဂ) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊ လွိုင်ကော်မြို့ | အုတ်ရေကန် (ဂါလန် ၄၅၀၀) ပေ(၁၀×၁၂×၆) | ဖားဆောင်းမြို့ ဆက်သွယ်ရေးဝင်း |
| (ဃ) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊ လွိုင်ကော်မြို့ | ရေလောင်းအိမ်သာ ပေ(၄×၄×၆)၂လုံး | ဖားဆောင်းမြို့ ဆက်သွယ်ရေးဝင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁-၈-၂၀၁၄ရက်မှ ၈-၈-၂၀၁၄ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ ရုံးချိန်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လွိုင်ကော်မြို့၊ ပြည်နယ်မန်နေဂျာရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၂-၈-၂၀၁၄ရက် နံနက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းသည့်အခါ အောက်ပါအချက်အလက်များကို ဖော်ပြရပါမည်။

(က) အဆောက်အအုံဆောက်လုပ်ရန် လိုင်စင်ရှိ/မရှိ။

(ခ) ဆောက်လုပ်ခဲ့ဖူးသည့် အဆောက်အအုံအမည်၊ တည်နေရာ၊ လုပ်ငန်းတန်ဖိုး၊

(ဂ) တင်ဒါတင်သွင်းသူ၏အမည်၊ နေရပ်လိပ်စာ၊ ပိုင်ဆိုင်ငွေနှင့် ပစ္စည်းစာရင်း (တန်ဖိုးဖော်ပြရန်)၊ မှတ်ပုံတင်အမှတ်၊

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လွိုင်ကော်မြို့၊ ပြည်နယ်မန်နေဂျာရုံး၊ ဖုန်း-၀၈၃-၂၁၀၆၇ သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

# တောင်သမန်အင်းရေတက်ချိန် ကမ္ဘာလှည့်ခရီးသည်တို့ နှစ်သက်ပျော်ရွှင်



**မန္တလေး ဇူလိုင် ၃၁**

ယခုအချိန်သည် မိုးရာသီကာလဖြစ်၍ မြန်မာနိုင်ငံအနှံ့အပြား၌ မိုးများရွာသွန်းနေ၍ ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရဒေသများသို့ သွားလာလည်ပတ်မှု နည်းပါးနေသော်လည်း မန္တလေးမြို့အနီးရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရေတက်ချိန်ဖြစ်၍ လာရောက်လည်ပတ်မှုများပြားကြောင်း သိရသည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားသည် ကမ္ဘာလှည့်ခရီးသည်တို့ အကြိုက်တွေ့စေသည့် ကမ္ဘာကျော် မြန်မာ့သမိုင်းဝင်နေရာဒေသတစ်ခုဖြစ်သော်လည်း ဆောင်းရာသီနှင့် နွေရာသီကာလတို့တွင် အင်းအတွင်း ရေမရှိမှုကြောင့် ခရီးသွားဧည့်သည်များအနေဖြင့် ဦးပိန်တံတား၏ သာယာလှပပုံကို အပြည့်အဝ ခံစားကြည့်ရှုနိုင်ရန် အားနည်းခဲ့ရသည်။

မိုးရာသီ ဝါဆို၊ ဝါခေါင်လများတွင် ဧရာဝတီမြစ်နှင့် ဒုဌဝတီမြစ်တို့မှ မြစ်ရေလျှံမှုကြောင့် တောင်သမန်အင်းအတွင်း ရေများပြည့်လျှံချိန်တွင် ခရီးသွားလာရန် ခက်ခဲသောအချိန်ကာလဖြစ်သော်လည်း ကမ္ဘာလှည့် နိုင်ငံခြားသားခရီးသည်များသည် ဦးပိန်တံတား၏အလှကို ကြည့်ရှုခံစားရန် စိတ်ဝင်စားခဲ့ကြသည်ဟုဆိုသည်။

အထူးသဖြင့် အင်းအတွင်း ငှက်၊ သမ္ဘန်များဖြင့် လှည့်ပတ်လှော်ခတ်ကြည့်ရှုခြင်းနှင့် ညနေဆည်းဆာချိန်တွင် အနောက်စစ်ကိုင်းမင်းဝံတောင်ဆီသို့ နေမင်းကြီးဝင်ရောက်ပျောက်ကွယ်သွားသည့် အလှကို အင်းရေပြင်၊ ဦးပိန်တံတားအလှတို့နှင့် ပေါင်းစပ်၍ တွေ့မြင်ခံစားရသည်ကို နှစ်သက်ပျော်ရွှင်ကြသည်ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောပြခဲ့သည်။

ထို့အပြင် မြန်မာတို့၏ လက်မှုလက်ရာဖြစ်သော တောင်သမန်ရေပြင်နှင့် ဦးပိန်တံတားအလှကို သဘာဝကျကျ သရုပ်ဖော်ရေးဆွဲထားသည့် ဘလိပ်ခေါ်ပန်းချီကားများကို ကိုယ်တိုင်မြင်တွေ့ကြရခြင်း မျိုးနှင့်သေးငယ်လှသော အဝေရာစေ့လေးများဖြင့် အနုပညာလက်ရာမြောက်စွာ ဖန်တီးထားသည့် လူ့အသုံးအဆောင် ပစ္စည်းများကို ဝယ်ယူအားပေးရသည်ကို နှစ်သက်မြတ်နိုးကြကြောင်းကိုလည်း သိရသည်။

ယမန်နှစ်က တံတားထိလုသည်အထိ တောင်သမန်အင်း ရေတက်ခဲ့ရပြီး ယခုနှစ်တွင် ထိုမျှလောက် ရေတက်ခြင်း မရှိသေးသော်လည်း ကမ္ဘာလှည့် ခရီးသည်များအနေဖြင့် ပျော်ရွှင်နှစ်သက်စွာ အများအပြားလာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မိတ္ထီလာတွင် အခမ်းအနားမှူး ဆင့်ပွားသင်တန်းဖွင့်

**မိတ္ထီလာ ဇူလိုင် ၃၁**

မိတ္ထီလာခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အခမ်းအနားမှူး ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှငွေးက အမှာစကားပြောကြားပြီး အခမ်းအနားတစ်ခုလုံးအောင်မြင်စွာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အခမ်းအနားမှူးများက တာဝန်ယူဆောင်ရွက်ရပြီး အရည်အချင်းနှင့်ပြည့်စုံသည့် အခမ်းအနားမှူးကောင်းများပေါ်ထွက်လာရေးစေအတွက် ယခုကဲ့သို့ အခမ်းအနားမှူးသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းပို့ချမည့် သင်တန်းနည်းပြများ၏ သင်တန်းပို့ချချက်များကို သင်တန်းသူများအနေနဲ့ စိတ်ဝင်တစားလေ့လာမှတ်သားပြီး လက်တွေ့ပြန်လည်အသုံးချနိုင်အောင် ကြိုးစားသွားရန်လိုအပ်ကြောင်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ဇင်း၊ ကျီတော်ကုန်း၊ အောင်ဆန်း၊ ထမုန်ကန်၊ ညောင်ကန်၊ မြင်းကန်၊ ကန်တောင် စသည့်ရပ်ကွက်ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၅ ဦး တက်ရောက်ပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဖုန်းဝင်းနှင့် တိုင်းဒေသကြီးအဆင့် အခမ်းအနားမှူး သင်တန်းတွင် တက်ရောက်ခဲ့သည့် မလှိုင်၊ ဝမ်းတွင်းမြို့နယ်များမှ သင်တန်းသူနှစ်ဦးက ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်တိုင် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## သတင်းတိုများ

### မိုးရာသီသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)အခြေခံပညာဦးစီးဌာန၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝင်းမော်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများထံသို့ ပျိုးပင်များပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ကံ့ကော်ပင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပျိုးပင်များကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများမှ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။ ယနေ့အခမ်းအနားတွင် ကံ့ကော်၊ ပိတောက်၊ ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ပျဉ်းမ၊ အင်ကြင်းအပါအဝင် သစ်ပင်အမျိုးပေါင်း ကိုးမျိုး၊ သစ်ပင်ပေါင်း ၆၀၀ ကို စိုက်ပျိုးပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဗဟိုအဖွဲ့ အထူးအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဗဟိုအဖွဲ့အထူးအစည်းအဝေးကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ် (တိုးချဲ့)ဆောင် စာသင်ခန်းမသစ်ကြီး၌ ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာနန်းထွမ်းလှက အမှာစကားပြောကြားပြီး အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ အငြိမ်းစားလက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ဦးသောင်းက ပဏာမရှင်းလင်းပြောကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ပါမောက္ခဒေါ်သိန်းသိန်းကြည်နှင့် ဒေါ်အေးညွှန့်တို့က အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အလှည့်ကျဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းပြင်ဆင် ဖြည့်စွက်အကြံပြုကြရာ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ရေးဆွဲရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဦးခင်မောင်ဝင်းတို့က ပြန်လည်ဆွေးနွေးကြသည်။ အထူးအစည်းအဝေးကို ဇူလိုင် ၂၇ ရက်အထိ နှစ်ရက်တိုင်တိုင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အထူးအစည်းအဝေး ကိုယ်စားလှယ်များက ပြင်ဆင်ဖြည့်စွက်ချက်များဖြင့် တညီတညွတ်တည်း အတည်ပြုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၉၃၀၂၇၊ HENSIN 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော မောင် ၉/မရတ(နိုင်)၁၂၈၄၄၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ ပဉ္စမတန်း (E) မှ မောင်သိန်းဇော်ထွန်း၏ဖခင်အမည်မှန်မှာ ဦးသန်းအောင်မြင့် ၅/ဝလန(နိုင်) ၀၃၇၀၆၃ ဖြစ်ပါသည်။

**ဦးသန်းအောင်မြင့်**

### အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်မင်းသီဟကျော်၏မိခင်အမည်မှန်မှာ ဒေါ်အေးအေးမာ ၉/ပဥလ(နိုင်)၀၀၁၈၇၆ ဖြစ်ပါသည်။

**ဒေါ်အေးအေးမာ**

### အမည်ပြောင်း

ဦးထွန်းဇော်၏သမီး တန့်ဆည်မြို့နယ်၊ ဘေရင်း အထက(ခွဲ)နဝမတန်းမှ မအိအိဇင်အား မအေးချမ်းမို့ဟု ပြောင်းလဲခေါ်ပါရန်။

**မအေးချမ်းမို့**

### ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ နဘက်ကြီး အထက၊ တက္ကသိုလ်ဝင်တန်း(အေ)မှ မောင်သန့်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ၅/တဆန(နိုင်)၀၉၄၀၅၃ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၇၇၂၀၇၊ Luojia 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပြုံးပြုံးခိုင် ၁၃/သပန(နိုင်)၀၆၄၁၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ စလေ(ဘက)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မင်းသူအား မောင်အောင်သန်းဝေဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးမြင့်သောင် ၉/မမန(နိုင်)၀၆၇၉၀၉ ဖြစ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စ/၈၉၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးညိုမြင့် ၅/ကလထ(နိုင်)၀၉၇၃၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

### အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စု၊ ပန်းခင်း(၂)ရပ်ကွက်၊ ပန်းခင်း ၂လမ်းရှိ မြေတိုင်းအကွက်အမှတ် ၃၁၀၊ မြေကွက်အမှတ် ၁၅၉၊ မြေဧရိယာပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် အိမ်အမှတ်(၇/၆၈) နေအိမ်အဆောက်အအုံ ရေ၊ မီး(မီတာ)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဦးမောင်မောင် ၉/ပမန(နိုင်)၀၂၃၄၅၈ အမည်ပေါက်ပိုင်ဆိုင်သော ပစ္စည်းရပ်များဖြစ်ပါသည်။ ဦးမောင်မောင်မှာ လွန်ခဲ့သော ၂၀၁၀ ခုနှစ်ကတည်းက ကွယ်လွန်ခဲ့ပြီး ၎င်း၏တရားဝင်ဇနီးဖြစ်၍ အပြည့်အဝ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သီတာဦး ၉/ပမန(နိုင်)၀၂၃၀၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလမင်းသော်တာ LL.B, LL.M, M.Res
အထက်တန်းရှေ့နေ (စဥ်-၄၀၄၂၂)
(၁/၃၇)၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၉-၄၃၀၇၆၉၄၈

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၄၅၀၄၊ Yinxiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးခိုင် ၉/မနမ(နိုင်)၁၂၁၈၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၂၀၄၁၊ Honda C90, Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းလှိုင် ၉/မရမ(နိုင်)၀၉၀၃၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ၃လမ်းသွယ်၊ အိမ်အမှတ်(၂/၃၁)နေ (ဦးသိန်းမြင့်)၊ ဒေါ်သန်းသန်းဆင့်တို့၏သား မောင်အောင်ကိုကိုမြင့် ၉/ပမန(နိုင်)၁၇၃၁၀၅ သည် မိဘ၊ ဘိုးဘွား၊ အဒေါ်များ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဆန္ဒအရ ဆင်းသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ် ယနေ့မှစ၍ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ-လုံးဝ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်သန်းသန်းဆင့်
အဒေါ်-ဒေါ်သန်းတင့်

### အမည်ပြောင်း

ဦးဇော်ထွန်း ၅/ဒပယ(နိုင်)၀၁၆၁၇၄၏သား မုံရွာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(J) မှ မောင်နေသက်ထွန်းအား မောင်ထူးဝေနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထူးဝေနိုင်**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဘယ်သွားသွား ၅၀၀ ကျပ်

**ခင်လေး**

ဆောင်းပါးရှင် ကေသိန်းဆွေ၏ "ယာဉ်စီးခနှုန်းထား ငွေကျပ် ၅၀ ပျောက်ကွယ်စပြုနေပြီလား" ဆောင်းပါးနှင့် ဆောင်းပါးရှင် ဦးချို(မြေနီကုန်း)၏ "လုပ်ရင်ရပါတယ် မထသရယ်" ဆောင်းပါးတို့ကို ဖတ်မိပြီးနောက် နေပြည်တော်မှာ ကြုံတွေ့နေရသည့် ယာဉ်စီးခနှုန်းထားများနှင့်ပတ်သက်ပြီး စာရေးသူ အနည်းငယ်ရေးသားဖော်ပြလိုပါသည်။

ရန်ကုန်မြို့နေ ပြည်သူများအတွက် ယာဉ်စီးခနှုန်းထား ငွေကျပ် ၂၀၀ ကို အခက်အခဲကြုံတွေ့နေရသကဲ့သို့ ကားပေါ်တက်လိုက်သည်နှင့် ယာဉ်စီးခ ငွေကျပ် ၅၀၀ ပေးရသည့် နေပြည်တော်ဒေသခံများကို စာနာမိပါသည်။

စာရေးသူသည် နေပြည်တော်ဘူတာကြီးအနီးရှိ ဝန်ထမ်းအိမ်ရာတွင် နေထိုင်သည့် ဝန်ထမ်းတစ်ဦးဖြစ်သည်။ စာရေးသူ နေထိုင်သောနေရာမှ သုံးမှတ်တိုင်သာသာသွားရသော မင်္ဂလာဈေးသို့ ဈေးဝယ်သွားပါက အသွားအပြန် ယာဉ်စီးခ ငွေကျပ် ၄၀၀ ကုန်ကျပါသည်။ ထားပေဦးတော့။ သို့သော် နေ့စဉ်နေ့တိုင်းတော့ ဈေးသို့မသွားနိုင်ပါ။ ဝန်ထမ်းပီပီ လစာထုတ်သည့်နေ့ နောက်နေ့တွင် ဆန်၊ ဆီ၊ ဆား အပြည့်အစုံဝယ်ထားပြီး တစ်ပတ်တစ်ခါ ဟင်းသီးဟင်းရွက်နှင့်အသားငါး သွားရောက်ဝယ်ယူဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်မည်ဆိုပါက လိုင်းကားများက နေပြည်တော်ဘူတာကြီးမှ ပျဉ်းမနားသို့ သွားရောက်သော ယာဉ်စီးခနှုန်းထားအတိုင်းကောက်ခံပါသည်။ ငွေကျပ် ၃၀၀ တန် ခရီးကို ဘုရားကုန်းမြင့်ပေါ်သို့ တက်ပေးရသည်ဟူသော အကြောင်းပြချက်ဖြင့် ငွေကျပ် ၅၀၀ ကောက်ခံခြင်းဖြစ်သည်။ မိသားစုတစ်စု ဘုရားဖူးသွားရန်အတွက် အလှူငွေနှင့် မုန့်ပဲသရေစာမပါ အသွားအပြန် ငွေကျပ် ၅၀၀၀ နီးပါး ကုန်ကျမည်ဖြစ်သည်။ စာရေးသူထံ သူငယ်ချင်းမိတ်ဆွေများ လာရောက်လည်ပတ်ကြမည့် အရေးကို နေပြည်တော်၏ ယာဉ်စီးခနှင့် နှိုင်းယှဉ်မိသောအခါ သက်ပြင်းအခါခါ ချမိသည်။

ထို့အတူ မိဘများထံ မိမိ၏ချွေးနဲစာလေးပို့ပေးရန်အတွက်ကိုလည်း ယာဉ်စီးခ ငွေကျပ် ၁၀၀၀ ရှိရပါမည်။ စာရေးသူ နေထိုင်ရာ အရပ်မှ ပျဉ်းမနားမြို့ရှိ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ စီးပွားရေးဘဏ်အစရှိသည့် နေရာများသို့ သွားရောက်ရန်အတွက် ယာဉ်စီးခ ငွေကျပ် ၅၀၀ ပေးရပါသည်။

တောင်ညိုရှိ မြဝတီရုပ်သံတွင် တာဝန်ထမ်းဆောင်နေသော သူငယ်ချင်းဖြစ်သူထံ အရေးပေါ်ကိစ္စဖြင့် သွားရောက်ရမည်ဆိုပါက ဆိုင်ကယ်ကယ်ရီခမပါ အသွားအပြန် လမ်းစရိတ်ငွေကျပ် ၂၀၀၀ ရှိရမည်ဖြစ်သည်။ ပျဉ်းမနားဈေးမှ တောင်ညို . . . တောင်ညိုဟု အော်ခေါ်နေသော ကားပေါ်တက်လိုက်သည်နှင့်ငွေကျပ် ၅၀၀ ကိုသာ ထုတ်ထားပေတော့။ အခါခပ်သိမ်း မသွားနိုင်သည့်အတွက် သူငယ်ချင်းကျန်းမာပါစေ ဆုတောင်းရသည်။ မိဘများနှင့် ခွဲခွာပြီး တနယ်တကျေးတွင် အလုပ်လုပ်နေရသူများပီပီ တစ်ဦးနေထိုင်မကောင်းဖြစ်ပါက တစ်ဦးထံ ပြေးသွားနိုင်ဖို့ရာ မလွယ်ကူပါချေ။

အဆိုးဆုံးမှာ ရွှေညောင်ပင်မှတ်တိုင်မှ စစီးသော လိုင်းကားအချို့သည် ညနေ ၅ နာရီကျော်သည်နှင့် ခရီးသည်မပြည့်မချင်း စောင့်ကာ ၆ နာရီကျော်မှ ကားစထွက်ပါသည်။ ထိုအချိန်ဆိုပါက ၆ နာရီကျော်ပြီဖြစ်သဖြင့် မည်သည့်မှတ်တိုင်သို့ သွားရောက်သူဖြစ်စေ ယာဉ်စီးခ ငွေကျပ် ၁၀၀၀ ပေးရတော့သည်။ ဘာ့ကြောင့် ယာဉ်စီးခပိုမိုတောင်းခံပါသလဲ မေးသည်နှင့် "၆နာရီကျော်ပြီ ဒါအောက်ဆိုဒ်ကား မစီးချင်ဆင်း"ဟု မချေမငံပြောသည့် ယာဉ်နောက်လိုက်အချို့နှင့်လည်း ကြုံတွေ့ရပါသေးသည်။

ယခုဆိုလျှင် ယာဉ်စီးခမှာ ဘယ်သွားသွား ငွေကျပ် ၅၀၀ ဖြစ်နေပါသည်။ တစ်ခါတစ်ရံ ခရီးသည်မပါဘဲ ပြေးဆွဲနေရသော လိုင်းကားများကို အားနာမိသော်လည်း ခရီးသည်များ ကိုယ်စားတွေ့ကြုံခံစားရသမျှကို ရေးသားမိပါသည်။

# ပြိုင်ပွဲဝင်အလှမယ်များ မကွေးမြို့တွင် စုပေါင်းသန့်ရှင်းရေးပရဟိတဆောင်ရွက်

**မကွေး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ လေ့လာရေးခရီးစဉ်အဖြစ်ရောက်ရှိလာသော Miss Golden Land Myanmar ပြိုင်ပွဲဝင်အလှမယ် ၂၅ ဦးပါဝင်သည့် အဖွဲ့ဝင် ၄၀ တို့သည် မကွေးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်း ၆၀နှင့် ပူးပေါင်း၍ပတ်ဝန်းကျင်သန့်ရှင်းရေး ပရဟိတလုပ်ငန်းအဖြစ် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲမှ စတင်၍ မကွေးမြို့ မြို့မ အိုးဘိုရပ်ကွက်၊ ကမ်းနားလမ်းနှင့် မဲထီးလမ်းထောင့်ရှိ မြဧရာပန်းခြံအနီးမှ ကမ်းနားလမ်းတစ်လျှောက် စုပေါင်း အမှိုက်ကောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းကို မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးနေမျိုးနိုင်နှင့်ကော်မတီဝင် ဦးကျော်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ အဆိုပါအဖွဲ့သည် Miss Golden Land Organization ၏ အစီအစဉ်ဖြင့် ဗိသနိုးမြို့ဟောင်းကို အထူးလေ့လာရေးခရီးစဉ်ဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး ဆက်လက်၍ မကွေးမြို့မှတစ်ဆင့် မင်းဘူး စက္ကိန်းတဲဘုရား၊ ရွှေစက်တော်ဘုရားနှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အိမ်သို့လည်းကောင်း ဆက်လက်သွားရောက်မည်ဖြစ်ပြီး သွားရောက်မည့် ခရီးစဉ်တစ်လျှောက် လိုအပ်သည့်နေရာများတွင် ပရဟိတလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ခေါင်းဆောင် အလှမယ်တစ်ဦးက ပြောကြားသည်။

**ကျော်ဇေယျ**

# အမှုထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၃၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန နေပြည်တော်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ အမှုထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်း ဖွင့်လှစ်ခဲ့သည်။

ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက နေပြည်တော် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒက္ခိဏခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းပို့ချခဲ့ပြီး သင်တန်းကို တောအုပ်ကြီးအဆင့် အမှုထမ်း ၁၅ ဦး တက်ရောက်ခဲ့သည်။

ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီတွင် ဆန်းစစ်လွှာ မေးခွန်းများကို သင်တန်းသား ၁၅ ဦးက ဖြေဆိုခဲ့ပြီး သင်တန်း အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း သိရသည်။

**သက်ထက်**

# ဟိုပန်မြို့နယ် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**ဟိုပန် ဇူလိုင် ၃၁**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံရေဘေးဒဏ်သင့်ပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပေးပို့လာသည့် ကူညီထောက်ပံ့ရေး ပစ္စည်းပေးအပ်ပွဲကို ဇူလိုင် ၂၃ ရက်မွန်းတည့် ၁၂ နာရီက ကယ်ဆယ်ရေးစခန်း(၁) ၃၁ ဘုံစေတီကုန်းကျောင်း (၂) အထကကျောင်းဟိုပန်တို့၌ ကျင်းပရာ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးစိုင်းလှဖေ၊ အတွင်းရေးမှူးဦးမျိုးအောင်၊ ဦးစီးအဖွဲ့ဝင် ဦးသန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်နှင့် ကယ်ဆယ်ရေးစခန်းတာဝန်ခံတို့က အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆီ၊ ဆားတစ်ပိဿာစီ၊ ကုလားပဲနှစ်ပိဿာနှင့် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့်ပေးအပ်ရာ ရေဘေးဒဏ်သင့်အိမ်ထောင်စု ၂၁ စုမှ အိမ်ထောင်စုဝင်များက လက်ခံယူကြသည်။

ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိသည့် ရေဘေးဒဏ်သင့်ပြည်သူများကို ကျန်းမာရေးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ စေတနာရှင်များက ထမင်းထုပ်၊ ခေါက်ဆွဲထုပ်၊ စားသောက်ဖွယ်ရာများ လာရောက်ဝေငှ ပေးကြပြီး ကျန်ရှိသည့်ရေဘေးဒဏ်သင့် ပြည်သူများကို ဆက်လက်ကူညီထောက်ပံ့ပေးမည်ဟု သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဟောပြော

**ထန်းတပင် ဇူလိုင် ၃၁**

တောင်ငူခရိုင် ထန်းတပင်မြို့နယ် အုန်းပင်ကျေးရွာအုပ်စု အုန်းပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီက လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသက်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေက မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ မြို့နယ်ဥပဒေအရာရှိ ဦးသန့်ဇင်အေးက လူကုန်ကူးမှုကာကွယ်ရေးဆိုင်ရာဥပဒေများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများ၊ စီတန်းလှည့်လည်မှုဆိုင်ရာ ဥပဒေများကို ကျောင်းသား ကျောင်းသူများနှင့် NGO အဖွဲ့များ၊ ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

**(လ/၀၁၉)**


**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၇**

**ကွယ်လွန်သူ ဦးအေးလွင်၏ ကမ္ဘောဇဘဏ်လီမိတက်၊ ငွေစုဘဏ် မန္တလေးမြို့၌ စုဆောင်းငွေများအပေါ်တွင် အမွေဆက်ခံခွင့်ရလိုကြောင်း လျှောက်ထားမှု။**

ဒေါ်ရောက်ဆီ **လျှောက်ထားသူ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၁၇၃)၊ ပြည်ကြီးကျက်သရေအရှေ့ရပ်၊ ၂၅လမ်း၊ ၈၁×၈၂လမ်းကြား၊ အမှတ်(၂၇)နေ ဒေါ်ရောက်ဆီက ကွယ်လွန်သူ ဦးအေးလွင်၏ဇနီးအရင်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးအေးလွင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်အနက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာကို ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအေးလွင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ရောက်ဆီ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းဆောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၃၇၄၁၊ ယာဉ်အမျိုးအစား Honda၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာထွေး ၁၃/တကန(နိုင်)၁၈၁၃၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## ဖခင်အမည်မှန်နှင့် မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(D)တွင် ပညာသင်ကြားနေသော မမေကြူသင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးလှသန်းဖြစ်ပါကြောင်းနှင့် မိခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဒေါ်ခက်အေး ဖြစ်ပါကြောင်း။

**ဦးလှသန်း ၆/ကစန(နိုင်)၀၁၅၁၂၇၊**
**ဒေါ်ခက်အေး MGIW-၀၀၆၅၇၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9896 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၅၀၁၅၊ Honda Dream ND 125m, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုကြီ ၆/မမန(နိုင်)၁၁၅၄၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## အမွေခံသားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ ရေကန်လမ်း၊ နယ်မြေ(၁၇)၊ အိမ်အမှတ်(၁၂၀၅/၁၂၀၆)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆင်ဒဲဆင်း ၁၃/လရန(နိုင်)၀၅၃၉၄၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ ကိုဆင်ဟုန့်အမ်း ၁၃/လရန(နိုင်)၁၁၈၈၀၉သည် ဖခင်နှင့်အဘွားတို့၏ ဆိုဆုံးမမှုကိုနားမထောင်ခြင်း၊ လူကြီးမိဘများကို မရိုမသေ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် မကြာခဏပြုမူသည့်အပြင် ရိုင်းစိုင်းစွာဆဲဆိုခဲ့ကြောင်း သိရပါသည်။ ၂၆-၇-၂၀၁၄ရက် ညနက်ပိုင်းကလည်း လူကြီးမိဘတို့ကို မည်သည့်အကြောင်းကြား အသိပေးခြင်းမရှိဘဲ ဇနီးဖြစ်သူ မထက်ထက်ဝင်းနှင့် ကလေးကိုခေါ်ပြီး အထက်လိပ်စာပါ အိမ်မှ ရုတ်တရက်ဆင်းသွားကြောင်း သိရပါသည်။ လူကြီးမိဘများကို လေးစားတန်ဖိုးထားဆက်ဆံခြင်းမရှိသည့် ကိုဆင်ဟုန့်အမ်းအား ယနေ့မှစ၍ အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်သက်ဆိုင်သူအပြင် အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ ကိုဆင်ဟုန့်အမ်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို ကျွန်ုပ်၏မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိ တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းခမ်းလိတ် LL.B**
**(အထက်တန်းရှေ့နေ)**
**စဥ်-၃၆၈၆**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ မြို့မအရှေ့ရပ်ကွက်(မြို့သစ်)နေ ဦးကျော်ဇော ၁၄/အမန(နိုင်)၀၇၀၃၅၂ နှင့် ဒေါ်နုနုစံ ၁၁/မတန(နိုင်)၀၁၂၄၃၆ တို့၏သမီး မယမင်းဖြူ(ခ)နိုနို ၁၁/မတန(နိုင်)၀၁၉၄၄၄ သည် မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများအား ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သည့်အပြုအမူများပြုလုပ်၍ မိမိသဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မယမင်းဖြူ(ခ)နိုနိုသည် မိသားစုနှင့်ပတ်သက်မှုမရှိတော့ပါကြောင်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဇော**
**၁၄/အမန(နိုင်)၀၇၀၃၅၂**
**ဒေါ်နုနုစံ**
**၁၁/မတန(နိုင်)၀၁၂၄၃၆**

# မန္တလေးအမျိုးသားဇာတ်ရုံတွင် ဖျော်ဖြေမှုများ ဆောင်ရွက်ရန်ကြိုးပမ်း

**မန္တလေး ဇူလိုင် ၃၁**

အမျိုးသားဇာတ်ရုံ (မန္တလေး)၌ နှစ်ပတ်တစ်ကြိမ် ဖျော်ဖြေမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ တာဝန်ရှိသူများ၊ သဘင်အစည်းအရုံးမှ ပညာရှင်များ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"မန္တလေးမြို့တော်ဟာ ယဉ်ကျေးမှုမြို့တော်ဖြစ်ပြီး လာရောက်လည်ပတ်သူတွေကို မြန်မာ့ဓလေ့စရိုက်တွေဖြစ်တဲ့ အလှူပွဲကျောင်းပွဲများ၊ မြန်မာ့ရိုးရာ အကအလှများ၊ မြန်မာတို့၏ ရှေးနန်းညီလာခံကျင်းပမှုများ၊ အငြိမ့်၊ ဇာတ်သဘင်၊ ရုပ်သေး၊ မြန်မာတို့၏ လူနေမှုစရိုက်နှင့် ပွဲတော်များ အစရှိသည်တို့၏ ကကွက်များ၊ သရုပ်ဖော်မှုများကို ဖော်ထုတ်ပြသစေလိုပါတယ်၊ နိုင်ငံတကာက ခရီးသွားဧည့်သည်တွေကို အဓိကထားသလို ပြည်တွင်းက ပုဂ္ဂိုလ်တွေလည်း ကြည့်ရှုနိုင်အောင် ခမ်းခမ်းနားနားနဲ့ ပြသချင်ပါတယ်၊ ဒီလိုပြသတဲ့နေရာမှာ ပထမဦးဆုံးအနေနဲ့ နှစ်ပတ်ကို တစ်ကြိမ်လောက် အကြမ်းဖျင်းလျာထားပြီး နောက်ပိုင်းမှာတော့ နိုင်ငံတကာလိုပဲ နှစ်ပတ်တစ်ကြိမ်ကနေ တစ်ပတ်တစ်ကြိမ်လောက် ပြသချင်ပါတယ်။ ဘယ်ကဏ္ဍတွေကို ဘယ်လိုပြသရင်ကောင်းမယ်၊ ဘာတွေလိုအပ်တယ် ဆိုတာတွေကို ပါဝင် ဆွေးနွေးပေးစေလိုပါတယ်။ နယ်ပယ်အလိုက် ပညာရှင်အသီးသီးက ပေါင်းစပ်ကာ ကူညီဆောင်ရွက်ပေးစေလိုပါတယ်၊ အားလုံးပါဝင်ဆွေးနွေးပြီးတဲ့အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒီအစီအစဉ်အောင်မြင်ဖို့အတွက် ဘာတွေပံ့ပိုးပေးရမယ်၊ ဘာတွေလိုအပ်တယ်ဆိုတာကို ပညာရှင်များက အကြံပြုစေလိုပါတယ်"ဟု တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက ဇူလိုင် ၂၅ ရက်က ကျင်းပသည့် နှစ်ပတ်တစ်ကြိမ် ဖျော်ဖြေမှုအစီအစဉ်များ ပြုလုပ်ရေးလုပ်ငန်းညှိနှိုင်း အစည်း အဝေးတွင် ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ တာဝန်ရှိသူများ၊ သဘင်အစည်းအရုံးမှ ပညာရှင်များ၊ မြန်မာ့သဘင်အလှဆင်သူများအဖွဲ့၊ ပရဟိတ ရွှေလက်များအဖွဲ့၊ လူ့ရှင်တော်များအဖွဲ့နှင့် ဂီတအစည်းအရုံးမှ ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေဖြိုးအောင်**

# မန္တလေးတက္ကသိုလ်တွင် အီလက်ထရွန်နစ်စာကြည့်တိုက်စနစ်သစ် ထပ်မံတပ်ဆင်

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတက္ကသိုလ်သို့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ iGroup (Asia Pacific)Limited နှင့် Bagan Myanmar Co.Ltd တို့က လှူဒါန်းသည့် အီလက်ထရွန်နစ်စာကြည့်တိုက်စနစ်တစ်ခုကို မန္တလေးတက္ကသိုလ်တွင် ဇူလိုင် ၂၉ ရက်က ထပ်မံတပ်ဆင်ခဲ့ကြောင်း သိရသည်။

ထပ်မံတပ်ဆင်သည့် အီလက်ထရွန်နစ် စာကြည့်တိုက်စနစ်တွင် ဘာသာရပ်ပေါင်း ၁၆၀ ကျော်အတွက် ဂျာနယ်များ၊ စာစောင်များ၊ မဂ္ဂဇင်းများ၊ သုတေသနစာတမ်းများ၊ သတင်းစာများ၊ အစီရင်ခံစာများ၊ ဗီဒီယိုဖိုင်များပါဝင်ပြီး မိုဘိုင်းဖုန်းများ၊ လက်ပ်တော့ပ်များမှတစ်ဆင့် ဖတ်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မန္တလေးတက္ကသိုလ်တွင် Open Society Foundation (US) မှ လှူဒါန်းသော EBSCO Discovery Service ကို ဖေဖော်ဝါရီလအတွင်းက တပ်ဆင်အသုံးပြုလျက်ရှိရာ ယခု ထိုင်းနိုင်ငံမှ ထပ်မံလှူဒါန်းသော အီလက်ထရွန်နစ်စာကြည့်တိုက်စနစ် အပါအဝင် နှစ်ခုရှိနေပြီဖြစ်ပြီး မန္တလေးတက္ကသိုလ် ဘာသာရပ်ဌာနအသီးသီးမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အသုံးပြုလျက်ရှိကြောင်းသိရသည်။

အီလက်ထရွန်နစ်စာကြည့်တိုက်စနစ်ကို ပညာရပ်ဆိုင်ရာ ရည်ညွှန်းအချက်အလက်များနှင့် သတင်းအချက်အလက်များ ရယူနိုင်ရေးအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ကျော်ထိုက်**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ယာဉ်မတော်တဆမှုမှ ကာကွယ်ရန်အတွက် အရှိန်ထိန်း အချက်ပြမီးများကို ကျိုင်းတုံယာဉ်ထိန်းရဲတပ်ဖွဲ့က ဇူလိုင် ၂၀ ရက်က စတင်တပ်ဆင်ပေးလျက်ရှိရာ ကျိုင်းတုံ-တောင်ကြီးသွားလမ်းမ (ဝန်ထမ်းအိမ်ရာရှေ့)နှင့် ကျိုင်းတုံတက္ကသိုလ်ရှေ့လမ်းမကြီးများပေါ်တွင် ဇူလိုင် ၂၉ ရက်က ထပ်မံတပ်ဆင်စဉ်။**

(ပြည်နယ် ပြန်/ဆက်)

## သတင်းတိုများ

### မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒေသခံများနှင့်တွေ့ဆုံ

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် ရပ်ကွက်/ကျေးရွာအုပ်စု၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ တွေ့ဆုံညှိနှိုင်းပွဲကို ဇူလိုင် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်ဆာက ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ မေတ္တာရှင်လူမှုကူညီရေးအသင်းနာယက ဦးအေးက ရေ၊ လျှပ်စစ်မီး၊ လမ်းရရှိရေးကိစ္စရပ်များနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးပြုံးချိုက ရပ်ကွက်/ကျေးရွာအလိုက် ဆက်သွယ်မှုကောင်းမွန်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

### ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းများရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းများချပြရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၄ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်က တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Thrid Wave)လုပ်ငန်းစဉ် (၅)ရပ်အကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ဌာနဆိုင်ရာများမှ မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အသီးသီးဆွေးနွေးခဲ့ကြသည်။ **နေစု(ချင်းရိုးမ)**

### မိုင်းယန်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ချင်းပြီးပြုလုပ်ပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းယန်းမြို့ ပါမိုင်ရပ်ကွက်တွင် မိုးပွင့်အဆင့်(၆) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဇူလိုင် ၂၈ ရက်က နေ့ချင်းပြီးပြုလုပ်ပေးခဲ့ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲ သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆမ်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကြည်တိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစောဝေးနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

### တောင်ငူတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အားကစားဆိုင်ရာ ရက်သတ္တပတ် လှုပ်ရှားမှုအနေဖြင့် ဘာသာရပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘောလီဘောပြိုင်ပွဲများကို ဇူလိုင် ၂၇ ရက်က စတင်ကျင်းပရာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဘာသာရပ်ဌာနများမှ ၁၂ သင်း၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား ၂၅ ဦးနှင့် ဘောလီဘောပြိုင်ပွဲတွင် အမျိုးသား ကိုးသင်းနှင့် အမျိုးသမီး ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဟု သိရသည်။ **ကိုလွင်(ဆွာ)**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တနင်္သာရီတိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ၊ အစားထိုးပြုပြင်ခြင်းလုပ်ငန်းများ၊ ရုံး/ဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းများနှင့် ခြံစည်းရိုးဝင်းခြံကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၄ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့။
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၃၁-၈-၂၀၁၄ရက် ညနေ ၄း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး ထားဝယ်မြို့။
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁၁-၉-၂၀၁၄ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၊ တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝယ်မြို့။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၄၉၅၊ ၀၉-၈၇၆၂၃၂၃၊ ၀၉-၄၉၈၇၉၁၄၆၊ ၀၉-၄၉၈၇၁၄၁၈၊ ၀၉-၄၂၂၄၇၁၆၀၅သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**မွေးသက္ကရာဇ်အမှန်**

တောင်သာမြို့နယ်၊ ပဒတ်စာကုန်းကျေးရွာရှိ ဦးအောင်စိုး၏သမီး မအင်ကြင်းမွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၂-၁၉၉၉ခုနှစ် ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နေပြည်တော် သုခသိဒ္ဓိရပ်ကွက်နေ မောင်ထွန်းကိုကိုကျော်၏ဖခင် ဦးမြင့်(ခ) ဦးမောင်မြင့် ၁၂/ဥကတ(နိုင်)၀၅၈၀၈၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)ဖောင်းပြင်မြို့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သောအောက်ဖော်ပြပါတည်ဆောက်ရေး ပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | အုတ် | ၂၀၅၈၁၈၉ ချပ် |
| ၂။ | ကျောက်ရောမြေ | ၂၅၇၆၃ ကျင်း |
| ၃။ | အခြားသား(၁")ထုအထက် | ၂၁၇.၄၆၄ တန် |

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၁-၈-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၁၁-၈-၂၀၁၄ ရက် မွန်းလွဲ ၁၄း၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာများကို အောက်ဖော်ပြပါဌာနတွင် ၂၉-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** - ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၀)၊ ဖောင်းပြင်မြို့၊ ဖုန်း-၀၁၀-၄၂၁၇၁၅၀၊

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တံတားများဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၈-၂၀၁၄ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၄-၈-၂၀၁၄ ရက်
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၄-၉-၂၀၁၄ ရက် ၁၆း၃၀ နာရီ
၅။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၅၁၄၊ ၄၀၇၂၇၆**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈၉/၃၃၁၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5F-2094 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဗန်းမော်မြို့၌ ရပ်ကွက်ချင်းဆက်သစ်သားတံတားနှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ



**ဗန်းမော် ဇူလိုင် ၃၁**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီး၍ ဟန်းတဲကျေးရွာ ရွှေနေကုန်းရပ်ကွက်နှင့် ရိုးကြီးရပ်ကွက်ချင်းဆက် သစ်သားတံတားနှင့် ရိုးကြီးရပ်ကွက် ရေနုတ်မြောင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပသည်။

တံတားဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရှိန်နှင့် ဦးကျော်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြား၍ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် UNDP မှ ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး ကျေးရွာအသက် မွေးဝမ်းကျောင်းနှင့် လူမှုစည်းရုံး ဖွံ့ဖြိုးရေးကော်မတီ၏ တိုးတက်မှုများကို ဦးသောင်းမြင့်က ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ ကော်မတီဝင် ဦးစောကျော်လေးနှင့် ဦးအောင်ဝင်းသိန်းတို့က ကွန်ကရစ်လမ်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဖွင့်ပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရှိန်နှင့် ဦးကျော်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဝဏ္ဏခင်ဇော်၊ UNDP မှကိုယ်စားလှယ် မစ္စတာဂျစ်၊ ACTED အဖွဲ့မှ မစ္စစ်နိုင်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဝင်းနှင့်ကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

သစ်သားတံတားနှင့် ရေနုတ်မြောင်းအပါအဝင် ကွန်ကရစ်လမ်းသစ်ခင်းခြင်းလုပ်ငန်းများကို UN-DPမှ ကူညီထောက်ပံ့ ဆောက်လုပ်ပေးခဲ့သည်။ သစ်သားတံတားနှင့်ချင်းကပ်လမ်းအရှည် ၁၆၅ ပေ၊ အကျယ် ၇ ပေ၊ အမြင့် ၁၅ ပေဖြစ်၍ ကုန်ကျငွေကျပ်သိန်း ၈၀ကျော်ဖြစ်ပြီး ကွန်ကရစ်လမ်းအရှည်ပေ ၂၇၀၊ အကျယ် ၁၀ ပေ၊ ရေနုတ်မြောင်း အရှည် ၂၃ ပေ၊ အကျယ် ၄ ပေ အတွက် ကုန်ကျငွေ ၃၈ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ



**ကသာ ဇူလိုင် ၃၁**

ကသာမြို့နယ် အင်းရွာတိုက်နယ်ဆေးရုံ၌ ကသာခရိုင်စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသပေးရာသို့ အင်းရွာတိုက်နယ်ဆေးရုံတွင် ပြုလုပ်ရာ ကျန်းမာရေးချို့တဲ့သူ ၄၀၀ ကျော်တို့က လာရောက်ဆေးကုသမှုခံယူကြကြောင်း သိရသည်။

ထို့နောက်ကျန်းမာရေးအသိပညာပေးဟောပြောကို ဆက်လက်ကျင်းပရာ ခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများက ကျန်းမာရေးဆိုင်ရာများ အသိပေးဟောပြောသည်။

ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုဆေးကုသခြင်း ပြုလုပ်ရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါ်နန်းဆိုင်စိန်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ငြိမ်း၊ ခရိုင်ပြည်သူ့ဆေးရုံမှဆေးရုံအုပ်ကြီး ဒေါက်တာစိန်အေး ဦးဆောင်သောအထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အင်းရွာတိုက်နယ်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## သတင်းတိုများ

### မိုးပွင့်အဆင့်(၆) စီမံချက် သနပ်ပင်တွင် ကွင်းဆင်းဆောင်ရွက်

ပဲခူးခရိုင် သနပ်ပင်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ထွန်းနှင့် ဝန်ထမ်းများသည် မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၈ ရက်က မကြက်စုကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ရာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးစိုး၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်အောင်ဆန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှသက်ဦးတို့ ပူးပေါင်းကာ အသက်ပြည့်ပြီးသူ ၂၇၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ဆောင်ရွက်ပေးခဲ့သည်။

**တင်အောင်ဆန်း(သနပ်ပင်)**

### တောအုပ်ကြီးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

တောအုပ်ကြီးများ စွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အပတ်စဉ်(၂)ကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချရာ ရန်ကုန်တိုင်းဒေသကြီး အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော တောအုပ်ကြီး ၁၀ ဦး တက်ရောက်ပြီး ပြည်သူ့ဗဟိုပြု သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်တောသယံဇာတထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများနှင့် စီမံခန့်ခွဲရေးဘာသာရပ်များ၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တတိယအဆင့် အရှိန်မြှင့်တင်မှုတွင် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရန် လိုအပ်သော တာဝန်သိမှု၊ တာဝန်ခံမှုများကို သုံးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဗလ**

## အမှတ်(၁)သတ္တုတွင်းလုပ်ငန်း လုပ်ကွက်ပိတ်သိမ်းခဲ့ပြီးသော ကုမ္ပဏီများအတွက် အသိပေးကြေညာခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၁)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့် စနစ်ဖြင့် ဓာတ်သတ္တုအသေးစား ထုတ်လုပ်မှုလုပ်ငန်းနှစ်ဦးသဘောတူစာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ကြသည့် အောက်ပါကုမ္ပဏီနှစ်ခုသည် ဓာတ်သတ္တုအသေးစားထုတ်လုပ်ခွင့်နှင့် စာချုပ်ကာလကျော်လွန်၍ လုပ်ကွက်ပိတ်သိမ်းခဲ့သော်လည်း ခွင့်ပြုသက်တမ်းကာလအတွင်း ထုတ်လုပ်မှုလက်ကျန် သတ္တုများအပေါ် လုပ်ငန်းသဘောတူစာချုပ်နှင့်အညီ ပေးသွင်းရန်ရှိသည့် ဓာတ်သတ္တုခွန်နှင့် ဌာနဝေစုများ အောက်ပါအတိုင်း ပေးသွင်းရန်ကျန်ရှိနေပါသည်-

| | | |
|---|---|---|
| (က) | **ကုမ္ပဏီအမည်** | **ဖြိုးလင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်** |
| | (၁) လုပ်ကွက်တည်နေရာ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ဟန်ကိုင်ဒေသ |
| | (၂) မန်နေဂျင်းဒါရိုက်တာ | ဒေါ်တင့်တင့် ၁/ဗမန(နိုင်)၀၀၂၇၂၇ |
| | (၃) ဒါရိုက်တာများ | ဒေါ်ချိုမာမြင့် ၁/ရကန(နိုင်)၀၃၀၇၈၃ |
| | (၄) ခွင့်ပြုကာလ | ၁-၁-၂၀၀၉မှ ၃၁-၁၂-၂၀၁၁ထိ (၃)နှစ် |
| | (၅) ထုတ်လုပ်မှုလက်ကျန် | ခဲနှင့်ရောရာသတ္တု ၃၁၀၀ မက်ထရစ်တန် |
| | (၆) ဓာတ်သတ္တုခွန် ၃% | (၉၃)မက်ထရစ်တန်(ခန့်မှန်းတန်ဖိုး ၄.၆၈၇ ကျပ်သန်း) |
| | (၇) ဌာနဝေစု ၃၀% | (၉၀၂.၁)မက်ထရစ်တန် (ခန့်မှန်းတန်ဖိုး ၄၅.၄၆၆ကျပ်သန်း) |
| (ခ) | **ကုမ္ပဏီအမည်** | **သွပ်နှင့်ဓာတုဗေဒလုပ်ငန်းကုမ္ပဏီလီမိတက်** |
| | (၁) လုပ်ကွက်တည်နေရာ | ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ တောင်ကလေးဒေသ |
| | (၂) မန်နေဂျင်းဒါရိုက်တာ | ဦးတင်ဝင်းညို ၁၀/မလမ(နိုင်)၁၅၃၀၇၃ |
| | (၃) ဒါရိုက်တာများ | ဒေါ်ခင်စန်း ၁၀/မလမ(နိုင်)၂၀၄၈၇၆ |
| | | ဒေါ်ဆင့်ဆင့်အောင် ၁၂/လမတ(နိုင်)၀၁၁၀၈၆ |
| | | ဒေါ်နန်းအိဖြူဝင်း ၁၀/မလမ(နိုင်)၂၀၃၇၂၅ |
| | | ဒေါ်အေးအေးဝင်း ၁၀/ဘသစလင်း(နိုင်)၀၀၀၁၃၁ |
| | | ဒေါ်ကြည်ကြည်သိန်း ၁၀/မလမ(နိုင်)၀၄၇၂၇၀ |
| | | ဒေါ်ဇင်နီလာစိုး ၁၀/မလမ(နိုင်)၁၈၁၃၄၁ |
| | (၄) ခွင့်ပြုကာလ | ၂၃-၉-၂၀၁၀မှ၂၂-၉-၂၀၁၃ရက်အထိ(၃)နှစ် |
| | (၅)ထုတ်လုပ်မှုလက်ကျန် | ခနောက်စိမ်းသတ္တုရိုင်း ၆၅ မက်ထရစ်တန် |
| | (၆)ဓာတ်သတ္တုခွန် ၃% | (၁.၉၅)မက်ထရစ်တန် (ခန့်မှန်းတန်ဖိုး ၄.၀၈၀ ကျပ်သန်း) |
| | (၇)ဌာနဝေစု ၃၀% | (၁၈.၉၁၅) မက်ထရစ်တန် (ခန့်မှန်းတန်ဖိုး ၃၉.၅၈ကျပ်သန်း) |

၂။ အထက်ပါ ကျန်ရှိနေသော ဓာတ်သတ္တုခွန်နှင့် ဌာနဝေစုများအား ပေးသွင်းရန် အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း ပေးသွင်းခြင်းမရှိသဖြင့် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရပါသည်။ ယခုအခါ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းနှင့်စာရင်းများစစ်ဆေးခဲ့သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှလည်း ရရန်ရှိကြောင်း စာရင်းဖော်ပြခဲ့ပါသဖြင့် ၂၂-၈-၂၀၁၄ရက် နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ပေးသွင်းသွားပါရန် အသိပေး ကြေညာအပ်ပါသည်။

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ တောင်နီကျောင်း၊ အထက၊ န၀မတန်း(က)မှ မခင်ဝင်းအေး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ရွှေ ဖြစ်ပါကြောင်း။ **ဒေါ်ခင်ရွှေ**

## ဖခင်အမည်မှန်

ရွှေညောင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မလင်းပုလဲနှင့်အဋ္ဌမတန်း(C)မှ မအေးပြည့်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဘတင်(ခ) ဦးကံကြီး ၁၃/ညရန(နိုင်)၀၅၀၈၉၆ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ တောင်နီကျောင်း၊ အထက၊ န၀မတန်း(က)မှ မကြည်ကြည်အေး၏ မိဘအမည်မှန်မှာ ဦးသိန်းတန်-မရင်ရှမ်းဖြစ်ပါကြောင်း။

**ဦးသိန်းတန်-မရင်ရှမ်း**

## ဖခင်အမည်မှန်

အထက(ရပ်စောက်)၊ အဋ္ဌမတန်း(က)မှ မောင်ဘုန်းပိုင်စိုး(ခ)ပရင်းကူမား၏ ဖခင်အမည်မှန်မှာ ဦးခွန်ဗဟာဒူး ၁၃/ရစန(ပြု)၀၀၀၀၁၉ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မသန်စွမ်းသက်ငယ်သင်တန်းကျောင်းစားရိပ်သာ ပေ(၆၈×၃၀×၁၁) နှင့် မီးဖိုချောင် ပေ (၂၀×၁၅×၁၁)တစ်ထပ် RC

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၈-၇-၂၀၁၄ရက်မှ ၂၈-၈-၂၀၁၄ရက်အထိ

(ခ) **တင်ဒါတင်သွင်းရန်** - ၃၀-၈-၂၀၁၄ရက်၊ ၁၆း၀၀နာရီ

(ဂ) **တင်ဒါဖွင့်ရက်** - ၃၁-၈-၂၀၁၄ရက်

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၂-၆၁၁၅၀၊ ၀၂-၇၂၁၀၃သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ မင်္ဂလာဈေးအနီး၊ ၁၂၁ လမ်း၊ အိမ်အမှတ် ၂၆(အေ)၊ (၁၅×၄၀)ပေ မြေညီထပ်အမြင့် (၁၇)ပေ ထပ်ခိုးအပါ တိုက်သစ်ရောင်းမည်။

**စုံစမ်းရန် ဖုန်း-၀၉-၇၃၀၄၆၄၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဟ/၂၈၂၄၊ LIFAN 175 ယာဉ်လက်ဝယ်ရှိသူ ဦးတောင်လာ ၁/ဗမန(နိုင်)၀၀၀၈၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဗန်းမော်)၊ ဗန်းမော်မြို့**

# မကွေးမြို့၌ Facebook နှင့် Viber ကို လူငယ်များ အလွန်အကျွံအသုံးပြုမှုများပြား

**မကွေး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အင်တာနက်သုံးစွဲသူဦးရေများပြားလာပြီး လူငယ်အများစုမှာ Facebook နှင့် Viber အသုံးပြုမှုမြင့်တက်လာကြောင်း ဒေသခံများထံမှ သိရသည်။

“မြန်မာ့ဆက်သွယ်ရေးက တန်ဖိုးနည်းဖုန်းတွေချပေးလာပြီးတဲ့နောက်ပိုင်း လူတိုင်းနီးပါးအင်တာနက်သုံးလာကြတယ်။ တချို့က စီးပွားရေးသဘောအရ မဖြစ်မနေသုံးကြတယ်။ တချို့က သတင်းအချက်အလက်နဲ့ နည်းပညာတွေ လေ့လာဖို့သုံးတယ်။ တကယ်တော့ အင်တာနက်ကိုဖျော်ဖြေရေးနဲ့ အပျင်းပြေဆက်သွယ်ရေးသဘောလောက်ပဲ သုံးကြတယ်။ အင်တာနက်ဆိုင်တွေကလည်း မြို့ထဲမှာ များလာတယ်။ ပြီးတော့ ပြန်/ဆက်ရုံးမှာလည်း အင်တာနက်Wifi အခမဲ့လွှင့်ပေးထားတယ်။ တချို့ရုံးဌာနတွေနဲ့ တက္ကသိုလ်ကျောင်းတွေ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွေမှာလည်း Wifi free လွှင့်ပေးကြတာတွေရှိတယ်။ အလယ်တန်းနဲ့ အထက်တန်းကျောင်းသားကလေးတွေတောင် Mobile ဖုန်းကိုယ်စီနဲ့ သုံးလာတာတွေ့ရတယ်”ဟု ဒေသခံကျောင်းသားမိဘတစ်ဦးက ပြောပြသည်။

အင်တာနက်သုံးစွဲသူ အချို့မှာ မသုံးရမနေနိုင်သည့် အင်တာနက်စွဲလမ်းမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ အထူးသဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသားလူငယ်များမှာ ရုံးတာဝန်ချိန်နှင့်ကျောင်းစာသင်ချိန်များတွင် လက်ကိုင်ဖုန်းဖြင့် အင်တာနက်အသုံးပြုမှုများရှိကြောင်း၊ ရုံးတာဝန်ချိန်နှင့် စာသင်ချိန်များတွင် လက်ကိုင်ဖုန်းဖြင့် အင်တာနက်အသုံးပြုခြင်းကို စည်းကမ်းချက်များ ထုတ်ပြန်၍ တားမြစ်ရမှုများလည်းရှိကြောင်း သိရသည်။

“ Facebookလို၊ Viber လိုမျိုးကတစ်ဆင့် မလိုလားအပ်တဲ့သတင်းအချက်အလက်တွေကြောင့် ရာဇဝတ်မှုတွေ၊ အဓိကရုဏ်းတွေ ပေါ်ပေါက်နေတာ သတင်းစာ၊ ဂျာနယ်တွေမှာလည်း မြင်တွေ့ဖတ်ရှုနေရတာပဲ။ အင်တာနက်လူမှုဆက်သွယ်ရေးဆိုတာ အသိတရားနဲ့ယှဉ်ပြီး ချင့်ချင့်ချိန်ချိန်သုံးသင့်တယ်။ သက်ဆိုင်ရာစာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ဌာနဆိုင်ရာတွေနဲ့ အသင်းအဖွဲ့တွေကလည်း အင်တာနက်လူမှုကွန်ရက် အသုံးပြုနေသူတွေကို အသိတရားနဲ့ ချင့်ချိန်သုံးတတ်ဖို့ ပညာပေးအစီအစဉ်တွေ ပူးပေါင်းဆောင်ရွက်သင့်တယ်”ဟု မြို့ခံစာရေးဆရာ နန္ဒကျော်ခေါင်က ပြောသည်။

မကွေးမြို့သည် ကုန်စည်ကူးသန်းရောင်းဝယ်ရာ အချက်အချာကျသည့်အပြင် တက္ကသိုလ်များ၊ ဌာနဆိုင်ရာများအခြေစိုက်ရာ မြေလတ်မြို့တော်ကြီးဖြစ်၍ လူဦးရေထူထပ်များပြားပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်း တန်ဖိုးနည်းဖုန်းများပေါ်ပေါက်လာချိန်တွင် အင်တာနက်သုံးစွဲသူ ဦးရေမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**

# သထုံမြို့နယ်ရှိ ရော်ဘာခြံများ ဒေသခံပြည်သူများ လုပ်ကိုင်နိုင်ရေးဆွေးနွေး

**သထုံ ဇူလိုင် ၃၁**

သထုံမြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းပိုင် မရမ်းတောင်-ဓနု ရော်ဘာခြံများကို လုပ်ပိုင်ခွင့်ရရှိထားသည့် ကုမ္ပဏီအစုအဖွဲ့များထံမှ ဒေသခံတို့ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ပြန်လည်ရယူထားသည့် စိုက်ပျိုးမြေများကို နိုင်ငံတော်နှင့် ဒေသခံများ အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရေး ဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်က သထုံမြို့နယ် ဝင်းပကျေးရွာ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ရော်ဘာအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းမျိုးက ယင်းရော်ဘာခြံများကို ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် အနီးစပ်ဆုံး တည်ရှိသည့် ဒေသခံများကို ဦးစားပေးစနစ်ဖြင့် လုပ်ကိုင်ကြစေလိုကြောင်း၊ မိသားစုတစ်နိုင်တစ်ပိုင်ဆောင်ရွက်ခြင်းဖြင့် ခြံပိုင်ရှင်များဖြစ်လာနိုင်ကြောင်း ပြောကြားပြီး မြို့နယ်ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများက အကျိုးတူပူးပေါင်းလုပ်ကိုင်ရေးဆိုင်ရာများ ဆွေးနွေးခဲ့သည်။ သထုံမြို့နယ်တွင် ယခုကဲ့သို့ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် ရော်ဘာခြံ ၁၀၂၃ ဒသမ ၂၈ ဧကရှိပြီး လုပ်ကိုင်ခွင့်ရရှိပါက ခြံရှင်များအနေဖြင့် သက်တမ်း ၃၅ နှစ်ကြာ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# မကွေး၌ တစ်ပိုင်တစ်နိုင် နို့စားနွားမွေးမြူသူများလာ

**မကွေး ဇူလိုင် ၃၁**

မကွေးမြို့နယ်ရှိ ကျေးလက်ဒေသများ၌ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုခိုင်းစေရန် ခိုင်းနွားများ မွေးမြူရောင်းဝယ်ခြင်းကို မိရိုးဖလာလုပ်ကိုင်လျက်ရှိရာ အချို့ကျေးရွာများနှင့် မြို့စွန်ရပ်ကွက်များတွင် စားကျက်မြေနှင့် နွားစာအခက်အခဲများကြောင့် နို့စားနွားသီးသန့် မွေးမြူလာကြကြောင်း သိရသည်။

မကွေးမြို့သည် စီးပွားရေးအချက်အချာကျ၍ ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ အခြေစိုက်သော တိုင်းဒေသကြီးမြို့တော်ဖြစ်ပြီး လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်မှုများပြားသောကြောင့် နို့စားနွားမွေးမြူသူများ၊ နို့ဆီချက်လုပ်ငန်းရှင်များနှင့် နို့ထွက်ကုန်လုပ်ငန်းရှင်များအတွက် နေ့စဉ်ဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မကွေးမြို့ အောင်မေတ္တာရပ်ကွက်တွင် တစ်ပိုင်တစ်နိုင် နို့စားနွားမွေးမြူသူတစ်ဦးက “ခေတ်မီမွေးမြူရေးစနစ်ကို ကျင့်သုံးနိုင်အောင် ကြိုးစားနေပါတယ်။ မျိုးကောင်းမျိုးသန့် မြန်မာနွားတွေအပြင် နိုင်ငံခြားမျိုးကောင်းနွားမတွေလည်း မွေးမြူထားတယ်။ နွားစာကတော့ ရွာမှာလို မပေါဘူး။ ပွဲရုံတွေက ပဲဖက်၊ နှမ်းဖက်၊ ဝါဖက်နဲ့ ပြောင်းစေ့တွေဝယ်ပြီး ပြုတ်ကျွေးရတယ်။ နောက်ပြီး ရာသီအလိုက် ခွာနာ၊ လျှာနာ၊ ပေါင်ပုပ်၊ လက်ပုပ်နဲ့ ဒေါင့်သန်းရောဂါကာကွယ်ဆေးတွေလည်း ထိုးပေးရတယ်။ မွေးမြူထားတဲ့ နွားကောင်ရေပေါ်လိုက်ပြီး ကုန်ကျစရိတ်တော့ရှိတာပေါ့။ နွားမျိုးကောင်းတွေဆိုရင် တစ်ရက်ကို နွားနို့ငါးပိဿာကနေ ရှစ်ပိဿာအထိ ထွက်တယ်။ နို့ဆီချက်လုပ်ငန်းတွေနဲ့ နို့ထွက်ပစ္စည်းထုတ်ကုန်လုပ်ငန်းတွေကို သုံးဘီးဆိုင်ကယ်နဲ့ နေ့စဉ်တင်ပို့ရတယ်။ တချို့လုပ်ငန်းတွေက ခြံအထိကားနဲ့ ဖောက်သည်လာယူတယ်။ နို့စားနွားတွေက စွန့်ပစ်တဲ့ နွားချေးကိုလည်း သဘာဝမြေဩဇာအဖြစ် စိုက်ပျိုးရေးလုပ်ငန်းတွေကို ရောင်းလို့ရသေးတယ်။ အနှစ်ချုပ်လိုက်ရင်တော့ တွက်ခြေကိုက်အဆင်ပြေပါတယ်”ဟု ပြောပြသည်။

ထို့အပြင် မကွေးမြို့အစွန်တွင်လည်း ခြံကျယ်များဖြင့် နွားများကို အင်တိုက်အားတိုက်မွေးမြူပြီး နွားနို့အထူးသီးသန့်ရောင်းသော ဆိုင်များရှိပြီး မြို့ခံများသာမက အခြားမြို့များမှ လာရောက်ကြသူများ တကူးတကသွားရောက်သောက်သုံးကြကြောင်း သိရသည်။

**မျိုးမင်း(ထုံးပေါက်တော)**



**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား လူငယ်များ စာဖတ်ရှိန်မြင့်မားရေး၊ ကျောင်းစာပြင်ပဗဟုသုတ တိုးပွားလာရေးအတွက် အခြေခံပညာကျောင်းများသို့** Mobile Library **များ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ အထက(၁) အလုံသို့ ဇူလိုင် ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ကျောင်းသူကျောင်းသားနှင့် ဆရာမများထံ သုတရသစာအုပ်များကို ငှားရမ်းပေးခဲ့သည်။** ရွှေတိုင်လွင်


## ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
## ခုတင် (၃၀၀)ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၃၀၀)ဆံ့၊ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူရသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၄ရက်
**တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၄ ရက် မွန်းလွဲ ၂:၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၃၂၂၂၅၊ ၃၃၉၆၅**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၁၄၃၃(4B/1433)၏ ဖောင်းကြွန့်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန့်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၆၇၈၈ ယာဉ်လက်ဝယ်ရှိသူဦးအာကာချမ်းမြေ့၁၀/သထန(နိုင်)၂၁၁၆၉၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

## ခြံရောင်းမည်

ကျိုက်ထီးရိုးတောင်ခြေ၊ ကင်မွန်းစခန်း
တောင်တက်ကားဂိတ်အနီး ၅၃'×၂၅၆'
ခြံရောင်းမည်
**ဖုန်း-၀၉-၄၂၅၂၆၀၃၈၉၊**
**၀၉-၄၂၅၃၃၂၄၁၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်နယ်မြေ(၈) မ/၄၄၁ နေ ဦးဝင်းအေးနှင့် ဒေါ်ဝင်းဝင်းမြင့်တို့၏သား မောင်မင်းဇော်ဖြိုး(ခ)ကွေးကွေး ၉/မထလ(နိုင်)၃၂၀၆၂၇ သည် မိဘတို့၏ဆုံးမမှုကို မနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းအေး ၉/မထလ(နိုင်)၀၅၁၉၆၇**
**ဒေါ်ဝင်းဝင်းမြင့် ၉/မထလ(နိုင်)၀၅၁၇၅၇**

## အမည်ပြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉)၊ န၀မတန်း(A)မှ (ဘ) ဦးကျော်ဦး ၉/ပမန(နိုင်)၁၀၀၄၃၄ ၏သား မောင်ဇာနည်စံအား မောင်ဟိန်းအုပ်စိုးဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၅၃၊ မြေကွက်အမှတ် ၈၄၄၊ မြေကွက်တည်နေရာအမှတ် ၈၄၄၊ (၁၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကျော်မြင့်PGH -၁၅၆၁၁၃ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးကျော်မြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားကြောင်း မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ဦးကျော်လွင်ဦး ၁၂/မဘန(နိုင်)၀၇၈၀၆၆မှ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၄၅၈၊ မြေကွက်တည်နေရာအမှတ် ၂၅၊ ယုဇန(၁)လမ်း၊ ၂၅ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးမောင်မောင် CG -၀၃၈၃၈၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက် ဦးမောင်မောင်ကွယ်လွန်သဖြင့် ဒေါ်ခင်မြညွန့် ၁၂/ကတတ(နိုင်)၀၁၇၀၇၇က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၁၊ မြေကွက်အမှတ် ၂၄/၁၊ ဧရိယာ ၀ဒသမ၀၄၀ ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ မြင်သာ ၃လမ်း၊ အမှတ်(၂၄/၁)ဟုခေါ်တွင်သော နေအိမ်တို့နှင့်ပတ်သက်၍ မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသော ဒေါ်မြင့်မြင့်ယဉ် ၁၂/တမန(နိုင်)၀၉၀၀၁၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလိမ္မော် LL.B ဦးမျိုးသူရအောင် စဉ်-၄၂၂၁၀၊ ဦးဝေယံဦး စဉ်-၄၂၂၂၇**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) အထက်တန်းရှေ့နေများ**
**အမှတ်(၄၆/ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်၊ အကွက်အမှတ်(၈)၊ အကွက်အမည် ဘုရားငုတ္တိုအကွက်၊ ဦးပိုင်အမှတ်(ဏ/၃၉)၊ ဧရိယာ ၀ ဒသမ ၀၂၁ ဧကရှိ ဒေါ်အုံး၊ ဒေါ်ငယ် အမည်ပေါက်မြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်၍ ယခင်ပေါင်မြို့နယ် မော်တော်ယာဉ်အသင်းနှင့် ပေါင်မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ ယခုပေါင်မြို့နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီရုံးအဖြစ် အစဉ်အဆက်လက်ရှိထား၍ ယာဉ်လုပ်ငန်းများဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ပြီဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ယခုမွန်ပြည်နယ် ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ ညွှန်ကြားချက်အရ မူလအဆောက်အအုံဟောင်းကို အဆောက်အအုံအသစ်ပြုပြင်တည်ဆောက်မည်ဖြစ်ပါသည်။ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆောက်အအုံအသစ်ကို ပြီးဆုံးသည်အထိ ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ပေါင်မြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မြင့် B.A; H.G.P အထက်တန်းရှေ့နေ(စဉ်-၂၀၀၉၅)**
**အမှတ် ၁၂၃/၂၊ မင်းလမ်း၊ ရဲစခန်းရှေ့၊ ပေါင်မြို့၊**
**ဖုန်း-၀၉-၃၁၅၂၃၅၈၀၊ ၀၉-၂၅၅၈၂၆၄၈၆**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



## ကျောက်ပန်းတောင်းတွင် ဆိုင်ကယ်သုံးသူများလာခြင်းကြောင့် မြင်းလှည်းနှင့် မြင်းခွာရိုက်လုပ်သားများ ရပ်တည်မှုခက်ခဲလာ

**ကျောက်ပန်းတောင်း ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆိုင်ကယ်ကယ်ရီများ ပေါများလာခြင်းကြောင့် မြင်းလှည်းများနှင့် မြင်းသံခွာရိုက်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများ အလုပ်အကိုင်နည်းပါးလာပြီး စားဝတ်နေရေးခက်ခဲကျပ်တည်းလာကြောင်း သိရသည်။

"ကျွန်တော် ဒီသံခွာရိုက်တဲ့အလုပ်ကို လုပ်လာတာ ၂၅ နှစ်ကျော်ပါပြီ။ သားသမီး လေးဦးကို ဒီအလုပ်နဲ့ လုပ်ကျွေးခဲ့တာပါ။ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်ကတော့ မိသားစုခြောက်ယောက်ကို ဖူလုံလောက်ငှအောင်ကျွေးနိုင်ခဲ့ပါတယ်ဗျာ။ အခုတော့ မြင်းလှည်းသမားတွေက အလုပ်မဖြစ်တော့ဘူး။ မြင်းလှည်းသမားဝင်ငွေနည်းတော့ သံခွာရိုက်တဲ့သူလည်း ဝင်ငွေနည်းတာပေါ့ဗျာ"ဟု ကျောက်ပန်းတောင်းမြို့ ဘူတာလမ်းမှ မြင်းခွာရိုက်သူ ဦးဝင်းစိန်က ပြောသည်။ အချို့ဆိုင်ကယ်ကယ်ရီတွေက မိသားစု စားဝတ်နေရေးအတွက် မဟုတ်ဘဲ တစ်ကိုယ်ရေတစ်ကာယ သောက်စားရရုံလောက် ဝင်ရောက်လုပ်ကိုင်သူများပင် ရှိကြောင်းနှင့် လိုက်ပါစီးနင်းသည့် ခရီးသည်များအတွက်လည်း ဘာအာမခံချက်မှ မရှိသဖြင့် အလွန်ပင်အန္တရာယ်များကြောင်း၊ တရားဝင်လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်နေကြသည့် မြင်းလှည်းများကိုလည်း စည်ပင်သာယာမှ အကာအကွယ်ပေးသည့် အနေဖြင့် အဆိုပါ စည်းကမ်းမဲ့ဆိုင်ကယ်ကယ်ရီများကို စစ်ဆေးအရေးယူသင့်ကြောင်း၊ ၎င်းကသူ၏ အမြင်ကိုလည်း ဆက်လက်ပြောပြသည်။

လွန်ခဲ့သည့် သုံးနှစ်ကျော်ခန့်အထိ ကျောက်ပန်းတောင်း မြို့နယ်တွင် မြင်းလှည်းအစီးရေ ၃၀၀ကျော်ရှိခဲ့သော်လည်း လုပ်ငန်းခက်ခဲလာမှုကြောင့် တစ်စတစ်စ နည်းပါးလာခဲ့ပြီး ယခုနှစ်တွင် ၁၆၀ ခန့်သာကျန်ရှိတော့ကြောင်းနှင့် မြင်းခွာရိုက်သူများအနေဖြင့်လည်း ယခင်က တစ်နေ့လျှင် မြင်းခွာ ၃၀ မှ ၅၀ အတွင်း ရိုက်ခဲ့ရသော်လည်း ယခုအခါ ခွာအလုံးရေ ၁၅ လုံးမှ အလုံး ၂၀ ခန့်သာရိုက်ရကြောင်းနှင့် ခွာတစ်လုံးရိုက်လျှင် ငွေကျပ် ၂၅၀ အမြတ်ကျန်သဖြင့် တစ်နေ့လျှင် အနည်းဆုံးအလုံး ၂၀ ခန့်ရိုက်ရပြီး ငွေကျပ် ၅၀၀၀ ခန့်ရမှသာ စားဝတ်နေရေးနှင့် ကလေးကျောင်းစရိတ်အတွက် သင့်တင့်ရုံသာရှိသော်လည်း ယခုအခါတွင်မူ တစ်နေ့လျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ ခန့်သာ ဝင်ငွေရရှိနေကြောင်း၊ မြင်းခွာရိုက်လုပ်ငန်းမှာနောင်တွင် ပိုမိုအဆင်မပြေဖြစ်လာနိုင်ကြောင်း သိသော်လည်း ၎င်းတို့အနေဖြင့် မရေရာတော့သော လုပ်ငန်းကိုပင် မှီခိုအားထားလုပ်ကိုင်နေကြရဆဲဖြစ်ကြောင်း သိရသည်။

**နေအောင်**

## ရန်ကုန်မြို့ ရေကြီးရေလျှံဖြစ်မှုလျော့ကျရေးဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်မြို့တွင် မိုးသည်းထန်စွာရွာသွန်းသည့်အခါတိုင်း ရေကြီးရေလျှံမှုအမြဲလိုလိုဖြစ်ပွားလျက်ရှိသည်။ မြစ်ရေတက်သည့်အချိန်နှင့် မိုးသည်းထန်စွာရွာသွန်းသည့်အချိန်ဆုံလျှင် ရန်ကုန်မြို့တွင်း နေရာအတော်များများ၌ ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသည်။ ယခုအခါ ရန်ကုန်မြို့တွင်း မြို့နယ်ခြောက်မြို့နယ်၌ ရေကြီးရေလျှံမှုများကို စစ်တမ်းကောက်ယူပြီး လျော့နည်းကျဆင်းရန် ဆောင်ရွက်တော့မည်ဖြစ်သည်။

ရန်ကုန်မြို့တွင်းရှိ ကျောက်တံတားမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ဆိပ်ကမ်းမြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ပန်းဘဲတန်းမြို့နယ်များတွင် ရေကြီးရေလျှံဖြစ်မှုနှင့်ပတ်သက်ပြီး စစ်တမ်းကောက်ယူမှုကို ပြီးခဲ့သည့် ဇွန်လမှ စတင်ကာ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တွင် တစ်မြို့နယ်လျှင် ဝန်ထမ်း ၁၀ ဦးခန့်ဖြင့် မြေအောက်ရေမြောင်းများရှိ အမှိုက်များ ဆယ်ယူခြင်း၊ ရေမြောင်းပိတ်ဆို့မှုများ ရှင်းလင်းခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ရေမြောင်းပိတ်ဆို့မှုများကို ဖယ်ရှား ရှင်းလင်းခြင်းလုပ်ငန်းတွင် ဝန်ထမ်းအင်အားလုံလောက်မှုရှိရန်လည်း ကြိုးစားလျက်ရှိသည်။

ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်တွင် ရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး စစ်တမ်းကောက်ယူပြီးပါက စစ်တမ်းတွေ့ရှိချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားသည်။ ရေကြီးရေလျှံမှု လျော့ချရန် ရေမြောင်းများတိုးချဲ့ခြင်း၊ ရေစုပ်စက်များဖြင့် ရေစုပ်ထုတ်ခြင်း၊ ရေသိုလှောင်ကန်များကူးဖော်သိုလှောင်ခြင်းစသည့် ရေကြီးမှုလျော့နည်းကျဆင်းစေသည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေကြီးရေလျှံမှု လျော့နည်းကျဆင်းစေရန် ရေဝေရေလဲဗေဒပညာရှင်များ ရှာဖွေမှု၊ မြစ်ရေအတက်အကျရှိသည့်အချိန်များ၊ မိုးရွာသွန်းမှုအခြေအနေများကို စစ်တမ်းရယူကာ ရန်ကုန်မြို့ ရေကြီးရေလျှံ ဖြစ်ပွားမှုများကို လျော့ကျသွားရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ဆောင်ရွက်သွားရန် စီစဉ်ထားသည်။ ရန်ကုန်မြို့တွင်း မြို့နယ်များအပြင် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းပါက ရေကြီးရေလျှံမှုအမြဲတမ်း ဖြစ်ပွားလျက်ရှိသည်။ ရေကြီးရေလျှံချိန်များတွင် လမ်းများ ပိတ်ဆို့မှုကြောင့် မော်တော်ယာဉ်သွားလာမှုများပါ ပြတ်တောက်မှုဖြစ်ပွားလျက်ရှိသည်။

**ဝေယံဦး**

## ဘုတလင်၌ ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပေးအပ်ပွဲ ကျင်းပ

**ဘုတလင် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကျောက်ရေအိုး(မ)ရွာတွင် အိမ်ထောင်စု ၁၀၇ ခုကို ဗုဒ္ဓရုပ်ပွားတော်များ လှူဒါန်းပေးအပ်ပွဲကို ဇူလိုင် ၂၇ ရက်က ကျောက်ရေအိုး(မ)ရွာ ကျောက်မျက်ရတနာစာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဗုဒ္ဓရုပ်ပွားတော် ၁၀၇ ဆူကို တစ်အိမ်ထောင်လျှင် တစ်ဆူနှုန်းဖြင့် လှူဒါန်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ညောင်ပင်တိုကျေးရွာ နယ်လှည့်သာသနာပြုဆရာတော် အရှင်စန္ဒာသီရိ၏ ကြီးမှူးဦးဆောင်မှုဖြင့် ဒေါ်ခင်ဥမ္မာမိသားစုက ထောက်ပံ့ကူညီလှူဒါန်းခြင်းဖြစ်သည်။

"သာသနာအတွက် အထောက်အကူပြုမယ့် ဗုဒ္ဓရုပ်ပွားတော်တွေ လှူဒါန်းမှုအတွက် ဆရာတော်နဲ့ အလှူရှင်တွေကို ကျေးရွာကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု ကျောက်ရေအိုး(မ)ရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။ အခမ်းအနားသို့ ကျောက်ရေအိုး (မ)ရွာ ယောဂီအမျိုးသမီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ရွာသူ ရွာသားများ လာရောက်ဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

### အမည်မှန်
တောင်သာမြို့နယ်၊ အမှတ်(၁)သံမဏိစက်ရုံ၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော ဦးမြင့်စိုး၏သမီး မပိုင်စုမွန်၏အမည်မှန်မှာ မပိုင်ဆုမွန်ဖြစ်ပါကြောင်း။ **မပိုင်ဆုမွန်**

### ဖခင်အမည်မှန်
တောင်သာမြို့၊ အမှတ်(၆)ရပ်ကွက်၊ မင်းစု အထက(ခွဲ) တက္ကသိုလ်ဝင်တန်း(B)မှ မတင်တင်လတ်နှင့် ပဥ္စမတန်း(A)မှ မမေသူအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၉/တသန(နိုင်)၁၁၀၇၉၅ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဦး**

### ပျောက်ဆုံးကြောင်း
လားရှိုးမြို့၊ ရပ်ကွက် (၅)နေ ဦးချန်ကျိန်၏သမီး မစုလှိုင်ဦး LSO-185095 ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် M-924932 ပျောက်ဆုံးသွားပါသည်။

### အမည်မှန်
လားရှိုးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်အပရာဟန်၏ အမည်မှန်မှာ မောင်အပရာဟန်(ခ)မောင်အာဖြဟ်ဖြစ်ပါကြောင်း။ **မောင်အပရာဟန်(ခ)မောင်အာဖြဟ်**

### မိခင်အမည်မှန်
လားရှိုးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ စိုင်းထွေးမောင်၏ မိခင်အမည်မှန်မှာ ဒေါ်မူးအိန်(ခ)ဒေါ်ပူးအင် ဖြစ်ပါကြောင်း။ **ဒေါ်မူးအိန်(ခ)ဒေါ်ပူးအင်**

### ပျောက်ဆုံးခြင်း
ကျွန်တော်မျိုးနိုင်စိုး ၁၃/တကန(နိုင်)၂၉၁၅၃၁ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၁၅၃၀၁၇**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၂ယ/၄၂၈၆၀ Kenbo-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်မြင့် ၅/ကနန(နိုင်)၀၀၀၁၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ဖခင်အမည်မှန်
လားရှိုးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(ဆ)မှ မဖြိုးအိစံ၏ဖခင် အမည်မှန်မှာ ဦးဇော်ဝင်း(ခ)ဦးခင်ဇော်ဝင်း ၁၃/လရန(နိုင်)၁၆၃၂၇၄ ဖြစ်ပါကြောင်း။

ယာဉ်အမှတ် ၂၂ယ/၃၄၈၅၅ ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်အောင် ၁၀/သထန(နိုင်) ၁၅၈၃၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ဟိန္ဒူမိသားစုများ၏ အကြိမ် ၂၀-မြောက် စုပေါင်းဝါဆိုသင်္ကန်း နှင့် ဆွမ်းအလှူဒါနပြုပွဲ ဖိတ်ကြားခြင်း

သနာတနမဟာဓမ္မ (ဟိန္ဒူ) အဖွဲ့ချုပ်မှ ကြီးမှူးသော အကြိမ် (၂၀)မြောက် ဟိန္ဒူမိသားစုများ၏ စုပေါင်းဝါဆိုသင်္ကန်းနှင့် ဆွမ်းအလှူဒါနပြုပွဲကို ၁၃၇၉-ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက်၊ (၃-၈-၂၀၁၇) ကြာသပတေးနေ့ နံနက် (၉း၀၀)နာရီတွင် ကမ္ဘာအေးဘုရား သံဃာ့မဟာနာယကကျောင်းဆောင်သင်္ချိုင်း၌ သီတင်းသုံးတော်မူကြကုန်သော နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများ၊ ဝိနည်းဓိုရ် ဆရာတော်ကြီးများ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ဆရာတော်ကြီးများနှင့် စာသင်သံဃာတော်များအား ကမ္ဘာအေးကျောင်းတိုက် ဆွမ်းစားကျောင်းဆောင်တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ မိသားစုနှင့်တကွ ကြွရောက်တရားတော်နာယူ ကုသိုလ်ယူပါရန်နှင့် လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိုးဆော်အပ်ပါသည်။

☎ 09433334445, 09450010762, 095108541, 0973150779

## ပြည်ပအလုပ်အကိုင် ကြော်ငြာ

စင်ကာပူနိုင်ငံ အစက်ရုံအတွက် (အမြန်) အလိုရှိသည်။

Welder (ဂဟေဆော်) }
Painter (ဆေးသုတ်) } လစာ S$ - 430+OT

လူဦးရေကန့်သတ်ထားသဖြင့် အမြန်စာရင်းပေးပါ။
အမြန်ဆုံး ထွက်ခွာနိုင်ရန် အမြန်သင်တန်းပေးမည်။

ISO 9001 : 2008
ပြည်တွင်း-ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု ကုမ္ပဏီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ... Paint House ...

လွှဲအပ်သူ ကြားရှေ့နေ -
ဒေါ် ... LL.B, D.B.L, D.M.L ဒေါ် ... LL.B, D.B.L, D.M.L, D.I.L

## ဧကြာဦး အဆင့်မြင့်အရည်အသွေး ... မမှုမင်း

ဒွန်းများ၊ ခါးနာ၊ ခြေကိုက်၊ လက်ကိုက်၊ လေလန်း ... အကြောတက်ဝေဒနာရှင်များအတွက် အထူးထုတ်လုပ်ထားသည်။

တုံ့ကျဥ်ဆိုက်ကမ်းဆေး အကြောပြေဆေး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၉၇၈၈ Toyota Sequoia,S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဧရာဝတီမြစ်ဆုံမြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ကန်ထရိုက်တာ ဦးမြင့်သိန်း ၁၂/ပဘတ(နိုင်) (မှ) ၀၂၁၉၈၉ | ဒေါ်လှမြတ်ရည် ၁၂/တမန(နိုင်) ၀၀၄၁၈၁ | တိုက်အမှတ် ၃၀၅/၃၁၁၊ လေးလွှာ(ဝဲ) အစွန်၊ (လမ်းမှမျက်နှာမူကြည့်လျှင်)မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ် |

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ်(၄/၃၇)၊ (၄၁ပေ ၈ လက်မ× ၆၈ပေ)၊ (၂၅)နှစ် ဂရန်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မြေအမည်ပေါက်ပိုင်ရှင် ဒေါ်နာထော-ဒေါ်နာဖတ်တို့၏ ကိုယ်စားလှယ် ဦးအားဝေ ၁၃/ကတန(နိုင်)၀၉၁၆၈၇၊ အမှတ် TH-၃၊ သုမင်္ဂလာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ညွှန်ကြားချက်အရ ကြေညာပါသည်။ အထက်ပါမြေကွက်သည် ကျွန်ုပ်အမှုသည်ပိုင်မြေဖြစ်ပြီး ဂရန်လက်ဝယ်ရှိမြေဖြစ်၍ ရောင်းချခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်းမပြုရန် အများသိစေရန် ကြေညာအပ်ပါသည်။ တစ်စုံတစ်ရာပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမှုသည်၏ညွှန်ကြားချက်အရ-**
**ဦးသန်းလှိုင်**
LL.B,D.B.L,D.I.L,D.M.L
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၇၃၅၆**

## American International Institute - AMII မှ ချိုမြင့်မည့် "နိုင်ငံတကာအဆင့် စီမံခန့်ခွဲအုပ်ချုပ်မှုပညာရပ်ဆိုင်ရာ သင်တန်းများ"



Become Certified and Jobs Will Seek You.

- Certified Professional Manager "CPM"
- Certified Marketing Professional "CMP"
- Certified Human Resources Manager "CHRM"
- Certified Marketing Manager "CMM"
- Certified Sales Manager "CSM"
- Certified Financial Manager "CFM"
- Certified Public Relation Manager "CPRM"

Enroll Now !

MCC Training Institute (Yangon Campus) (Mandalay Campus)
Hot Line : 246634, 2304156

Junction Square, Building (8), Second Floor, Pyay Road and Kyuntaw Street, Yangon Tel : 01-245762, 249152.
Yatanarpon Zay Plaza - 78 Street, Between Corner 32 - 34 Road, Chan Aye Tharzan Township, Mandalay Tel :02-77930, 09-91034062, 09-402671562

## ကန့်ကွက်နိုင်ပါသည်။

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

# အထူးကျေးဇူးတင်ရှိခြင်း

ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သော ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် Storybook entertainment မှ စီစဉ်တင်ဆက်သည့် ဧရာဝတီတိုင်းဒေသကြီး ပညာရေးဖောင်ဒေးရှင်းရန်ပုံငွေ သုခုမအနုပညာဖျော်ဖြေပွဲကြီးဖြစ်မြောက်ရေးအတွက် စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပေးပါသော ရုပ်ရှင်သရုပ်ဆောင် ကျော်ကျော်ဗိုနှင့် အနုပညာရှင်များအားလည်းကောင်း၊ တိုင်းဒေသကြီး ပညာရည်တိုးတက်မြင့်မားရေးလုပ်ငန်းများတွင် အစဉ်တစိုက် စိတ်ပါဝင်စားစွာ အားပေးလှူဒါန်းပေးပါသော အနယ်နယ်အရပ်ရပ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်များအားလည်းကောင်း၊ အနုပညာရှင်များ သွားလာရေးအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါသော ရွှေမင်္ဂလာခရီးသည်ပို့ဆောင်ရေးလုပ်ငန်းအားလည်းကောင်း၊ ဖျော်ဖြေတင်ဆက်မှုများကိုရိုက်ကူး၍ တိုက်ရိုက်ထုတ်လွှင့်ပေးပါသော Sky Net Media အားလည်းကောင်း၊ ပညာရေးရန်ပုံငွေဖျော်ဖြေပွဲကြီးအား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဖျာပုံခရိုင်တရားရုံး၌
## ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

| | | |
|---|---|---|
| ဦးပေါ်လွင်ဦး<br>အမှတ် ၂၇၁၊ ပဒုမ္မာလမ်း၊<br>(၁၆)ရပ်ကွက်၊ ဖျာပုံမြို့ | နှင့် | ၁။ ဦးစိန်ပွင့်<br>အမှတ် ၇၂၊ ဗိုလ်ချုပ်လမ်း၊<br>(၅)ရပ်ကွက်၊ ဖျာပုံမြို့<br>၂။ ဦးထွန်းဝင်း(ခ)ဦးထွန်းထွန်း<br>အမှတ် ၁၉၊ ၅ လမ်း၊(၈)ရပ်ကွက်၊<br>ဖျာပုံမြို့<br>၃။ ဒေါ်ခိုင်ခိုင်အေး<br>ရွှေပြည်မိုးဆန်စက်၊<br>သလိပ်ကလေးကျေးရွာ၊ဖျာပုံမြို့နယ်။<br>(ယခုနေရပ်လိပ်စာမသိ) |
| **တရားလို** | | **တရားပြိုင်များ** |

ဖျာပုံမြို့နယ်၊ ရွှေပြည်မိုးဆန်စက်၊ သလိပ်ကလေးကျေးရွာနေ (၃) တရားပြိုင် ဒေါ်ခိုင်ခိုင်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးပေါ်လွင်ဦးက တရားလိုသည် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၆/၁၂ တွင် ဝရမ်းခွာပေးရန် လျှောက်ထားချက်အား ပလပ်ခဲ့သည့် မြေနှင့်နေအိမ်မှာ တရားလိုပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေရန် တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၆၃ အရ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၁ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့် ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မလေးညို)
ခရိုင်တရားသူကြီး
ဖျာပုံခရိုင်တရားရုံး

## အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးလှသိန်း ၁၂/သကတ(နိုင်) ဝ၇၂၃၈၁ နှင့် ဒေါ်ရင်ရင်မြ ၁၂/သကတ (နိုင်)ဝ၇၁၃၄၂တို့၏ သမီး မယုယုထွေး ၁၂/ဒဂမ(နိုင်) ဝ၁၁၃၉၈သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးလှသိန်း ၁၂/သကတ(နိုင်)ဝ၇၂၃၈၁

## ရောင်းမည်

လက်ရှိအသုံးပြုနေသော

မြေထိုးစက် - D-60-3 ၁ စီး သိန်း ၂၅၀
- D-40 ၁ စီး သိန်း ၁၅၀
- ၃က/၆ဘီး Dump ၆၅ သိန်း

ဖုန်း- ဝ၉-၄၄၄ဝ၄၁၈၈၄
ဝ၉-၂၅၉၁၆၁ဝ၅၈
ဝ၉-၄ဝ၂၇၆၄၇၂၄

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၅၉၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှဝယ်ယူပြီး အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက်အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| | ကန်ထရိုက်တာဦးစိန်ဝင်း ၁၂/လမတ(နိုင်)ဝ၂၃၇၉၂(မှ) | ဒေါ်စန္ဒာမြင့် ၁၂/ဗဟန(နိုင်) ဝ၇ဝ၆၉၇ | တိုက်အမှတ် (၉၉/၁ဝ၁)၊ အခန်းအမှတ်(လေးလွှာ-အေ) အခန်းအမှတ်(လေးလွှာ-ဘီ) အခန်းအမှတ်(ငါးလွှာ-ဘီ) ၃၇လမ်း၊ ကျောက်တံတားမြို့နယ် |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၆၁/ဠ၂၊ မြေကွက်တည်နေရာအမှတ် ၂၂/ဘီ၊ မယ်စီကုန်းလမ်း၊ (၈)ရပ်ကွက် ဦးအောင်ခင် အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ)အား အမည်ပေါက် ဦးအောင်ခင်နှင့်ဇနီး ဒေါ်ဇီစွမ်ကျော်(ခ)ဒေါ်စိန်ကျော့၊ သားဖြစ်သူ ဦးသံလုံး(လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ဒေါ်ရစ်စောဝါ(ခ)ဒေါ်သန်းသန်းမြင့် ၁၂/လမန(နိုင်)၁၁၉ဝ၄ဝ၊ ဦးသံချောင်း(ခ)ဦးအုန်းသန်း ၁၂/လမန(နိုင်)၁၁၈၃၆၈နှင့်ဦးသံခဲ(ခ)ဦးမြတ်ဇော် ၉/မရမ(နိုင်)ဝ၄၆ဝ၇၁တို့က သားသမီးများတော်စပ်ကြောင်း ၄င်းတို့မှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၊ တရားတွင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသောင်းရွှေ ၁၂/အစန(နိုင်)ဝ၉၇၁၅၃နှင့် ဒေါ်မြိုင် ၁၂/အစန(နိုင်)ဝ၉၁ဝ၄၉ တို့၏သား မောင်သန်းအောင်ထွေး ၁၂/အစန(နိုင်)ဝ၆၄၄ဝ၄ သည် မိဘများ၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှ တာဝန်မယူပါ။

ဦးသောင်းရွှေ ၁၂/အစန(နိုင်)ဝ၉၇၁၅၃
ဒေါ်မြိုင် ၁၂/အစန(နိုင်)ဝ၉၁ဝ၄၉

မြန်မာ့အလင်း
ဂျူနီယာအားကစား
၂၀၁၄ခုနှစ်၊ ဩဂုတ် ၁ ရက်၊ သောကြာနေ့။




လူမှုစီးပွား

**ရခိုင်ပြည်နယ်ပညာရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးသို့**

စာ - ၃



လူမှုစီးပွား

**အလုံးလည်းလှ၊ ရနံ့လည်းမွှေး၊ အရသာမှာထူးခြား သီပေါနှင့် မိုင်းရယ်ဒေသထွက် နာနတ်သီးနှံများ**

စာ - ၄






# တိုက်စစ်ရသကို ပေးစွမ်းမယ့် အီမရိတ်ဖလား

စာ - ၂

## စိတ်ဝင်စားဖွယ်ရာများကြားက ပြင်သစ်ရုပါဖလား

စာ - ၇

### ၂၀၁၄ အီမရိတ်ပွဲစဉ်များ

ဩဂုတ် - ၂

| | | |
|---|---|---|
| ဗလင်စီယာ | - | မိုနာကို |
| အာဆင်နယ် | - | ဘင်ဖီကာ |

ဩဂုတ် - ၃

| | | |
|---|---|---|
| ဘင်ဖီကာ | - | ဗလင်စီယာ |
| အာဆင်နယ် | - | မိုနာကို |

ဂျပန်နိုင်ငံ Tokyo မြို့သို့ ပညာတော်သင်သွားရောက်ရန် ကျောင်းသား (၁၀၀) ဦး အမြန်အလိုရှိသည်။
သတင်းစာပို့ အချိန်ပိုင်း အလုပ်ဖြင့် ဈေးနှုန်းသက်သာစွာ သွားနိုင်မည့် အထူးအခွင့်အရေး

သိရှိရမည့် အချက်များ
★ ဆယ်တန်းအောင်မြင်ပြီးသူ/ဘွဲ့ရပြီးသူ ဖြစ်ရမည်၊
★ ဂျပန်စာအနိမ့်ဆုံး N5 အောင်လက်မှတ်နှင့် N4 အဆင့်ရှိရမည်၊
★ သတင်းစာပို့အလုပ်ကို အနည်းဆုံး(၁)နှစ် လုပ်ဆောင်ပေးရမည်၊
★ ဂျပန်သို့ ရောက်ရှိပါက International လိုင်စင်ရရှိရန် ဖြေဆိုပေးရမည်၊
★ အလုပ်ချိန် < 2:30 - 6:30 Am > ,< 3:00 - 5:00 Pm >
ကျောင်းတက်ချိန် < 9:00 - 12:30 Pm >

ရရှိနိုင်သည့် အခွင့်အရေး
★ ဂျပန်နိုင်ငံ Tokyo မြို့ပေါ်တွင် အလုပ်လုပ်ရင်းဖြင့်ပညာသင်ကြားနိုင်ခြင်း
★ ကျောင်းလခ ထောက်ပံ့ပေးခြင်း
★ နေထိုင်မည့်အဆောင်စီစဉ်ပေးခြင်း (တစ်ဦးလျှင် (၁)ခန်း)
★ တစ်လလျှင် ပျမ်းမျှလစာ 85,000ယန်း မှ 100000ယန်း အထိရရှိနိုင်ခြင်း [ Bonus ခံစားခွင့်ရှိ သည် ]
★ တစ်ပတ်လျှင် တစ်ရက်အလုပ်နားခွင့်ရှိသည်၊

No.5, Building (B), Room No.2, First Floor, U Tun Lin Chan Street, Kamayut Township, Yangon.Ph: 01-537710, 09-420179933, 09-73124375
Tokyo One Japanese Language School

# စိရောစိတွေကြားက ဆောက်သမ်တန်



ပရီမီယာလိဂ်ပွဲစဉ်တွေ စတင်ကစားဖို့အတွက် သိပ်မလိုတော့တဲ့အချိန်မှာပဲ ဆောက်သမ်တန်အသင်းရဲ့ ပရိသတ်တွေအနေနဲ့ အပူမီးပွားစေတဲ့အချက်ကတော့ ဆောက်သမ်တန်အသင်းရဲ့ ကစားသမားသမားရောင်းထုတ်မှုတွေဟာ အဆုံးမသတ်သေးလို့ပါပဲ။ ပြီးခဲ့တဲ့ရာသီက လူတိုင်းကအံ့သြဖွယ်ကောင်းလောက်တဲ့ တိုးတက်မှုတွေနဲ့ ခံစစ်အားကောင်းတဲ့ အသင်းအနေနဲ့ လူတိုင်း အသိအမှတ်ပြုခဲ့ရတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်အထိ အသင်းနဲ့ပတ်သက်ပြီး ပြောင်းလဲ လုပ်ဆောင်မှုတွေကတော့ လူတိုင်းအံ့သြမှင်တက်မိပြီး ငေးကြည့်နေရုံသာ ရှိပါသေးတယ်။

ဆောက်သမ်တန် အသင်းဟာ ၂၀၁၃-၂၀၁၄ ခုနှစ်ကမှ စတင်ပြီး ပရီမီယာလိဂ်ကို တန်းတက်ခဲ့ပေမယ့် ရာသီအကုန်မှာတော့ အခြား အလယ်အလတ်အသင်းတွေကို ဖြတ်ကျော်ပြီး အဆင့်(၈)နေရာမှာ ရပ်တည် နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့ဘောလုံး ပညာရှင်တိုင်းက လာမယ့်ရာသီမှာတော့ ဆောက်သမ်တန်အသင်းဟာ အသင်းကြီးတိုင်းက တလေးတစားနဲ့ စောင့်ကြည့်ကစားရမယ့် အသင်းဖြစ်လာလိမ့်မယ်ဆိုပြီး ထင်ကြေးပေးမှုတွေလည်း ရှိလာခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ် နွေရာသီဈေးကွက်အစမှာတော့ ဆောက်သမ်တန်အသင်းရဲ့ လိဂ်ဝမ်းကနေ ပရီမီယာလိဂ်အထိ အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ တိုက်စစ်မှူး လမ်းဘတ်ကစတင်ပြီး လီဗာပူးအသင်းကို ပေါင် လေးသန်းနဲ့ ပြောင်းရွှေ့သွားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူ့ရဲ့ကွင်းလယ် ကစားသမား လာလာနာက ပေါင် ၂၃ သန်းနဲ့ ထပ်မံ ပြောင်းရွှေ့သွားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အသင်းရဲ့ လူငယ်ပါရမီရှင် ကစားသမားတစ်ဦးဖြစ်တဲ့ လုခ်ရှောကလည်း ဗန်ဟားလ်ရှိတဲ့ မန်ယူအသင်းကို ပေါင်သန်း ၃၀ နဲ့ ထပ်မံပြောင်းရွှေ့ သွားခဲ့ပြန်ပါတယ်။

ယခု လက်ရှိအချိန်မှာတော့ အပြောင်းအရွှေ့ဈေးကွက်ပိတ်ဖို့က လေးပတ်လောက်သာ လိုတော့တာပါ။ ဒါပေမယ့် ဆောက်သမ်တန်အသင်းရဲ့ ကစားသမား လော်ရမ်ဟာလည်း လာလာနာ၊ လမ်းဘတ်တို့ ပြောင်းရွှေ့သွားခဲ့တဲ့ လီဗာပူးအသင်းကို ပေါင်သန်း ၂၀နဲ့ ထပ်မံပြောင်းရွှေ့သွားခဲ့ပါတယ်။ ဒါတင်မကပါဘူး၊ အသင်းရဲ့ ညာနောက်ခံကစားသမား ချမ်ဘာဟာလည်း အာဆင်နယ်အသင်းကို ပေါင် ၁၂ သန်း နဲ့ ယခုရက်ပိုင်းမှာပဲ ပြောင်းရွှေ့သွားခဲ့ပါပြီ။ ဒါကြောင့်လည်း လေးနှစ်အတွင်း လိဂ်ဝမ်းကနေ ပရီမီယာလိဂ်အဆင့် (၈) အထိ ရောက်ရှိလာခဲ့တဲ့ ဆောက်သမ်တန်အသင်းကနေ ဘယ်သူများ ထပ်မံထွက်ခွာဦးမလဲဆိုပြီး တွေးထင်မှုတွေကလည်း အပြည့်ရှိနေခဲ့ပါပြီ။

ဒါ့အပြင် ဆောက်သမ်တန်အသင်းရဲ့ အခြားကြီးမားတဲ့ ပြောင်းလဲမှုကြီးကတော့ မန်နေဂျာပြောင်းလဲမှုကြီးပါပဲ။ အသင်းကို ပရီမီယာလိဂ်အထိရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ မန်နေဂျာ ပိုချက်တီနိုဟာ အခုအချိန်မှာတော့ စပါးစ်အသင်းကို ထွက်ခွာသွားပြီဖြစ်တာမို့ သူ့ရဲ့နေရာမှာ ရော်နယ်ကိုးလ်မန်းကို ခန့်အပ်ထားခဲ့ပါတယ်။ ရော်နယ်ကိုးလ်မန်းဟာ ဟော်လန်ကလပ် အိုင်းယက်စ်၊ အိုင့်ဟိုဗင့်စ်အသင်းတို့နဲ့အတူ အောင်မြင်မှုတွေကို ရယူပေးနိုင်ခဲ့သလို ဗလင်စီယာအသင်းကိုလည်း ၂၀၀၇-၂၀၀၈ ခုနှစ်က စပိန်ဘုရင့်ဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။

အသင်းရဲ့ လက်ရှိထွက်ခွာသွားခဲ့တဲ့ ကစားသမားတွေနဲ့ပတ်သက်ပြီး ဆောက်သမ်တန် အသင်းနည်းပြ ရော်နယ်ကိုးလ်မန်းက “ကျွန်တော်အသင်းကို စတင်ရောက်ရှိစဉ်ကတည်းက အသင်းနဲ့ပတ်သက်တဲ့အချက်တွေကို ရှင်းရှင်းလင်းလင်း သိထားပါတယ်။ လမ်းဘတ်၊ လာလာနာ၊ လုခ်ရှောတို့ဟာ အသင်းကနေ ထွက်ခွာဖို့ရှိတာကို ကျွန်တော်ကောင်းကောင်းသိပါတယ်။ ကျွန်တော့်အနေနဲ့ သူတို့အပေါ်ကို လွှမ်းမိုးနိုင်ခြင်း မရှိဘူးဆိုတာကိုလည်း ကောင်းကောင်းသိပါတယ်။ အသင်းနဲ့ပတ်သက်ပြီး ကျွန်တော်ပေးနိုင်တဲ့အရာကတော့ အသင်းကိုအောင်မြင်မှုရရှိဖို့အတွက် ရည်မှန်းချက်ရှိရှိနဲ့ လျှောက်လှမ်းဖို့ပါပဲ”လို့လည်း ပြောကြားခဲ့ပါတယ်။ ယခုလက်ရှိအချိန်အထိ ဆောက်သမ်တန် အသင်းအနေနဲ့ အသင်းရဲ့ ကစားသမားတွေကို ဆက်တိုက်ရောင်းထုတ်နေပေမယ့် ပြန်လည်ဝယ်ယူထားတဲ့ အထဲမှာတော့ လောက်လောက်လားလားလို့ပြောလို့ရတဲ့ ကစားသမားက နှစ်ဦးသာ ရှိပါတယ်။ သူတို့ကတော့ လာလာနာရဲ့နေရာမှာ အစားထိုးနိုင်ဖို့အတွက် အက်ဖ်စီတွမ်တီးအသင်းကနေ ပေါင် ၁၀ ဒသမ ၉ သန်းနဲ့ ခေါ်ယူထားခဲ့တဲ့ တာဒစ်နဲ့ တိုက်စစ်မှူး လမ်းဘတ်ရဲ့နေရာမှာ အစားထိုးဖို့အတွက် ခေါ်ယူလိုက်တာကတော့ ဖီယင်နူအသင်းရဲ့ တိုက်စစ်မှူးပယ်လီပါပဲ။ ပယ်လီကိုတော့ ပေါင်ရှစ်သန်းနဲ့ ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။ ဒါ့အပြင် မန်ယူအသင်းကို ပြောင်းရွှေ့သွားခဲ့တဲ့ လုခ်ရှောရဲ့နေရာမှာတော့ အသင်းရဲ့ ငယ်မွေးခြံပေါက်ကစားသမားတစ်ဦးဖြစ်တဲ့ ထရာဂျက်ကို တာရှည်စွာ အသုံးပြုသွားဖို့ကိုလည်း ရည်ရွယ်ထားခဲ့ပါတယ်။

ဒါကြောင့်လည်း မန်နေဂျာ ကိုးလ်မန်းကတော့ ဒီနှစ်ရာသီအစဟာ ပြီးခဲ့တဲ့ရာသီကထက်တောင် ပိုမိုအင်အားတောင့်တင်းတဲ့ အသင်းအဖြစ် တွေ့မြင်ရမှာဖြစ်ကြောင်းနဲ့ အရည်အချင်းရှိတဲ့ ကစားသမားကောင်းတွေကိုလည်း ထပ်မံခေါ်ယူသွားဖို့ရှိတယ်လို့လည်း ပြောဆိုထားပါတယ်။ ဆောက်သမ်တန်အသင်းရဲ့ အနာဂတ်လှပဖို့ဆိုတာဟာ ကျန်ရှိနေတဲ့အပြောင်းအရွှေ့ရာသီအတွင်း အသင်းအတွက် ကစားသမားသစ်ခေါ်နိုင်ရေး မခေါ်နိုင်ရေးနဲ့လည်း သက်ဆိုင်နိုင်တာကြောင့် ရာသီအစမှာ ဘယ်လိုကကွက်တွေနဲ့ ကကြိုးဆင်လာဦးမလဲ ဆိုတာကိုသာ စိတ်ဝင်စားစွာနဲ့ စောင့်ကြည့်ရင်း . . . . . . . . . .

အောင်က

# စိတ်ဝင်စားဖွယ်ရာများကြားက ပြင်သစ်စူပါဖလား

၂၀၁၄-၂၀၁၅ ဘောလုံးရာသီသစ်ရဲ့ ပြင်သစ်ပထမတန်းပြိုင်ပွဲကို သြဂုတ်လ ၉ ရက်နေ့မှာ စတင်ကျင်းပမယ်။ အဲဒီမတိုင်ခင် ရာသီအဖွင့်ပွဲဖြစ်တဲ့ ပြင်သစ်စူပါဖလားပြိုင်ပွဲကိုကျတော့ သြဂုတ် ၂ ရက်နေ့မှာ ကျင်းပသွားဖို့ရှိတဲ့အခါ ဘယ်သူအဖွင့်လှမလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းလာတယ်။ စောင့်ကြည့်ချင်စရာလည်းဖြစ်လာတယ်။

ပြောရရင် ဒီပြိုင်ပွဲကို ၁၉၅၅ ခုနှစ်ကတည်းက စတင်ကျင်းပပေးခဲ့တာဖြစ်ပြီး သက်တမ်းရင့်ပြိုင်ပွဲတစ်ခုလို့ ပြောနိုင်သလို ပြင်သစ်ပထမတန်းချန်ပီယံအသင်းနဲ့ ပြင်သစ်ဖလားချန်ပီယံအသင်းတို့ကို ယှဉ်ပြိုင်ကစားစေတဲ့ ပြိုင်ပွဲပဲဖြစ်တယ်။ ဒီပြိုင်ပွဲကို အရင်ကပြင်သစ်နိုင်ငံအတွင်းမှာသာ ကျင်းပခဲ့တာဖြစ်ပေမယ့် ၂၀၀၉ ခုနှစ် ပြိုင်ပွဲကစလို့ ပြည်ပနိုင်ငံတွေမှာ ယှဉ်ပြိုင်ကစားစေခဲ့ရာမှာ ၂၀၀၉ ခုနှစ်မှာ ကနေဒါ၊ ၂၀၁၀ ပြည့်နှစ်မှာ တူနီးရှား၊ ၂၀၁၁ မှာ မော်ရိုကို၊ ၂၀၁၂ မှာ အမေရိကန်နဲ့ ၂၀၁၃ ပြိုင်ပွဲကိုတော့ ဂါဘွန်တို့မှာ ကျင်းပပြုလုပ်ခဲ့တာဖြစ်ပြီး ဒီ ၂၀၁၄ ပြိုင်ပွဲကိုတော့ တရုတ်နိုင်ငံပေကျင်းမြို့မှာ ကျင်းပသွားမှာဖြစ်တယ်။ ဒီပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းကတော့ လိုင်ယွန်ဖြစ်ပြီး ဒီပြိုင်ပွဲမှာ (၈)ကြိမ် ဗိုလ်စွဲထားပြီး ဒုတိယ နှစ်ကြိမ်ရယူထားနိုင်ကာ ဒုတိယအအောင်မြင်ဆုံးအဖြစ် ဒီဆုဖလားကို (၅)ကြိမ်ရယူပြီး ဒုတိယတစ်ကြိမ်ရထားတဲ့ ရိမ်းစ်အသင်းက ရပ်တည်နေနိုင်တာတွေ့ရတယ်။ ရိမ်းစ်အသင်းဟာ ဒီပြိုင်ပွဲကို စတင်ပြုလုပ်တဲ့ ၁၉၅၅ ခုနှစ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ခဲ့တာကြောင့် ဒီပြိုင်ပွဲရဲ့ ပထမဆုံးချန်ပီယံအဖြစ် မှတ်တမ်းတင်ထားနိုင်တဲ့အသင်းလည်းဖြစ်ကာ ဒီဆုဖလားကို နောက်ဆုံးအကြိမ်ရရှိထားတဲ့




အသင်းကတော့ မနှစ်ကပြိုင်ပွဲမှာ ဘော်ဒိုးကိုအနိုင်ယူဗိုလ်စွဲသွားခဲ့တဲ့ ပြင်သစ်ပထမတန်းချန်ပီယံ ပီအက်စ်ဂျီပဲဖြစ်တယ်။

အထူးသဖြင့် ပီအက်စ်ဂျီဟာ မနှစ်က ပြင်သစ်ပထမတန်းပြိုင်ပွဲမှာလည်း ထပ်မံဗိုလ်စွဲနိုင်ခဲ့တာကြောင့် ယခုနှစ် ပြင်သစ်စူပါဖလားပြိုင်ပွဲကို ထပ်မံကစားခွင့်ရထားပြန်တဲ့အတွက် ဒီဆုဖလားကို နှစ်နှစ်ဆက်တိုက် ရယူနိုင်မယ့် အခွင့်အရေးလည်းရှိနေတယ်။ ပြောရရင် ပီအက်စ်ဂျီဟာ ဒီဆုဖလားကို ဘယ်တုန်းကမှ နှစ်ကြိမ်ဆက်တိုက် ရယူနိုင်ခဲ့ဖူးခြင်း မရှိဘူး။ ပီအက်စ်ဂျီဟာ ဒီဆုဖလားကို ၁၉၉၅ ပြိုင်ပွဲ၊ ၁၉၉၈ ပြိုင်ပွဲ၊ ၂၀၁၃ ပြိုင်ပွဲတွေမှာ ရယူနိုင်ခဲ့ကာ ၁၉၈၆၊ ၂၀၀၄၊ ၂၀၀၆၊ ၂၀၁၀ ပြိုင်ပွဲတွေမှာတော့ ဒုတိယနဲ့သာ ကျေနပ်ခဲ့ရတယ်။ ဒါကြောင့် ပီအက်စ်ဂျီအနေနဲ့ ဒီတစ်ကြိမ်မှာသာ အောင်ပွဲခံနိုင်ခဲ့မယ်ဆိုရင် ကလပ်သမိုင်းမှာ ဒီပြင်သစ်စူပါဖလားကို ပထမဆုံးအကြိမ် နှစ်နှစ်ဆက်တိုက်ရယူနိုင်တဲ့ အသင်းတစ်သင်းဖြစ်လာမှာဖြစ်တယ်။ ဒါ့အပြင် ပီအက်စ်ဂျီဟာ ဒီနှစ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ဒီဆုဖလားကို (၄)ကြိမ်မြောက်ရယူသွားနိုင်မှာဖြစ်သလို စတုတ္ထအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့ မိုနာကိုနဲ့လည်း ဆုဖလားရယူနိုင်မှု အကြိမ်အရေအတွက်ချင်း တူညီသွားမှာဖြစ်တယ်။ ဒါ့အပြင် ပီအက်စ်ဂျီဟာ ဒီပြိုင်ပွဲမှာ ဒုတိယ၊ လေးကြိမ်ရထားပြီး မိုနာကိုကတော့ ဒုတိယတစ်ကြိမ်သာရထားလို့ တကယ်လို့သာ ဒီနှစ်ပြိုင်ပွဲမှာ ပီအက်စ်ဂျီသာ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ပြိုင်ပွဲ သမိုင်းကြောင်းမှာ စတုတ္ထအအောင်မြင်ဆုံး အသင်းအဖြစ်ပါ မိုနာကိုကို ကျော်ဖြတ်ပြီး ရပ်တည်သွားနိုင်မှာဖြစ်တယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ပြင်သစ်ဖလားကို ရယူနိုင်ခဲ့ပြီး ဒီနှစ် ပြင်သစ်စူပါဖလားမှာ ပီအက်စ်ဂျီနဲ့ ရင်ဆိုင်မယ့် ဂူအင်ဂမ့်ဟာလည်း ဒီဆုဖလားကို တစ်ကြိမ်မှရယူနိုင်ဖူးခြင်း မရှိသေးဘူး။ ဂူအင်ဂမ့်ဟာ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာ ပြင်သစ်ဖလားကို ရယူနိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ် ပြင်သစ်စူပါဖလားပွဲကို ဝင်ပြိုင်ခွင့်ရခဲ့ပေမယ့် အဲဒီတုန်းက ဘော်ဒိုးကို ၂-၀ နဲ့ ရှုံးပြီး ဒုတိယသာရရှိခဲ့ဖူးတယ်။ ဒါကြောင့် တကယ်လို့သာ ဂူအင်ဂမ့်အနေနဲ့ ဒီနှစ်မှာ ပီအက်စ်ဂျီကို အနိုင်ယူနိုင်ခဲ့မယ်ဆိုရင် ပြင်သစ်စူပါဖလားမှာ ချန်ပီယံသစ်ပေါ်ထွက်လာမှာဖြစ်သလို ဂူအင်ဂမ့်အသင်းရဲ့ သမိုင်းမှာလည်း ပြင်သစ်စူပါဖလားကို ပထမဆုံး ရယူနိုင်တဲ့ နှစ်တစ်နှစ်အဖြစ် မှတ်တမ်းသစ်ရေးထိုးနိုင်မှာလည်း ဖြစ်တယ်။

ဒါကြောင့် ဒီတစ်ကြိမ် စူပါဖလားပွဲစဉ်ဟာ စိတ်ဝင်စားစရာတစ်မျိုးကောင်းတယ်လို့ပြောရမယ်။ အထူးသဖြင့် ပီအက်စ်ဂျီအနေနဲ့ရော ဂူအင်ဂမ့်အနေနဲ့ပါ ဆုဖလားတစ်လုံးရယူနိုင်ပြီး ရာသီသစ်အတွက် ရာသီဦးမှာတင် စိတ်ဓာတ်ပိုင်းဆိုင်ရာယုံကြည်မှုကို တည်ဆောက်သွားနိုင်ဖို့ အထူးကြိုးစားကစားကြမှာ သေချာတယ်။ ဒါ့အပြင် ပြောခဲ့ပြီးသလို ဒီပွဲဟာ နှစ်သင်းစလုံးအတွက် မှတ်တမ်းသစ်တွေ ရေးထိုးနိုင်မယ့် အကြောင်းတရားတွေလည်း ရှိနေတာကြောင့် နှစ်သင်းစလုံး အားစိုက်ကစားကြမှာ သေချာတယ်။ ဒါကြောင့် ဒီပွဲစဉ်ဟာ ရာသီအကြိုပွဲစဉ်တစ်ခု ဖြစ်တာကြောင့် ခပ်ပေါ့ပေါ့သဘောထားလို့မရတဲ့ ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာနေတယ်။

တကယ်တော့ ဒီပြိုင်ပွဲမှာ ပီအက်စ်ဂျီကို ရင်ဆိုင်မယ့် ဂူအင်ဂမ့်ဟာ မနှစ်က ပြင်သစ်ဆုဖလား ရယူနိုင်ခဲ့တယ်ဆိုပေမယ့် ခြေကတော့ အကောင်းဆုံးပုံစံမှာ မရှိဘူး။ အမှတ်ပေးပြိုင်ပွဲမှာဆိုရင် အဆင့် (၁၆)နေရာမှာသာ ရပ်တည်နိုင်ခဲ့တယ်။ ဒါ့အပြင် ကစားသမားအင်အားမှာလည်း ပီအက်စ်ဂျီကို မမီဘူး။ ပီအက်စ်ဂျီဟာ ဒီရာသီမှာ အားဖြည့်မှုတွေ ထိထိမိမိလုပ်ဆောင်နိုင်ခြင်းမရှိပေမယ့် အသင်းရဲ့ အဓိကကစားသမားတွေကိုတော့ ဆက်ထိန်းထားနိုင်သလို အသင်းလိုက်ဟန်ချက်ကအစ တည်ငြိမ်မှုရှိနေတယ်။ ဒါကြောင့်ဒီတစ်ကြိမ်ပြိုင်ပွဲမှာ ချန်ပီယံအသစ်ပေါ်ထွက်ဖို့က ခက်ခဲနိုင်ကာ ပီအက်စ်ဂျီကသာ မှတ်တမ်းသစ်တွေ ရေးထိုးသွားနိုင်လိမ့်မယ်လို့ အားလုံးက ယူဆထားကြတယ်လို့ပဲ ပြောချင်တယ်။

အောင်က

# တိုက်စစ်ရသကို ပေးစွမ်းမယ့် အီမရိတ်ဖလား




**အီမရိတ်ဖလား။ တစ်နည်းပြောရရင် ရာသီကြိုခြေစမ်းပွဲတွေ။ ဖိတ်ခေါ်ပြိုင်ပွဲတွေကြားမှာ ဟန်မူကွဲတစ်ခုအနေနဲ့ ခိုင်ခိုင်မာမာရပ်တည်လာနိုင်တဲ့ ပြိုင်ပွဲတစ်ခု။ အရှင်းဆုံးပြောရရင် အရှုံးကို လက်မခံလိုတဲ့စိတ်ကနေ ဆင်းသက်လာတဲ့ ခံစစ်အသားပေးနည်းစနစ်တွေ လွှမ်းမိုးလာတဲ့ ဒီဘက်ခေတ်ဘောလုံးလောကမှာ တိုက်စစ်ရသကို အပြည့်အဝဖော်ဆောင်ပေးတဲ့ ပြိုင်ပွဲတစ်ခု။ ဒီတော့ အီမရိတ်ဖလားဟာ ပရိသတ်ရဲ့စိတ်အာရုံကို ညှို့ယူနိုင်တယ်။ ဆွဲဆောင်သိမ်းသွင်းနိုင်စွမ်းရှိတယ်။**

ပြောချင်တာက ဒီပြိုင်ပွဲရဲ့ ကျင်းပပုံကျင်းပ နည်းစနစ်ဟာ အခြားရာသီကြို ဖိတ်ခေါ်ဖလားပြိုင်ပွဲတွေနဲ့ လုံးဝမတူဘူး။ နှစ်စဉ် အသင်းလေးသင်းနဲ့ ယှဉ်ပြိုင်တယ်။ တစ်သင်းကို နှစ်ပွဲစီကစားရတယ်။ ဗိုလ်လုပွဲမရှိဘူး။ အမှတ်ပေးစနစ်နဲ့ကျင်းပတဲ့ ပြိုင်ပွဲ။ အဲဒီနှစ်ပွဲစီကစားရာမှာ အမှတ်အများဆုံးရတဲ့ အသင်းကို ချန်ပီယံအဖြစ် သတ်မှတ်တယ်။ ထူးခြားတာကလည်း အဲဒီ အမှတ်ပေးစနစ်ပဲ။ ပြောရရင် ဒီပြိုင်ပွဲမှာ အသင်းတစ်သင်းဟာ ပွဲတစ်ပွဲအတွင်း အနိုင်ရရင် ပုံမှန်အတိုင်းသုံးမှတ်ရတယ်။ သရေဆိုရင်လည်း ပုံမှန်အတိုင်း တစ်မှတ်ရပေမယ့် ဒီပြိုင်ပွဲတွေမှာ ပိုပြီးထူးခြားတာက သွင်းဂိုးတစ်ဂိုးအတွက် တစ်မှတ်ပေးမှုပဲ။ ဥပမာပြောရရင် အသင်းတစ်သင်းဟာ ပွဲစဉ်တစ်ခုမှာ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်တယ်ဆိုရင် အနိုင်ရတဲ့အတွက် သုံးမှတ်အပြင် သွင်းဂိုးသုံးဂိုးအတွက် သုံးမှတ်။ ပေါင်းခြောက်မှတ်ရမယ်။ ရှုံးတဲ့အသင်းကလည်း ရှုံးတဲ့အတွက် အမှတ်မရပေမယ့် သွင်းဂိုးနှစ်ဂိုးအတွက် နှစ်မှတ်ရမယ်။ ဒီတော့ ဒီပြိုင်ပွဲဟာ တိုက်စစ်ကို အပြည့်အဝပုံဖော်မယ့် ပြိုင်ပွဲတစ်ရပ်အဖြစ် သိသာတယ်။

ထပ်ပြောရရင် တကယ်လို့ ဒီပြိုင်ပွဲမှာ အသင်းနှစ်သင်းဟာ သွင်းဂိုးအရေအတွက်ရော အမှတ်ပါ တူနေမယ်ဆိုရင် ဂိုးပေါက်တည့်အောင် အကြိမ်အများဆုံးကန်သွင်းနိုင်တဲ့အသင်းကို အသားပေးမယ့်စနစ်ကိုပါ ကျင့်သုံးတာဆိုတော့ သေချာတယ်။ ဒီပြိုင်ပွဲဟာ တိုက်စစ်ရသကို လုံးလုံးလျားလျားခံစားရမယ့် ပြိုင်ပွဲတစ်ရပ်ဆိုတာ မငြင်းနိုင်ဘူး။ တကယ်တော့ ဒီပြိုင်ပွဲမျိုးဟာ အရင်က မရှိခဲ့တာတော့ မဟုတ်ဘူး။ ဒီလိုစနစ်နဲ့ ကျင်းပတဲ့ ပြိုင်ပွဲတစ်ပွဲကို ဟော်လန်ကလပ် အိုင်းယက်စ်အသင်းက ကြီးမှူးပြီး ၁၉၇၅ခုနှစ်ကတည်းက အမ်စတာဒမ်ပြိုင်ပွဲဆိုတဲ့ အမည်နဲ့ ကျင်းပခဲ့ဖူးတယ်။ အဲဒီတုန်းကလည်း အဲဒီ အမ်စတာဒမ်ပြိုင်ပွဲဟာ ဘောလုံးရာသီကြိုကာလတွေမှာ ထင်ရှားတဲ့ ပြိုင်ပွဲတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သလို ၂၀၀၉ခုနှစ်အထိ ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့တဲ့ ပြိုင်ပွဲတစ်ခုဖြစ်ခဲ့ကာ အဲဒီစနစ်ကို အခြေခံပြီး ၂၀၀၇ မှာ စတင်ကျင်းပတဲ့ ဒီအီမရိတ်ဖလားပြိုင်ပွဲဟာလည်း အမ်စတာဒမ် ပြိုင်ပွဲနည်းတူ အချိန်တိုအတွင်း ရာသီကြိုကာလတွေမှာ ထင်ရှားအောင်မြင်လာခဲ့တာပဲ ဖြစ်တယ်။

အထူးသဖြင့် ဒီပြိုင်ပွဲဟာ ပြောခဲ့ပြီးသလို အနိုင်ရရုံနဲ့ မပြီးဘူး။ သွင်းဂိုးတိုင်းအတွက် အမှတ်ပေးတဲ့စနစ်ရှိတာကြောင့် ဂိုးများများသွင်းနိုင်ဖို့ပါလိုတယ်။ ပြီးတော့ အမှတ်တူ၊ ဂိုးတူနေရင်လည်း ဂိုးပေါက်တည့်မှုနဲ့ပါ ထပ်မံဆုံးဖြတ်မှာဆိုတော့ တိုက်စစ်ရဲ့အဆုံးသတ်ပိုင်း သေချာမှုကပါ သိပ်အရေးကြီးတယ်။ ၂၀၀၈ပြိုင်ပွဲတုန်းကဆိုရင် ပြိုင်ပွဲဝင်လေးသင်းဖြစ်တဲ့ ဟမ်းဘတ်၊ ရီးရဲ၊ အာဆင်နယ်၊ ဂျူဗင်တပ်စ်တို့ဟာ တစ်သင်းကို တစ်ပွဲစီနိုင်တယ်။ ဒါပေမယ့် အဲဒီမှာ သွင်းဂိုးပိုများတဲ့ ဟမ်းဘတ်က ချန်ပီယံဖြစ်တယ်။ ဒီတော့ ဒီပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ဆိုရင် တိုက်စစ်ဇုန်ကို စနစ်တကျဖွဲ့စည်းအထိုင်ချဖို့ သိပ်လိုတယ်။ တိုက်စစ်ပိုင်းက အဆုံးသတ်အားကောင်းမှု၊ ညီညွတ်မျှတတဲ့ စွမ်းရည်ရှိမှ ဒီပြိုင်ပွဲမှာ ချန်ပီယံဖြစ်နိုင်မှာဆိုတော့ ပရိသတ်အနေနဲ့လည်း ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တဲ့ အသင်းတိုင်းရဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကို အပြည့်အဝလေ့လာသုံးသပ်ခွင့်ကိုရမယ်။ ဒါဟာ ရာသီကြိုကာလအတွင်း အသင်းတွေရဲ့ အခြေအနေကို တိတိကျကျခန့်မှန်းနိုင်တဲ့ ပရိသတ်အတွက် အခွင့်ကောင်းတစ်ခုလည်းဖြစ်တယ်။

ပြောရမယ်ဆိုရင်တော့ ဒီနှစ်ပြိုင်ပွဲကို လာမယ့် သြဂုတ်လ ၂ ရက်နဲ့ ၃ ရက်နေ့တွေမှာ ထုံးစံအတိုင်း အာဆင်နယ်ရဲ့အိမ်ကွင်း အီမရိတ်မှာကျင်းပမယ်။ အိမ်ရှင် အာဆင်နယ်ရဲ့အိမ်ကွင်း အီမရိတ်မှာကျင်းပမယ့် အဲဒီပြိုင်ပွဲမှာ အိမ်ရှင်အာဆင်နယ်နဲ့အတူ ဘင်ဖီကာ၊ မိုနာကို၊ ဗလင်စီယာတို့ ပြိုင်ပွဲဝင်ကြမှာဆိုတော့ ပရိသတ်အတွက် စောင့်ကြည့်ချင်စရာ အကောင်းဆုံး အသင်းနှစ်သင်း ပါနေတယ်။ အထူးသဖြင့် အဲဒီအထဲမှာတောင် အာဆင်နယ်က စောင့်ကြည့်ချင်စရာပိုကောင်းတယ်။ ပြောရရင် အာဆင်နယ်ဟာ မနှစ်က ပရီမီယာလိဂ်ချန်ပီယံဆုကို အရယူဖို့အားစိုက်ခဲ့ပေမယ့် ရာသီအဆုံးမှာ ထင်သလိုဖြစ်မလာဘူး။ အဲဒီမဖြစ်မှုရဲ့ အဓိကအားနည်းချက်ဟာ တိုက်စစ်ပိုင်းအဖြစ် အားလုံးက ရှုမြင်လက်ခံသလို ဂီရောက်ဒ်တစ်ဦးတည်းရဲ့အားနဲ့ မလုံလောက်ဘူးလို့လည်း တွက်ကြတယ်။ ဒီလိုအချိန်မှာ ဒီနွေဈေးကွက်အတွင်း ဆန်းချက်ဇ်ကို အာဆင်ဝင်းဂါးက အရခေါ်တဲ့အခါ အာဆင်နယ်ရဲ့တိုက်စစ်ပိုင်းက စောင့်ကြည့်ချင်စရာဖြစ်လာတယ်။ ထပ်ပြောရရင် မနှစ်က အာဆင်နယ်ရဲ့ တိုက်စစ် အားပျော့မှုမှာ ဝေါလ်ကော့ ဒဏ်ရာရရှိခြင်း ကလည်း အခြေခံအကြောင်းတရားဖြစ်ပါတယ်။ အခုဝေါလ်ကော့ကလည်း ဒဏ်ရာကသက်သာလာပြီဆိုတော့ ဝေါလ်ကော့၊ ဂီရောက်ဒ်၊ ဆန်းချက်ဇ်တို့ သုံးဦးပေါင်း အာဆင်နယ် တိုက်စစ်စွမ်းအားရဲ့ အဖြေတစ်ခုကို ဒီပြိုင်ပွဲမှာ တွက်ထုတ်နိုင်မယ်။ ဒါဟာ ပရိသတ်အတွက် အခွင့်အရေးတစ်ခုလည်းဖြစ်တယ်။

အထူးသဖြင့် ဘောလုံးရာသီအကြိုကာလတိုင်းမှာ ပြိုင်ပွဲတစ်ခုကို မျှော်ကြည့်တွက်ဆကြတာဟာ ဒီရာသီအကြိုကာလမှာ ပရီမီယာလိဂ်ကို မျှော်ကြည့်မှုတွေရှိတယ်။ မန်နေဂျာ အပြောင်းအလဲအောက်မှာ မန်ယူရဲ့နာလန်ပြန်ထနိုင်အား၊ ဒုတိယရာသီအတွက် မော်ရင်ညိုရဲ့ ပိုပြီးဝါယမစိုက်လာနိုင်မှု၊ မန်စီးတီးရဲ့ ချန်ပီယံကာကွယ်ရေး ရုန်းကန်အား၊ လီဗာပူးရဲ့ ခပ်စိတ်စိတ်ခြေလှမ်းတွေ။ ဖြစ်နိုင်မယ်လို့ ယတိပြတ်မပြောနိုင်ပေမယ့် ဖြစ်နိုင်အားကတော့ ချန်ပီယံပြေးလမ်းဟာ မနှစ်ကထက်ပိုပြီး ကျပ်ကျပ်သပ်သပ်နိုင်မယ်။ အဲဒီလိုအခြေအနေမှာ ဆန်းချက်ဇ်၊ ဒီဘူချီတို့လောက်သာ အားဖြည့်ထားရုံနဲ့ အာဆင်နယ်အတွက် လုံလောက်ပြီလား ဆိုတာ ဒီပြိုင်ပွဲနဲ့ချိန်ညှိရမယ်။

ပြီးတော့ မိုနာကိုလည်း ဒီလိုပဲ။ ကစားသမားအထွက်သာရှိပြီး ထိမိတဲ့အားဖြည့်မှုမျိုး မရှိသေးတဲ့အတွက် မိုနာကိုရဲ့အနေအထားကိုပါ ဒီပြိုင်ပွဲမှာ ခန့်မှန်းနိုင်မယ်။ ပြောရရင် မိုနာကိုဟာ မနှစ်ကရာသီမှာ ကစားသမားကောင်းတွေ အများအပြားခေါ်ယူခဲ့တာတောင် ပီအက်စ်ဂျီလက်ထဲက ချန်ပီယံဆုကို ယှဉ်မလုနိုင်ဘူး။ အခုရိုဒရီဂွက်ဇ်ကို ဆုံးရှုံးရတယ်။ ဖယ်ကာအိုကိုလည်း ဆက်ထိန်းနိုင်ဖို့ မသေချာတဲ့အတွက် မိုနာကိုရဲ့ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကိုပါ သံသယရှိလာကြသလို အဲဒီသံသယကို ဒီပြိုင်ပွဲမှာ အဖြေရှာကြရမှာ သေချာတယ်။

ဒီတော့ ဒီတစ်ကြိမ်ပြိုင်ပွဲကလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ အထူးသဖြင့် တိုက်စစ်အသားပေး ကစားဟန်ကို ဦးစားပေးတဲ့ဒီပြိုင်ပွဲမှာ အာဆင်နယ်နဲ့ မိုနာကိုတို့ရဲ့ တိုက်စစ်ပိုင်းကိုပါသုံးသပ် အဖြေရှာနိုင်မှာဖြစ်လို့ အီမရိတ်ပြိုင်ပွဲဟာ ပရိသတ်ကို ညှို့ယူဖမ်းစားထားဦးမှာ သေချာတယ်။

ဝေမိုးဆက်

| အီမရိတ်ဖလားချန်ပီယံများနှင့်ဒုတိယများ | | |
|---|---|---|
| ၂၀၀၇ | အာဆင်နယ် | ပီအက်စ်ဂျီ |
| ၂၀၀၈ | ဟမ်းဘတ် | ရီးရဲ |
| ၂၀၀၉ | အာဆင်နယ် | ရိန်းဂျားစ် |
| ၂၀၁၀ | အာဆင်နယ် | လိုင်ယွန် |
| ၂၀၁၁ | ရက်ဘူးလ် | ပီအက်စ်ဂျီ |
| ၂၀၁၃ | ဂါလာတာစာရေး | ပေါ်တို |

| ၂၀၁၄ အီမရိတ်ပွဲစဉ်များ | | |
|---|---|---|
| သြဂုတ်၂ | - | ဗလင်စီယာ-မိုနာကို |
| | | အာဆင်နယ်-ဘင်ဖီကာ |
| သြဂုတ်၃ | - | ဘင်ဖီကာ -ဗလင်စီယာ |
| | | အာဆင်နယ်-မိုမာကို |

## မာစီဒီးစ်အသင်းသား ဟာမီလ်တန်ဖွင့်ဟမှု

ဒါပေမယ့် သူတို့ရဲ့ညွှန်ကြားချက်ကို မလိုက်နာခဲ့တာဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်လို့ ယုံကြည်ထားတယ်။ ကျွန်တော်ဟာ ကျွန်တော့်အတွက် ပြိုင်ပွဲဝင်နေတာပါ။ နီကိုရော့ဘတ်စ်အတွက် ပြိုင်ပွဲဝင်နေတာမဟုတ်ပါဘူး”ဟု ပြောသွားသည်။

Hungarian Grand Prix ပြိုင်ပွဲ၌ ရက်ဘူးလ်အသင်းမှ ရီဆီယာဒိုက မောင်းနှင်ချိန် ၁ နာရီ ၅၃ မိနစ် ၅ ဒသမ ၀၅၈ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။



### ရပ်တည်နေ

ရီဆီယာဒိုသည် ယခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ၏ Canadian Grand Prix ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့သူဖြစ်ကာ စုစုပေါင်းရမှတ် ၁၃၁ မှတ်ဖြင့် အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသူဖြစ်သည်။

အမှတ်ပေးဇယား၏ ပထမနေရာ၌ နီကိုရော့ဘတ်စ်က ၂၀၂ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယနေရာ၌ ဟာမီလ်တန်က ၁၉၁ မှတ်ဖြင့်လည်းကောင်း ရပ်တည်နေသည်။

၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ၏ ၁၂ ပွဲမြောက် ပြိုင်ပွဲဖြစ်သော Belgian Grand Prix ပြိုင်ပွဲကို လာမည့် သြဂုတ်လ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရခိုင်ပြည်နယ်**

# ရခိုင်ပြည်နယ်ပညာရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးသို့

ဒေသတစ်ခု၊ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခရာအကျဆုံး ဖြစ်သည်။ ယနေ့သည် ပညာခေတ် ဖြစ်သည်။ နေရာတိုင်းတွင် ပညာသည်သာ ရှေ့တန်းက ပါဝင်နေသည်။ နိုင်ငံတော်တွင်လည်း ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီမည့် ပညာရေးမူဝါဒများကို ရေးဆွဲနေသည်။

ဇွန် ၂၆ ရက်က ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ရုံးတွင် ပြုလုပ်သော မီဒီယာများနှင့် တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက "ပညာရေးကဏ္ဍမှာလည်းတိုးတက်အောင် နိုင်ငံတော်က ဆောင်ရွက်ပေးနေပါတယ်။ ရခိုင်ပြည်နယ်ပညာရေး တိုးတက်မြင့်မားဖို့အတွက်လည်း ဆောင်ရွက်ပေးသွားမှာပါ။ ကျွန်တော် ဝန်ကြီးချုပ် တာဝန်ယူတာ သုံးပတ်ရှိပါပြီ။ ဒီအတွင်းမှာ ဥပဓိရုပ်မကောင်းတဲ့ ကျောင်းတွေကို ပြုပြင်ပေးနေပါတယ်။ ဒါတွေကိုလည်း ချက်ချင်းပြုလုပ်ဖို့ ခွင့်ပြုငွေတွေ ပေးခဲ့ပါတယ်။ တိုးတက်အောင် ဆောင်ရွက်ပေးသွားပါမယ်" စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

**လေ့လာတင်ပြ ယနေ့ရခိုင်ပညာရေးကဏ္ဍ**

ယနေ့ ရခိုင်ပြည်နယ်ပညာရေးသည် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ နှစ်ခုစလုံး၌ စိန်ခေါ်မှုများ ဝန်းရံနေသည်။ ရုပ်ပိုင်းဆိုင်ရာဖြစ်သော ကျောင်းအဆောက်အအုံများ ကောင်းမွန်မှု၊ ကျောင်းပတ်ဝန်းကျင် အေးချမ်းသာယာသန့်ရှင်းမှု၊ စိမ်းလန်းစိုပြည်မှုများ လိုအပ်နေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာဖြစ်သော ကျောင်းသားကျောင်းသူများ ပညာရေးကို လိုချင်စိတ်ပြင်းပြမှု၊ ရိုးသားစွာပြိုင်ဆိုင်မှု၊ ကျောင်းအချင်းချင်းပြိုင်ဆိုင်မှုမျိုး စသည့် ကောင်းမွန်သောစိတ်ထားများ လိုအပ်နေကြောင်း သိရသည်။ တရားမဝင် အရက်များရောင်းချခြင်းနှင့် မူးယစ်ဆေးဝါးပြဿနာသည်လည်း ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးနှင့် ကျောင်းသားကျောင်းသူများ စာရိတ္တကောင်းမွန်စေရေးတွင် အဓိကအဟန့်အတား တစ်ခုဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ စစ်တွေမြို့မှာ စာသင်ကျောင်းတွေနဲ့ နီးတဲ့နေရာတွေမှာ ဘီယာတွေ၊ အရက်တွေ ရောင်းနေတာ တွေ့ရပါတယ်။ မူးယစ်ဆေးဝါးတွေ ကျောင်းအနီးပတ်ဝန်းကျင်တွေဆီ ရောက်လာမှာကိုလည်း စိုးရိမ်မိပါတယ်။" ဟု စစ်တွေမြို့မှ ကျောင်းသားမိဘတစ်ဦးက ရင်ဖွင့်ပြသည်။

ရခိုင်ပြည်နယ်၏ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းမှာ ၂၀၁၁ ခုနှစ်တွင် ၂၆ ဒသမ ၈၁၊ ၂၀၁၂ ခုနှစ်တွင် ၂၃ ဒသမ ၈၈၊ ၂၀၁၃ ခုနှစ်တွင် ၂၁ ဒသမ ၇၁ နှင့် ၂၀၁၄ ခုနှစ်တွင် ၁၈ ဒသမ ၁၃ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ အောင်ချက်ကျဆင်းလာရခြင်းသည် ၂၀၁၂ ခုနှစ်ပဋိပက္ခနောက်ပိုင်း ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ၏ စိတ်ခံစားချက်များနှင့်လည်းဆိုင်ကြောင်း၊ မကျေနပ်မှုများ၊ စိုးရိမ်ကြောင့်ကြမှုများ စသည့် စိတ်ပိုင်းဆိုင်ရာ လုံခြုံအားနည်းချက်များနှင့်လည်း ဆိုင်ကြောင်း လေ့လာသိရသည်။



၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ် ၁၇ မြို့နယ်အတွင်း ပညာရည်နို့သောက်စို့လျက်ရှိသော ကျောင်းသားကျောင်းသူများမှာ အထက်တန်းအဆင့် ၃၁၈၂၀၊ အလယ်တန်းအဆင့် ၁၁၈၇၆၅ ဦးနှင့် မူလတန်းအဆင့် ၄၁၂၆၃၅ ဦးရှိကြောင်း သိရသည်။ ဆရာဆရာမအပိုင်းတွင်လည်း အထက်တန်းပြ ၁၆၉၇ ဦး ခွင့်ပြုထားပြီး ၁၅၁၁ ဦးရှိကာ ၁၈၆ ဦးလိုအပ်ခြင်း၊ အလယ်တန်းပြ ၆၉၉၅ ဦးခွင့်ပြုထားပြီး ၅၉၀၀ ဦးရှိကာ ၁၀၉၅ဦး လိုအပ်ခြင်း၊ မူလတန်းပြ ၆၃၁၁ ဦး ခွင့်ပြုထားပြီး ၅၆၈၈ ဦးရှိကာ ၆၂၃ ဦးလိုအပ်ခြင်းများသည် ကွက်လပ်ရှိနေကြောင်း ညွှန်ပြနေသည်။ ပြည်နယ်တစ်ခုလုံးတွင် အထက်တန်းကျောင်းခွဲ ၉၅ကျောင်း၊ အလယ်တန်း ကျောင်း ၄၈ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၈၆ ကျောင်း၊ မူလတန်း(လွန်)ကျောင်း ၅၁၀၊ မူလတန်းကျောင်း ၁၉၀၅ ကျောင်းနှင့် မူလတန်း (ခွဲ) ၁၁၆ ကျောင်းရှိကြောင်း သိရသည်။

**ရှေ့သို့ချီတက်မည်**

နိုင်ငံတော်အနေဖြင့် ကျောင်းများခိုင်ခံ့ကောင်းမွန်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်နေရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်ရှိ ကျောင်းပေါင်း ၁၀၈ ကျောင်းအတွက် ခွင့်ပြုငွေကျပ်သန်းပေါင်း ၄၆၈၁ ဒသမ ၈၀ သန်းကို အဆောက်အအုံသစ်ဆောက်လုပ်ရန် ခွင့်ပြုထားကြောင်း သိရသည်။

ဆရာနှင့်ကျောင်းသားအချိုးညီမျှစေရေး၊ ကျောင်းများတွင် ဆရာဆရာမအင်အား လုံလောက်စေရေးအတွက်လည်း ဆောင်ရွက်ပေးနေသည်။ တစ်အပေါင်းလေး (One Plus Four) စီမံချက်အရ ရခိုင်ပြည်နယ်ရှိ မူလတန်းကျောင်းများတွင် မူလတန်းပြနေ့စားလပေး ဆရာဆရာမ ၄၀၆၈ ဦးကို ဩဂုတ်လတွင် ခန့်ထားပေးမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ အတည်ပြုပြောကြားသည်။

"ကျွန်တော် ဇွန်၁ ရက်နေ့မှာ ပြည်နယ်ပညာရေးမှူးတာဝန်ကို စတင်တာဝန်ယူပါတယ်။ ရခိုင်ပြည်နယ်ပညာရေးကဏ္ဍမှာလည်း အနည်းနဲ့အများဆိုသလို လိုအပ်ချက်တွေ ရှိမှာပါ။ ၂၀၁၄ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်း အောင်ချက် ၁၈ ဒသမ ၁၃ ရာခိုင်နှုန်းရှိတယ်။ ကျတယ်လို့ ပြောကြတာပေါ့။ ၂၀၁၄ ခုနှစ် ပြည်ထောင်စုအောင်ချက်က ၃၁ ဒသမ ၆၇ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ၂၀၁၅ ခုနှစ်မှာ ပြည်ထောင်စုအောင်ချက်ကို မပြည့်မီတောင်မှ အနီးစပ်ဆုံးရောက်အောင် ကြိုးစားပေးသွားပါမယ်။ ဆရာ ဆရာမတွေ ကျောင်းတက်မှန်ကန်ရေးအတွက်လည်း မြို့နယ်၊ ပြည်နယ်ဦးစီးဌာနတွေက စစ်ဆေးပေးသွားမှာပါ"ဟု ရခိုင်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဆရာကြီး ဦးလှစိန်ထွန်းက ပြောကြားသည်။

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် အောက်တိုဘာလမှစ၍ စခန်းသွင်းလေ့ကျင့်သွားရန် စီစဉ်ထားကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့်ပူးပေါင်းကာ တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် တောရော၊ မြို့ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများကလည်း ရည်မှန်းချက်ထား ကြိုးစားကြစေလိုကြောင်း၊ မိဘများကလည်း အားပေးကြစေလိုကြောင်း၊ စေတနာရှင်များကလည်း ပြည်နယ်ပညာရေးကဏ္ဍတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ သို့မှသာ ပညာရေးကဏ္ဍချီတက်မှု အောင်မြင်လာမည်ဖြစ်ကြောင်း ၎င်းကပြောပြသည်။

ရခိုင်ပြည်နယ် ပညာရေးမြင့်မားရေးသည် ကျောင်းသား၊ မိဘ၊ ဆရာ၊ အစိုးရတွင်သာ တာဝန်ရှိသည်မဟုတ်ပေ။ ရခိုင်တစ်မျိုးသားလုံးတွင် တာဝန်ရှိပေသည်။ ရခိုင်ပြည်နယ်ပညာရေးမြင့်မားရေးအတွက် ဝိုင်းဝန်းစုပေါင်းကာ ပြိုင်တူမြှင့်တင်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်**
**ဓာတ်ပုံ-ဓညစော**

**စစ်ကိုင်းတိုင်းဒေသကြီး**

# ကျေးလက်ဒေသနေ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရန် ရက်ကန်းလုပ်ငန်းများဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိ



မုံရွာခရိုင် အရာတော်မြို့နယ် နောင်ကြီးအိုင် ကျေးရွာအုပ်စုရှိ ဘုံလက္ခတ်ကျေးရွာ ကျေးလက်ဒေသနေအမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဆင်းရဲမှုလျှော့ချရေးအတွက် ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့က ရက်ကန်းစင်များ ထူထောင်ပေးထားမှုကို တွေ့မြင်ခဲ့ရသည်။

ထိုသို့ ပြုလုပ်ဆောင်ရွက်ပေးခြင်းသည် ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ပွင့်လင်းမြင်သာစွာဖြင့် အမျိုးသားများနည်းတူ လုပ်ကိုင်စားသောက်နိုင်ရန် ပေါင်းစုလုပ်အားအကူအညီပေးရေး အဖွဲ့အစည်းက ထူထောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ရှေးလူကြီးများပြောသော စကားသံကို ကြားခဲ့ဖူးသည်။ စာမတတ်လျှင် အကန်း။ ရက်ကန်းမခတ်တတ်လျှင် အကျိုးဟူ၍ပင်။ အခုတော့ ယင်းကဲ့သို့ မဟုတ်တော့ပါ။ အသိပညာ၊ အတတ်ပညာများ လေ့လာနိုင်ရန် ကျေးလက်ဒေသများမှစာကြည့် တိုက်များရှိလာခြင်းကြောင့် စာပေလည်း ဖတ်၊ ရက်ကန်းလည်းခတ် အရိပ်ထဲတွင် လုပ်ကိုင်နေရပါသည်။ ရက်ကန်းခတ်ရာတွင် ချည်တစ်လိပ်ကို ငွေကျပ် ၆၀၀ ဖြင့် ပေးဝယ်ရပြီး ချည်တစ်လိပ်ကို လုံချည်တစ်ကွင်းရရှိ၍ နားနားနေနေရက်လုပ်လျှင် တစ်နေ့ လုံချည်တစ်ကွင်းပြီးသည်။ လုံချည်ကွင်းများစု၍ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာသို့ ဖောက်သည်သွားသွင်းလျှင် တစ်ကွင်းလျှင် ဖောက်သည်ဈေး ငွေကျပ် ၄၅၀၀ ရရှိပြီး ရောင်းဈေး ငွေကျပ် ၆၅၀၀ ကျပ်ရရှိ၍ တစ်နေ့လုံချည် တစ်ကွင်းရက်ပြီးလျှင် ရက်လုပ်သူတို့အတွက် လုပ်အားခအမြတ်ငွေ ငွေကျပ် ၃၀၀၀ ကျန်ရှိသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေပါကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

# KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက်

**(၁၃၅) ဘဏ်ခြောက် သုံးဆယ်ဘဏ်ခွဲ ကို**

၃၀.၇.၂၀၁၄ (ဗုဒ္ဓဟူးနေ့) တွင် လည်းကောင်း

**(၁၃၆) ဘဏ်ခြောက် လှိုင်သာယာဘဏ်ခွဲ (၂) ကို**

၃၁.၇.၂၀၁၄ (ကြာသပတေးနေ့) တွင် လည်းကောင်း

ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

**သုံးဆယ်ဘဏ်ခွဲ**

အမှတ်(၂၃၄)၊ ရန်ကုန်-ပြည်လမ်းမကြီး၊
အနောက်လက်ပံခုန်ရပ်ကွက်၊ သုံးဆယ်မြို့၊
ပဲခူးတိုင်းဒေသကြီး။
ဖုန်း – (၀၅၅) ၃၀၄၀၅၊ ၃၀၄၀၇
ဖက်စ် – (၀၅၅) ၃၀၄၀၆
www.kbzbank.com

**လှိုင်သာယာဘဏ်ခွဲ(၂)**

အမှတ်(၂/စ)၊ အနော်ရထာလမ်း၊
လှိုင်သာယာမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – (၀၁) ၉၆၄၈၁၃၃၊ ၉၆၄၈၁၃၄
ဖက်စ် – (၀၁) ၉၆၄၈၁၃၆၊ ၉၆၄၈၁၃၇
www.kbzbank.com

မြန်မာ့အလင်း
ပြည်သူပိုင်သတင်းစာ
၁-၈-၂၀၁၄ (သောကြာနေ့)

# Hungarian Grand Prix ယှဉ်ပြိုင်နေစဉ်အတွင်း အသင်းတာဝန်ရှိသူများ ညွှန်ကြားမှုကို အံ့အားသင့်ခဲ့ရကြောင်း မာစီဒီးစ်အသင်းသား ဟာမီလ်တန် ဖွင့်ဟ

ထက်အောင်



ပြီးခဲ့သည့် ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့သော ၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲရာသီ၏ Hungarian Grand Prix ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ် မာစီဒီးစ် အသင်းတာဝန်ရှိသူများ၏ ညွှန်ကြားမှုကို အံ့အားသင့်ခဲ့ရသည်ဟု မာစီဒီးစ်အသင်းသား လူးဝစ်ဟာမီလ်တန်က ထုတ်ဖော်ပြောကြားလိုက်သည်။

Hungarian Grand Prix ပြိုင်ပွဲ တွင် ဟာမီလ်တန်က တတိယနေရာဖြင့် ပန်းဝင်ခဲ့ပြီး မာစီဒီးစ်အသင်းဖော်ဖြစ်သူ နီကိုရော့ဘတ်စ်က စတုတ္ထနေရာဖြင့် ပန်းဝင်ခဲ့သည်။ နီကိုရော့ဘတ်စ်သည် ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သည့် ယခုနှစ် ဖော်မြူ လာဝမ်းပြိုင်ပွဲရာသီ၏ ပြိုင်ပွဲ ၁၁ ပွဲ အနက် လေးပွဲတွင် ဗိုလ်စွဲထားသူဖြစ်သည်။

Hungarian Grand Prix ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေစဉ်အတွင်း အသင်းတာဝန်ရှိသူများက နီကိုရော့ဘတ်စ် ကျော်တက်ခွင့်ရရန် ဟာမီလ်တန်အား ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဟာမီလ်တန်က အသင်းတာဝန်ရှိသူများ၏ ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိခဲ့ဘဲ "နီကိုရော့ဘတ်စ်အတွက် ကျွန်တော့်ရဲ့အရှိန်ကို လျှော့ချမပေးနိုင်ဘူး။ ကျွန်တော့်ကို သူကျော်တက်နိုင်မယ်ဆိုရင် ကျော်တက်သွားပါ"ဟု ပြန်လည် ပြောကြားခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဟာမီလ်တန်က "ဒီလိုညွှန်ကြားချက်မျိုးရရှိခဲ့လို့ အံ့အားသင့်မိပါတယ်။အသင်းတာဝန်ရှိသူတွေက ကျွန်တော့်ကို အဲဒီလိုမျိုး သုံးကြိမ်တောင် ညွှန်ကြားခဲ့ပါတယ်။ **စာမျက်နှာ ၂ သို့**

# နှစ်နှစ်ကြာဆုဖလားလက်မဲ့ကာလကို Baku Cup နှစ်ယောက်တွဲ ချန်ပီယံဆုဖြင့် ဟာသာဝက်ဆန် အဆုံးသတ်

ဆုဖလားနှင့် နှစ်နှစ်ကြာ ကင်းကွာနေခဲ့သူ ဗြိတိန် နံပါတ် (၁) တင်းနစ်မယ် ဟာသာဝက်ဆန်သည် ၂၀၁၄ ခုနှစ် Baku Cup တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွင် ချန်ပီယံဆုရယူပြီး ဆုဖလားလက်မဲ့ကာလကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

အဇာဘိုင်ဂျန်နိုင်ငံတွင် ကျင်းပသည့် Baku Cup တင်းနစ်ပြိုင်ပွဲသည် အမျိုးသမီးတင်းနစ်အဖွဲ့ချုပ်ပြိုင်ပွဲများ (WTA Tour) အနက်မှ တစ်ပွဲဖြစ်ပြီး ၂၀၁၄ ခုနှစ် Baku Cup တင်းနစ်ပြိုင်ပွဲကို ပြီးခဲ့သည့် ဇူလိုင်လ ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဝက်ဆန်(၂၂ နှစ်)သည် နှစ်ယောက်တွဲပြိုင်ပွဲ၌ ရုရှားနိုင်ငံသူ အလက်ဇန်ဒါပါနိုဗာနှင့် တွဲဖက် ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲ၌ အစ္စရေးနိုင်ငံသူ ရှာဟာပီနှင့် ရိုမေနီးယားနိုင်ငံသူ အိုလာယူတို့အတွဲကို ၆-၂၊ ၇-၆ (၇-၃) ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဝက်ဆန်သည် ယခုနှစ် Baku Cup တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ပထမအဆင့်၌ပင် ပြင်သစ်နိုင်ငံသူ အမ်လာဒီနိုဗစ်ကို ၂-၆၊ ၆-၃၊ ၀-၆ ဖြင့် အရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသူဖြစ်သည်။ ယခုနှစ် Baku Cup တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွင် ရရှိခဲ့သည့် ချန်ပီယံဆုသည် ဝက်ဆန်အတွက် လေးခုမြောက် WTA ချန်ပီယံဆုဖြစ်သည်။ ဝက်ဆန်သည် WTA နှစ်ယောက်တွဲပြိုင်ပွဲ ချန်ပီယံဆုကို သုံးကြိမ်၊ တစ်ဦးချင်းဆုကိုတစ်ကြိမ် ရရှိထားပြီးဖြစ်သည်။

> ဗြိတိန် နံပါတ် ၁ တင်းနစ်မယ် ဟာသာဝက်ဆန်သည် ၂၀၁၄ ခုနှစ် Baku Cup တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွင် ချန်ပီယံဆုရယူပြီး ဆုဖလားလက်မဲ့ကာလကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်.....

၂၀၁၄ ခုနှစ် Baku Cup တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲတွင် ယူကရိန်းနိုင်ငံသူ အီလီနာဆဗီတိုလီနာက ဆားဘီးယားနိုင်ငံသူ ဘိုဂျာနာဂျာဗာနိုဗစ်စကီအား ၆-၁၊ ၇-၆ (၇-၂)ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ကမ္ဘာ့အဆင့် (၃၇)ရှိသူ ဆဗီတိုလီနာသည် ၂၀၁၃ ခုနှစ်က Baku Cup တင်းနစ်ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့သူဖြစ်သည်။

Baku Cup တင်းနစ်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်ပြိုင်ပွဲ၏ တစ်ဦးချင်း ချန်ပီယံဆုကို ရုရှားနိုင်ငံသူ ဗိုဗိုနာရီဗာကလည်းကောင်း၊ ၂၀၁၂ ခုနှစ် ပြိုင်ပွဲ၏ တစ်ဦးချင်းချန်ပီယံဆုကို ဘိုဂျာနာဂျာဗာနိုဗစ်စကီကလည်းကောင်း ရရှိခဲ့သည်။ ■**အောင်က**



Heather Watson



Elina Svitolina